# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)


၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၆ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၁၅)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်ဘုရင်မကြီးနှင့် တွေ့ဆုံ

**လန်ဒန် မေ ၅**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ တရားဝင်ခရီးရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံ တော်ဝင်အိမ်ရှေ့စံဝေလမင်းသား ချားစ်နှင့် ကြင်ရာတော်မင်းသမီး ကမ်မီလာတို့နှင့် ယနေ့ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် Clarence House ၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းတို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗြိတိန်နိုင်ငံ ဘုရင်မကြီး အဲလိဇဘတ်နှင့်


*စာမျက်နှာ ၃ ကော်လံ ၄* ❍




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ ဘုရင်မကြီး အဲလိဇဘတ်နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ် (သတင်းစဉ်)

**တပ်မတော်အနေဖြင့် KNU နှင့်ပူးပေါင်း၍ အများပြည်သူ အသုံးပြုသည့် နေရာများတွင် မိုင်းစတင်ရှင်းလင်းမည်ဖြစ်**


စာ » ၈


**နိုင်ငံ့ခေါင်းဆောင်ကို ဇီဝဓာတုလက်နက်ဖြင့် တိုက်ခိုက်ရန်ကြံစည်ခဲ့သည်ဟု စီအိုင်အေ သတင်းဌာနအား မြောက်ကိုရီးယားစွပ်စွဲ**


စာ » ၁၀


**ဘူးသီးတောင်မြို့၌ ပြည်သူများအပန်းဖြေရန် ခေတ်မီပန်းခြံသစ်တစ်ခု စတင်အကောင်အထည်ဖော်**


စာ » ၁၁





မြန်မာ့အလင်း

# အဓိက မဟာမိတ်တို့၏ ကြန်အင်္ဂါ

ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့်လုံခြုံရေးမူဝါဒ အကြီးအကဲက ရောမစာချုပ် နှစ် (၆၀) မြောက်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပေးပို့ခဲ့သော အမှာစကားအပေါ် အထူးအလေးထား အသိအမှတ်ပြုစကားပြောကြားခဲ့ပါသည်။ ဤအချက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံတကာမျက်နှာစာတွင် ရရှိပိုင်ဆိုင်ထားသော ဂုဏ်သိက္ခာနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် နိုင်ငံတကာ၏ မျှော်လင့်အားတက်မှုတို့ကို ထင်ဟပ်ဖော်ဆောင်နေပါသည်။ ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် ယုံကြည်အသိအမှတ်ပြုသည့်နည်းတူ မြန်မာနိုင်ငံကလည်း ဥရောပသမဂ္ဂအပေါ် တူညီသော ယုံကြည်အသိအမှတ်ပြုမှုကို ပြသခဲ့ပါသည်။ ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးစာချုပ်ဖြစ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ၌ လက်မှတ်ရေးထိုးခွင့်ရသည့် အနည်းငယ်သော နိုင်ငံတကာအသိသက်သေများအနက်မှ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဟူသည် မည်သည့်နိုင်ငံ၌မဆို ကြီးမားသော အခက်အခဲများကြားမှ စိတ်ရှည်ရှည်ဖြင့် ကာလရှည်ကြာ အကောင်အထည်ဖော်ရသော လုပ်ငန်းစဉ်များဖြစ်ပါသည်။ ဤကဲ့သို့သော လုပ်ငန်းစဉ်များ၌ ဥရောပသမဂ္ဂသည် ဒေါ်အောင်ဆန်းစုကြည်၏စွမ်းအား၊ ယုံကြည်ချက်နှင့် နိုင်ငံရေးခေါင်းဆောင်မှုအပေါ် ယုံကြည်အားကိုးကြောင်း ထင်ရှားစွာဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ ဤယုံကြည်အားကိုးမှုကို ထပ်ဆင့်ဖော်ပြခဲ့သည့်အနေဖြင့် ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့ကို နိုင်ငံရေးအရသာမက ဘဏ္ဍာငွေကြေးအရပါ တတ်စွမ်းသမျှသောနည်းလမ်းများဖြင့် ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပမည့် အာရှ-ဥရောပအစည်းအဝေး (Asia-Europe Meeting -ASEM) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သဘာပတိအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါအစည်းအဝေး (ASEM) သို့ ဥရောပသမဂ္ဂမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်မည်ဖြစ်၍ ဥရောပသမဂ္ဂနှင့် အာဆီယံတို့အကြား ဆက်ဆံရေးခိုင်မာလာသည့်နည်းတူ မြန်မာနိုင်ငံသည်လည်း ဥရောပသမဂ္ဂ၏ အဓိကမိတ်ဖက်အဖြစ် ဆက်လက်ရပ်တည်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များ ခိုင်မာလာရေးကိစ္စရပ်များ၌ ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အသိအမှတ်ပြုသကဲ့သို့ လေးစားချစ်ကြည်နားလည်မှုဖြင့် အားပေးမှုများပြုလုပ်နေခြင်းသည် မိတ်ဆွေကောင်းတို့၏ စိတ်ဓာတ်ကို ဖော်ပြနေခြင်းဖြစ်ပါသည်။

တစ်ခုတည်းသော ဦးတည်ချက်ပန်းတိုင်အတွက် ဆောင်ရွက်လျက်ရှိသော မိတ်ဆွေကောင်းတို့ဖြစ်သော်လည်း လုပ်နည်းလုပ်ဟန်များနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများ ရှိတတ်သည်မှာ လောကသဘာဝဖြစ်ပါသည်။ သို့သော် ကိုဖီအာနန်အစီရင်ခံစာပါ ဖော်ပြအကြံပြုချက်များနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဆုံးဖြတ်ချက်များနှင့် ထောက်ခံမှုများအပေါ် ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒအကြီးအကဲက ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့ခြင်းသည် ရှေ့လာမည့်အနာဂတ်ခရီးလမ်း၌ အဓိကမိတ်ဖက်များအဖြစ် ဆက်လက်ရပ်တည်မည်ကို အတည်ပြုလိုက်ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့၏ အဓိကမဟာမိတ်များအဖြစ် လက်တွဲဆောင်ရွက်နေမှုကို ဂုဏ်ပြုကြိုဆိုကြောင်း လေးစားစွာဖော်ပြအပ်ပါသည်။ ။

စာပေမြင့်မှ
လူမျိုးတင့်မည်

## လေပွေလှိုင်းများ၏ အရှိန်ကြောင့် မိုးရွာခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၅**

ယနေ့မွန်းလွဲ ၁ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အရ အရှေ့ဘက်နှင့် အနောက်ဘက်တို့မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၇၂ နာရီအတွင်း စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးများကြွေခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် အထက်ဖော်ပြပါ မိုးလေဝသဖြစ်စဉ်များကို အထူးဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**




## Scientific Literacy Award ဆုပေးပွဲကျင်းပမည်

**နေပြည်တော် မေ ၅**

မြင့်မြင့်ခင်ဖောင်ဒေးရှင်းက ဒုတိယအကြိမ် Scientific Literacy Award ဆုပေးပွဲကို ရန်ကုန်မြို့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံစုဝေးခန်းမ၌ မေ ၇ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ပြီး Curosity Science Magazine တည်ထောင်သူနှင့် ယင်းမဂ္ဂဇင်း ထုတ်ဝေရန်ကြိုးပမ်းခဲ့သော မျိုးဆက်သစ်လူငယ်များအား ဆုချီးမြှင့်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

## ISO 9001 2015 (Quality Management System) လက်မှတ် မြန်မာနိုင်ငံတွင် FDA မှ ပထမဆုံးရရှိ

**နေပြည်တော် မေ ၅**

**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန စီမံရေးရာနှင့် စီမံကိန်းဌာနခွဲအတွက်** British Standard Institute (BSI) **မှ ချီးမြှင့်သော** ISO 9001 2015 (Quality Management System) **လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က အမှာစကားပြောကြားသည်။

ထို့နောက် ဘရူနိုင်းနိုင်ငံမှ Peplow Warren Management Co,.Ltd မှ Consultant ဦးသန်းထွန်း က ISO 9001 2015 (Quality Management System) လက်မှတ်ကိုပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ် က လက်ခံရယူသည်။

ဘရူနိုင်းနိုင်ငံမှ Peplow Warren Management Co,.Ltd မှ Consultant ဦးသန်းထွန်းက "အကောင်းဆုံးဖြစ်တာက သူတို့တွေကို ကြိုတင်လေ့ကျင့်မှုတွေ လုပ်ခိုင်းတယ် အချင်းချင်း ပြန်လည်စစ်ဆေးတာ၊ မှတ်တမ်းတင်တာတွေရှိတော့ ပိုပြီး စနစ်ကျသွားတယ်၊ စည်းကမ်းလည်း ပိုရှိသွားပါတယ်။ သူတို့ကို လက်မှတ်ပေးတဲ့ဌာနက လာပြီးစစ်ဆေးပါတယ်။ ကျွန်တော်သိရသလောက်က မြန်မာနိုင်ငံအတွက် 2015 က ပထမဦးဆုံးပါ။ နောက်နှစ်ဆိုရင် 2008 က သက်တမ်းလွန်သွားပါပြီ။ 2008 ရထားတဲ့ ကုမ္ပဏီတွေက နောက်နှစ် စက်တင်ဘာမတိုင်ခင် Version မြှင့်ရမှာပါ။ အစိုးရဌာနအနေနဲ့ကတော့ ဒီဌာနတစ်ခုပဲ ဆုရတာရှိပါသေးတယ်" ဟု ပြောသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းလင်းအောင် က "ကျွန်တော်တို့အဖွဲ့အစည်းရဲ့ မှတ်တိုင်တစ်ခုပါ။ မြန်မာနိုင်ငံမှာ ဘယ်အစိုးရအဖွဲ့အစည်းမှာမှ BSI ကပေးတဲ့ ISO 9001 2015 လက်မှတ်မရှိသေးပါဘူး။ ကျွန်တော်တို့ဌာနက ပထမဦးဆုံးရတာပါ။ ISO 9001 2008 က ကျွန်တော်တို့ရတဲ့ 2015 နဲ့ မတူပါဘူး။ ခုနှစ် နှစ် ကွာပါတယ်။ ကျွန်တော်တို့က 2015 Update လုပ်ထားတာကို ရတာပါ။ လက်မှတ်တစ်ခုရထားရင် သူ Version မြှင့်လိုက်တိုင်း ကျွန်တော်တို့က လိုက်မြှင့်ရပါတယ်။ 2008 နဲ့ ကြော်ငြာထားတာတွေက မကိုက်ညီတော့ပါဘူး။ နှစ်စဉ်လည်း Update လုပ်သွားပါမယ်။ ဒီလက်မှတ်ကို ရဖို့အတွက် ကိုယ့်အားကိုယ်ကိုးပြီး ကြိုးစားတာပါ။ ကျွန်တော်တို့က တကယ်လုပ်ခဲ့တာဖြစ်လို့ ဒီလက်မှတ်ကို ရတာပါ။ ဒီလက်မှတ်ရအောင် ကျွန်တော် ပါဝင်ကြိုးစားခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူဖြစ်ရပါတယ်" ဟု ပြောသည်။

"ဆရာ ဦးသန်းထွန်းနဲ့ ကျွန်တော်တို့ ပူးပေါင်းပြီးတော့ ဒီ FDA ကို ISO ရဖို့အတွက် လိုအပ်တာလေးတွေ ကူညီခဲ့ပါတယ်။ System ရှိပြီးသားကို Version မြှင့်တာပါ။ ဝန်ကြီးဌာနအနေနဲ့ တကယ်အလုပ်ဖြစ်တဲ့ System ဖြစ်အောင် 9001 2008 ကို 9001 2015 မြှင့်တာက ဒီအစိုးရနဲ့ ပထမဆုံး မိတ်ဆက်တာပါ" ဟု FDA မှ ISO လက်မှတ်ရရှိအောင် ကူညီပေးခဲ့သည့် Nanova Group of Companies မှ Board of Director ဦးဉာဏ်ဟိန်းအောင်က ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၅-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၇၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၇ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၈၉ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၈ ・ ၈၇ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ・ ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၁၃ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၂ ・ ၈၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



❍ ရှေ့ဖုံးမှ

ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် Buckingham နန်းတော်၌ ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဗြိတိန်နိုင်ငံ ဘုရင်မကြီး အဲလိဇဘတ်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

## ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဗြိတိန်နိုင်ငံ တော်ဝင်အိမ်ရှေ့စံ ဝေလ မင်းသား ချားစ်နှင့် ကြင်ရာတော် မင်းသမီး ကမ်မီလာတို့က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**

(သတင်းစဉ်)

## သံအမတ်ကြီး ဦးကိုကိုနိုင် လာအိုသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၆**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုနိုင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် မေ ၄ ရက်တွင် ဗီယင်ကျန်း မြို့၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ် ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အီတလီဝန်ကြီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

**ဗြိတိန် (လန်ဒန်) မေ ၅**

ရောမမြို့၌ တရားဝင်ခရီးရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အီတလီဝန်ကြီးချုပ် H.E. Mr. Paolo Gentiloni က ယမန်နေ့ ညနေပိုင်းတွင် ရောမမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

**ပူးပေါင်းဆောင်ရွက်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အီတလီဝန်ကြီးချုပ်တို့သည် ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကျော်တင်၊ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လန်ဒန် ရောက်ရှိ**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ည ၇ နာရီတွင် အီတလီနိုင်ငံ ရောမမြို့ Fiumicino အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ ဒေသစံတော်ချိန် ည ၉ နာရီ ၁၀ မိနစ်တွင် ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်း၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး၏ အထူးကိုယ်စားလှယ် Mr.Bill Henderson ၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်နှင့် တာဝန်ရှိသူများက ဟီးသရိုးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ Dorchester Hotel သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အီတလီဝန်ကြီးချုပ် H.E. Mr. Paolo Gentiloni တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်**

(သတင်းစဉ်)



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အီတလီဝန်ကြီးချုပ် H.E. Mr. Paolo Gentiloni တို့ တွေ့ဆုံဆွေးနွေးစဉ်**

(သတင်းစဉ်)

# မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (MPU) အစည်းအဝေး (၂/၂၀၁၇) ကျင်းပ

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union- MPU) အစည်းအဝေး (၂/၂၀၁၇)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ပြီးခဲ့သည့် အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၇) ၏ဆုံးဖြတ်ချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံး အသီးသီးပြင်ဆင်ဖွဲ့စည်းရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လွှတ်တော်ရုံးများ ဖွဲ့စည်းပုံအသစ်ကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆန္ဒပြုဝန်ထမ်းများ လွှဲပြောင်းတာဝန် ထမ်းဆောင်ခွင့်ရရှိရေးအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ အရာထမ်းများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့လည်းကောင်း၊ အမှုထမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ လည်းကောင်း တင်ပြဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ရုံးများတွင် တွဲဖက်တာဝန် ထမ်းဆောင်ရန် လိုအပ်မည့် ရာထူးအလိုက် အင်အားစာရင်းနှင့် ထပ်မံဖြည့်စွက်ခန့်ထားရန် လိုအပ်သည့် ရာထူးအလိုက်စာရင်းကိုလည်း ပြုစုပေးရန် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးအားလုံးသို့ တောင်းခံထားပါကြောင်း။



ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ကော်မရှင်နှင့် MPU အဖွဲ့ဝင်များ ညှိနှိုင်းရေးဆွဲခဲ့သည့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို ယခုအစည်းအဝေးတွင် အတည်ပြုနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်နှင့် ပဋ္ဌမပုံမှန်အစည်းအဝေး၌ တင်သွင်းဆွေးနွေးနိုင်ရန် လျာထားကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်သည် ဒီမိုကရေစီနိုင်ငံ၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သိရှိဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံရေးတည်ငြိမ်ပျက်ပြားမှုများကိုဖြစ်စေမည့် ကောလာဟလသတင်းဖြန့်မှုများ ရှိနေပါကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင် လွှတ်တော်၏ အခန်းကဏ္ဍသည် များစွာအရေးကြီးပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့် အခွင့်အရေးများကို ဥပဒေနှင့်အညီဖြစ်စေရန် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများမှ နည်းလမ်းတကျ တည့်မတ်ပေးစေလိုကြောင်း၊ ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးအစိုးရတို့အကြား တတ်နိုင်သမျှ ပိုင်းခြားဆောင်ရွက်ခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်း လုပ်ငန်းစဉ်များကို မှန်မှန်ကန်ကန် ထိထိရောက်ရောက်ဖြစ်အောင် ဆောင်ရွက်စေလိုကြောင်း၊ တင်ဒါခေါ်ယူခြင်း လုပ်ငန်းများတွင်လည်း အဂတိလိုက်စားမှု ကင်းကင်းရှင်းရှင်းဖြင့် မှန်ကန်စွာ ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့အပြင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့အစည်းအဝေး(၁/၂၀၁၇) ဆုံးဖြတ်ချက်များအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဇော်မြင့်ဖေက ၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၅။) ပါ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန် လိုအပ်မှုအခြေအနေကို ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ရုံးအဖွဲ့မှူး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ ပြင်ဆင်ဖွဲ့စည်းနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြခြင်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်အကြံပြုဆွေးနွေးခြင်း၊ အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းနှင့် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

# လူမှုဝန်ထမ်းဦးစီးဌာန၏ သင်တန်းကျောင်း/ဌာနငယ်များမှ ကလေးများအား အာဟာရပိုမိုပြည့်ဝစေရန် တစ်နေ့တာစားစရိတ် နိုင်ငံတော်ကတိုးမြှင့်ချထား

**နေပြည်တော် မေ ၅**

လူမှုဝန်ထမ်းဦးစီးဌာန၏ သင်တန်းကျောင်း/ဌာနငယ်များမှ ကလေးများအား အာဟာရပိုမိုပြည့်ဝစေရန် တစ်နေ့တာစားစရိတ် နိုင်ငံတော်က တိုးမြှင့်ချထားခဲ့ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ သင်တန်းကျောင်း/ဌာနငယ်မှ ကလေးများအတွက် တစ်နေ့တာစားစရိတ်ကို ယခင် တစ်ဦးလျှင် ငွေကျပ် ၄၃၂ မှ ယခု ၁၀၀၀ သို့ တိုးမြှင့်ခဲ့သဖြင့် ထိရောက်စွာ အာဟာရပြည့် ကျွေးမွေးနိုင်ရန်အရေးကြီးကြောင်း၊ ကလေးငယ်များ၏ အသက်အရွယ်နှင့် ကိုယ်အလေးချိန်အလိုက် အာဟာရတန်ဖိုးများကို တွက်ချက်၍ ကျွေးမွေးရန်စီစဉ်ထားကြောင်း၊ ကလေးများ၏ ခန္ဓာကိုယ်ကြီးထွားမှုနှင့် ဦးနှောက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဟာရသည် အရေးကြီးကြောင်း၊ ကလေးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာဆောင်ရွက်ခြင်းသည် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရန်မှာ သင်တန်းကျောင်း/ဌာနငယ်များမှ ဝန်ထမ်းများ၏ ရိုးသား၊ ကြိုးစားမှုဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် လူငယ်သင်တန်းကျောင်းများ၊ အမျိုးသမီးကျောင်းများ၊ မသန်စွမ်းကျောင်းများ၊ ကလေးပြုစုရေးဌာနများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများ၊ လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာများမှ တာဝန်ခံများ တက်ရောက်ခဲ့ကြကာ သင်တန်းကာလများအတွင်း အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားတတ်မြောက်စေပြီး လူ့အသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်ရေးစီမံချက်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တိမ်အနည်းငယ်ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်ဘေးရီးယားသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

**နေပြည်တော် မေ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လိုက်ဘေးရီးယားသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ပါ မူကြီးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကို အခြေခံပြီး သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းနှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက် ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့် အားလျော်စွာ ၂၀၁၇ ခုနှစ် မေ ၅ ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန် အဆက်အသွယ်ထူထောင်ကြသည်။

နှစ်နိုင်ငံသံတမန်အဆက်အသွယ် ထူထောင်သည့် ပူးတွဲကြေညာချက်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ လိုက်ဘေးရီးယားသံအမတ်ကြီးတို့သည် ၂၀၁၇ ခုနှစ် မေ ၅ ရက်တွင် ပေကျင်းမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လိုက်ဘေးရီးယားသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ၁၁၉ နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့်နိုင်ငံဖြစ်သည်။ **(သတင်းစဉ်)**

# (၇၁) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ပြည် မေ ၅**

(၇၁) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ခရိုင်အဆင့်အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ ရွှေကူရပ်ကွက် စစ်ကဲလမ်းရှိ အထက (၁) ကျောက်တိုင်ကွင်း၌ မေ ၅ ရက် နံနက် ၈ နာရီကကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက (၇၁)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းကို ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ခရိုင်အဆင့် စံပြစခန်းဆုနှင့် မီးလောင်မှုအနည်းဆု စံပြမြို့နယ်ဆု၊ ဗဟိုမီးသတ်သင်တန်းကျောင်းနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်တို့တွင် ဖွင့်လှစ်သည့်သင်တန်းများတွင် ဆုရရှိခဲ့သော ခရိုင်တွင်းတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးပြီး ပေါင်းတည် မြို့နယ်မီးသတ်စခန်းမြေနေရာ လှူဒါန်းခြင်း၊ အဆောက်အအုံလှူဒါန်းခြင်းနှင့် ပြည်မြို့အရန်မီးသတ်စခန်းများသို့ မီးသတ်ယာဉ်လှူဒါန်းခြင်းတို့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအား စိတ်ဓာတ်၊ စည်းကမ်းဆုများ ချီးမြှင့်ပေးသည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းတို့ကို သရုပ်ပြလုပ်ဆောင်ခဲ့ကြပြီး ယင်းနောက် မီးသတ်ယာဉ်တန်းများဖြင့် မြို့လယ်ရှိ ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုသို့ သွားရောက်ကာ အလေးပြု၍ မီးသတ်ပိုက်များဖြင့် ရေများ ဖျန်းပက်ခဲ့ကြသည်။ **(ယာပုံ)**

**(ခရိုင် ပြန်/ဆက်)**



# ပြည်သူနှင့်အတူ

❊ *ကျောဖုံးမှ*

ယာယီအမိုးအကာ ပြုလုပ်ခြင်းလုပ်ငန်း၊ ယာယီငြမ်းဆင်၍ ငြမ်းဖြင့်ညှပ်ထိန်းခြင်းလုပ်ငန်း၊ အက်ကြောင်းများ ဖာထေးခြင်းလုပ်ငန်း၊ အတွင်း/အပြင်မှ ယာယီဒေါက်ဖြင့် ထိန်းခြင်းလုပ်ငန်း၊ အလေးဝန်လျော့စေရန် ပျက်စီးအစိတ်အပိုင်းများ ရှင်းလင်းခြင်းလုပ်ငန်း၊ ယာယီရေပိတ်လွှာပြုလုပ်ခြင်းလုပ်ငန်း၊ နံရံပန်းချီများ ကြံ့ခိုင်အောင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ရှေးမူမပျက် ဆက်လက်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်၌ ကျင်းပသည့် ပုဂံဒေသငလျင်ဒဏ်သင့် စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အလှူငွေ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တ အရှင်ဉာဏိဿရ သာရဏီယသြဝါဒကထာကို မြွက်ကြားချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ငလျင်ဒဏ်ကြောင့် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံ စေတီ၊ ပုထိုး ၃၈၉ ဆူ ပျက်စီးဆုံးရှုံးခဲ့ပါကြောင်း၊ ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံ စေတီ၊ ပုထိုးများကို အရေးပေါ် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများ၊ ဒေသခံများ၊ ရဟန်းသံဃာ၊ သီလရှင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသအသီးသီးရှိ ပရဟိတအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း အရေးပေါ်ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ပြီးစီးခဲ့ပါကြောင်း။

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများ ပြန်လည်ထိန်းသိမ်းရာတွင် ပြည်သူလူထုတစ်ရပ်လုံး၏ လှူဒါန်းငွေ၊ လုပ်အားဒါနပံ့ပိုးမှုများကြောင့် နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းမှုအစုစုအတွက် အထူးပင်ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အတူ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ငလျင်ဒဏ်သင့်ခဲ့သည့် ရှေးဟောင်းအဆောက်အအုံများအား မှတ်တမ်းတင်ပုံထုတ်ခြင်း၊ မြေပုံထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံလေကြောင်း




ဒုတိယသမ္မတ ဦးမြင့်ဆွေ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့သော ပုဂံဘုရားများ ပြုပြင်မွမ်းမံရန်အတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ် (သတင်းစဉ်)

နှင့် အာကာသပညာတက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ကူညီထောက်ပံ့ခဲ့ကြသည့် ပြည်သူများ၊ ရဟန်းသံဃာများ၊ သီလရှင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ အနယ်နယ်အရပ်ရပ်မှ ပရဟိတအဖွဲ့များ၊ ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ဌာနလုပ်ငန်းများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ငလျင်ဒဏ်သင့် စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် FM ပုဂံမိသားစုက ငွေကျပ် ၁၂၆ သိန်းကို လည်းကောင်း၊ ဦးကျော်မိုးနိုင်နှင့်ဇနီး ဒေါ်ချိုလွင်ဦး(Myanmar Easenet Co.,Ltd. နှင့် Krislite Co.,Ltd.)တို့က ငွေကျပ် သိန်း ၁၀၀ ကို လည်းကောင်း၊ မှတ်တမ်းတင်ပုံထုတ်ခြင်း၊ မြေပုံထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတကာလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု မှတ်တမ်းများကိုလည်းကောင်း လွှဲပြောင်းပေးအပ်လှူဒါန်းကြရာ ဒုတိယသမ္မတက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဦးဆောင်ပြုပြင်မွမ်းမံထိန်းသိမ်းမည့် မြစည်းခုံစေတီတော်အတွက် ဦးစိုးပိုင်နှင့်ဇနီး ဒေါ်ခင်မြတ်ဆွေ(Paing Family International Co.,Ltd)က ငွေကျပ် သိန်း ၁၀၀၊ ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ကြည်ဝင်း(အောင်သောင်းကုမ္ပဏီလီမိတက်)က ငွေကျပ် သိန်း ၁၀၀ နှင့် ဦးအောင်မျိုးမင်းဒင်နှင့်ဇနီး မိသားစု (Amazing Hotel Group) က ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ ငလျင်ဒဏ်သင့် စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ဦးမြင့်အောင်နှင့်သား ကိုထွန်းလင်းအောင် (အောင်ဂေဟာ)မိသားစုက ငွေကျပ် သိန်း ၁၀၀၊ ဦးအောင်မြတ် (Mother Trading and Construction Co.,Ltd.)က ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိပစ္စည်းများ၊ ဂျပန်နိုင်ငံရှိ Asia Pacific Ladies Friendship အဖွဲ့နှင့် Ms. Huang Wei တို့က ငွေကျပ် ၅၈ သိန်း၊ ကိုတင်ထွန်းဦး (Trusty Family Co.,Ltd.)က ငွေကျပ်သိန်း ၅၀၊ Tharabar Gate Hotel Bagan (Kappa International Ltd)က ငွေကျပ် သိန်း ၅၀၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်မှ ဒေါ်စန်းစန်းကြည်က ငွေကျပ် သိန်း ၅၀၊ MJ Link Company Director Yasunori Suzuki က ငွေကျပ် ၃၂ ဒသမ ၆၄၇ သိန်း၊ ၁၉၈၂ ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားကျောင်းသူများက ငွေကျပ် ၃၁ သိန်း၊ ဦးမောင်မောင်ထွန်း (စိတ္တသုခလူမှုကူညီရေးအသင်း)က ငွေကျပ် ၂၀ ဒသမ ၂ သိန်းတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လက်ခံကြပြီး အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ပုဂံရှေးဟောင်းယဉ်ကျေးမှု ပြတိုက်၌ ဆက်လက်ကျင်းပသည့် ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတက ပုဂံယဉ်ကျေးမှုနယ်မြေသည် မြန်မာတို့၏ နှလုံးသား၊ မြန်မာနိုင်ငံ၏ အထင်ကရနယ်မြေဖြစ်သည့်အပြင် နိုင်ငံတကာက အထူးစိတ်ဝင်စားသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ ဩဂုတ် ၂၄ ရက် ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့သည်။

ရှေးဟောင်းစေတီ၊ ပုထိုးများကို ပြန်လည်ပြုပြင်ထိန်းသိမ်းရာတွင် ပထမဦးစားပေး ပြုပြင်ထိန်းသိမ်းရန် ၃၆ ဆူ၊ ဒုတိယဦးစားပေး ပြုပြင်ထိန်းသိမ်းရန် ၅၃ ဆူ၊ တတိယဦးစားပေး ပြုပြင်ထိန်းသိမ်းရန် ၇၆ ဆူနှင့် အသေးစားပြုပြင်ရန် ၂၂၄ ဆူရှိပါကြောင်း၊ ယခုအချိန်ကာလတွင် အသေးစားပြုပြင်ရမည့် စေတီ၊ ပုထိုး ၂၂၄ ဆူအား ပြုပြင်ထိန်းသိမ်းပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပထမဦးစားပေးထဲမှ ခုနစ်ဆူ၊ ဒုတိယဦးစားပေးထဲမှ ၁၁ ဆူ၊ တတိယဦးစားပေးထဲမှ ခုနစ်ဆူကိုလည်း ပြုပြင်ပြီးဖြစ်သည့်အတွက် စုစုပေါင်း ၂၄၉ ဆူ ပြုပြင်ထိန်းသိမ်းပြီးဖြစ်ပါကြောင်း၊ လက်ရှိပြုပြင်ဆောင်ရွက်ဆဲ ၁၇ ဆူရှိပြီး ဆက်လက် ပြုပြင်ရမည့် စေတီ၊ ပုထိုး ၁၂၃ ဆူ ကျန်ရှိပါကြောင်း။

ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်များအတွက်ပါ မျှော်မှန်းပြီး လေးနှစ်စီမံကိန်းချမှတ်ကာ နှစ်အလိုက် အဆင့်ဆင့်ကြိုတင်ကာကွယ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ စေတီ၊ ပုထိုးများ ပြုပြင်ထိန်းသိမ်းရာတွင် ရေရှည်ကြံ့ခိုင်စေရန် ရည်မှန်းပြီး အချိန်ယူကာ မူလပုံစံအတိုင်း ပြုပြင်ထိန်းသိမ်းရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်သည့်အတွက် ပြုပြင်ထိန်းသိမ်းရန်ကျန်သည့် စေတီ၊ ပုထိုးများကို လမ်းညွှန်ချက်များနှင့်အညီ ပြုပြင်ထိန်းသိမ်းကြရန် အလေးအနက်မှာကြားလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နောင်ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များအတွက်ပါ မျှော်မှန်းတွက်ချက်ပြီးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ငလျင်ဒဏ်သင့် ပုဂံစေတီ၊ ပုထိုးများအတွက် ပြည်တွင်း ပြည်ပက အလှူငွေများ ပေးအပ်လှူဒါန်းရာတွင် ၂၀၁၇ ခုနှစ် ဧပြီ ၂၇ ရက်အထိ မြန်မာငွေကျပ် ၅ ဒသမ ၅၅၃ ဘီလီယံ၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းခန့်၊ ထိုင်းဘတ်ငွေ ၁၃၈၂၀၊ စင်ကာပူဒေါ်လာ ၇၅၀၂၊ ဂျပန်ယန်း ၃၀၀၀၀ အပါအဝင် တရုတ်ယွမ်၊ မလေးရှားရင်းဂစ်၊ ကိုရီးယားဝမ်၊ ဥရောပသုံးငွေ ယူရိုတို့ပါ လက်ခံရရှိထားပါကြောင်း၊ ငလျင်ဒဏ်သင့် ပုဂံ စေတီ၊ ပုထိုးများပြုပြင်ရန် ယင်းအလှူငွေများကို သတ်မှတ်ဖွဲ့စည်းထားသော ကော်မတီ၏ ကြီးကြပ်မှုဖြင့် စနစ်တကျသုံးစွဲနေသည်ကို တွေ့ရပါကြောင်း။

ငလျင်ဒဏ်သင့် ပုဂံစေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက်ပါ UNESCO အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နောင်ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များ၏ အခြေအနေများကို ထည့်သွင်းစဉ်းစားပြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ရှုထောင့်များ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီအတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဦးစားပေးအစီအစဉ်အတိုင်း နှစ်အလိုက် စီမံချက်ချမှတ်ကာ ပြုပြင်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး UNESCO အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နေမှု၊ ၂၀၁၇ ခုနှစ်အတွင်း လက်ရှိပြုပြင်ဆောင်ရွက်နေမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဦးစီးကော်မတီအဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြုပြင်ရန်ကျန်ရှိသည့် စေတီ၊ ပုထိုးများ၏ အခြေအနေ၊ နေဝင်/နေထွက် ရှုခင်းကြည့်တောင်ကုန်းနေရာများ သတ်မှတ်ဆောင်ရွက်ထားမှု၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ပြန်လည်ဝင်ရောက်ဖူးမြော်ခွင့်ပြုထားသည့် စေတီ၊ ပုထိုးများစာရင်းနှင့် ဘဏ္ဍာရန်ပုံငွေသုံးစွဲမှု အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဒေသရှိ သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး မကြာမီ မိုးရာသီကျရောက်တော့မည်ဖြစ်ကြောင်း၊ ယခုမိုးရာသီတွင် ပျက်စီးမှုများ ထပ်မံမဖြစ်ပေါ်စေရန် စနစ်တကျထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ဘက်စုံထောင့်စုံစဉ်းစား၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်သည် အချိန်မရွေး ကျရောက်နိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားရန် လိုကြောင်း၊ မိုးရာသီကုန်ဆုံးပါက ပြုပြင်ရန်ကျန်ရှိသော ဘုရား၊ စေတီ၊ ပုထိုးများကိုလည်း ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်း ၅၀ ကို သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ကျန်လုပ်ငန်း ၇၃ ခုကို သတ်မှတ်ထားသည့် လေးနှစ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်သွားရန် ပြောကြားသည်။ **(သတင်းစဉ်)**

---

●*ကျောဖုံးမှ*

သူရဲကောင်းအဆက်ဆက် ရေးထိုးခဲ့သော သမိုင်းကြောင်း အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကြရန်၊ မီးသတ်သမားကောင်းတစ်ယောက်တွင် ရှိရမည့် ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှု၊ အတွေ့အကြုံရင့်ကျက်မှု၊ နည်းပညာကြွယ်ဝမှုတို့နှင့် ပြည်သူကို အလုပ်အကျွေးပြုကြဖို့လိုကြောင်း၊ နိုင်ငံတကာ၌ ပြောင်းလဲတိုးတက်နေသော မီးသတ်လုပ်ငန်းဆိုင်ရာ နည်းပညာရပ်များကို မျက်ခြည်မပြတ် လေ့လာဆည်းပူးပြီး မိမိနိုင်ငံသားများအတွက် ပြန်လည်အသုံးချရန်လိုကြောင်း၊ မီးသတ်သမားကောင်း၏ နှလုံးအိမ်၌ ရန်သူ၊ မိတ်ဆွေမခွဲခြားဘဲ အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသူတိုင်းအား မိမိအသက်ခန္ဓာအရင်းတည်ပြီး ကူညီကယ်တင်ရသူများဖြစ်ခြင်းကြောင့် မွန်မြတ်သော နှလုံးသားပိုင်ရှင်တပ်ဖွဲ့ဝင်များဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ထို့နောက် မီးသတ်တပ်ဖွဲ့စစ်ရေးပြမှူးကြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များက ပြည်ထောင်စုဝန်ကြီးအား ချီတက်အလေ့ပြုခဲ့ကြသည်။

ဆက်လက်၍ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကိုယ်စားပြု မီးသတ်တပ်ဖွဲ့ဝင်အသင်းများဖြစ်ကြသည့် ဥတ္တရအသင်း၊ မဇ္ဈိမအသင်း၊ ဒက္ခိဏအသင်းတို့က အထပ်မြင့်အဆောက်အအုံမှ ကယ်ဆယ်ရေး၊ (Brave Heart) တစ်ဦးချင်းစွမ်းရည်ယှဉ်ပြိုင်မှု၊ ယာဉ်မတော်တဆဖြစ်စဉ်တွင် အဖွဲ့လိုက်ကယ်ဆယ်ရေးစွမ်းရည် (Rip it Off) ယှဉ်ပြိုင်မှု၊ Gas မီးလောင်မှုအား 3D Nozzle အသုံးပြုငြိမ်းသတ်မှု သရုပ်ပြခြင်း၊ အထပ်မြင့်အဆောက်အအုံပေါ်သို့ ချိတ်လှေကား (Hook Ladder) ဖြင့် အသုံးပြုတက်ရောက်ပြီး 3D Nozzle အသုံးပြု၍ မီးငြိမ်းသတ်ခြင်းများကို ပြသခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က သရုပ်ပြစွမ်းရည်ပြိုင်ပွဲတို့၌ ဆုရရှိအသင်းများနှင့် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ချီတက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ထိုမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပြခန်းအတွင်းပြသထားသော မီးသတ်ကိရိယာများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်အရ ကဏ္ဍအသီးသီးတွင် ဆုရသူများ၊ ပါဝင်ကူညီဆောင်ရွက်ပေးကြသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို တပ်ဖွဲ့ဌာနချုပ် သီတာခန်းမတွင် ဆက်လက်ပြုလုပ်၍ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် အရာရှိကြီးများက ပေးအပ်ချီးမြှင့်ခဲ့သည်။

# ဂျပန်-မြန်မာ နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Hon. Ms. Yoko KAMIKAWA၊ Hon. Mr. Akira SATO နှင့် Hon. Mr. Teru FUKUI တို့အား ယနေ့မွန်းလွဲ ၂ နာရီ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကဏ္ဍများတွင် ဂျပန်နိုင်ငံက ကူညီဆောင်ရွက်ပေးနေမှုများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များ၊ ဂျပန်-မြန်မာ နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

## လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၅**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ် နွေရာသီ ဓာတ်အားအမြင့်ဆုံးသုံးစွဲခဲ့မှု ၂၇၃၆ မဂ္ဂါဝပ်ကို ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၅ ရုံ ၁၇၈၁မဂ္ဂါဝပ်နှင့် သဘာဝ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၄ ရုံ ၉၅၅ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့သည်။

သို့ဖြစ်၍ နွေရာသီကာလ၌ ရာသီဥတုပူပြင်းမှု အခြေအနေအရ လျှပ်စစ်ဓာတ်အားသုံးစွဲလာမှု တိုးမြင့်လာပြီး သုံးစွဲမှုပမာဏမှာ ၃၁၀၀ မဂ္ဂါဝပ်ခန့်ရှိသည်။ လက်ရှိဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်နိုင်မှုမှာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၇ ရုံမှ ၂၁၁၉ မဂ္ဂါဝပ်နှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံ ၁၄ ရုံမှ ၈၇၄ မဂ္ဂါဝပ် စုစုပေါင်း ၂၉၉၃ မဂ္ဂါဝပ်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများအတွက် ဇော်တိကာ၊ ရွှေနှင့် ရတနာ ကမ်းလွန်များမှ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၄၀၀ ခန့် ဖြန့်ဖြူးပေးလျက်ရှိပြီး မေ ၂ ရက်တွင် ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ Emergency Shutdown ဖြစ်၍ ကုဗပေသန်း ၁၀၀ ခန့်အား ဖြန့်ဖြူးပေးနိုင်ခြင်းမရှိသော အခြေအနေဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ဓာတ်အား ထုတ်လုပ်နိုင်မှုမှာ ၄၀၀ မဂ္ဂါဝပ်ခန့် လျော့နည်းမှု ယာယီဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ လျော့နည်းသွားသည့် ၄၀၀ မဂ္ဂါဝပ်အား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများဖြင့် တိုးမြှင့်ထုတ်လုပ်ပေးလျက်ရှိသည်။ ရာသီဥတု ပူပြင်းလာမှုကြောင့် ဓာတ်အားသုံးစွဲမှု တိုးတက်များပြားလာသဖြင့် အဆိုပါ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## လှိုင်သာယာမြို့နယ် တရားရုံးသစ် စတင်ဖွင့်လှစ်

**ရန်ကုန် မေ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် (၈) ရပ်ကွက်ရှိ မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၄ ရက်က ကျင်းပခဲ့သည်။

မြို့နယ်တရားရုံးအဆောက်အအုံသစ်ကြီးကို တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းနှင့် ဥပဒေချုပ် ဦးဟန်ထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တရားရုံးသစ် အဆောက်အအုံ၏ ဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် လှိုင်သာယာမြို့နယ် တရားသူကြီး ဦးအောင်မင်းက အဆောက်အအုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တရားရုံးသစ်ကြီးကို တာဝန်ယူတည်ဆောက်ခဲ့သော Hexagon Myanmar ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက အဆောက်အအုံ ဆောက်လုပ်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အဆောက်အအုံသစ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို Hexagon Myanmar ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက မြို့နယ်တရားသူကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

လှိုင်သာယာမြို့နယ် တရားရုံးသစ်ကြီးကို ပြီးခဲ့သည့်နှစ် ဇွန် ၁ ရက်က စတင်တည်ဆောက်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပြီးစီးခဲ့ကာ အလျားပေ ၁၂၀၊ အနံ ၁၂၉ ပေခွဲနှင့် အမြင့် ပေ ၆၀ ရှိ သုံးထပ်အဆောက်အအုံဖြစ်သည်။ မြေညီထပ်တွင် မီဒီယာခန်းနှင့် တာဝန်မှူးရုံးခန်းတို့ရှိပြီး ပထမထပ်တွင် မြို့နယ်တရားသူကြီးတရားခွင်၊ စီမံရုံးခန်း၊ အမှုတင်ရန်ဌာန၊ စုံစမ်းရန်ဌာနတို့ရှိကာ အပေါ်ဆုံးထပ်တွင် ကလေးသူငယ်တရားရုံး၊ သက်သေနားနေခန်း၊ ရှေ့နေနားနေခန်း၊ Exhabit room နှင့် ဘီလစ်ရုံးခန်းတို့ ရှိကြောင်းနှင့် တရားရုံးအဆောက်အအုံထဲတွင် စီစီတီဗွီကင်မရာများ တပ်ဆင်ထားကြောင်း အညွှန်းပြမြေပုံကြမ်း ဖော်ပြထားချက်အရ သိရသည်။

**သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-သန်းစိုး**



## မိုးမကျမီ ရေစီးရေလာကောင်းမွန်ရေး ရန်ကုန်ခရိုင် လေးခရိုင်တွင်ဆောင်ရွက်



**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်တွင် ခရိုင်အဆင့်ကြီးကြပ်မှုဖြင့် မိုးမကျမီ ရေစီးရေလာကောင်းမွန်ရေး အထူးသန့်ရှင်းရေးအဖွဲ့များဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်မြို့တော်ကြီးမှာ မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်ဖို့ ခရိုင်အဆင့်ကြီးကြပ်မှုနဲ့ အထူးသန့်ရှင်းရေးအဖွဲ့တွေဖွဲ့ပြီး ဧပြီ ၂၄ ရက်ကစတင်ဆောင်ရွက်နေပါတယ်။ ဒီနေ့ကတော့ သာကေတ၊ ဒေါပုံ၊ ပုဇွန်တောင်နဲ့ ဗိုလ်တထောင်ပေါင်းပြီး သာကေတမြို့နယ် အနော်မာရပ်ကွက် ရောဝဏ်လမ်းမကြီးတစ်လျှောက် ဘေးတစ်ဖက်တစ်ချက်စီမှာရှိတဲ့ ရေထွက်ပေါက်ရေမြောင်းတွေ ပိတ်ဆို့နေမှုကို အုံနဲ့ကျင်းနဲ့ စုပေါင်းသန့်ရှင်း ရေးကိုလုပ်ဆောင်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ခရိုင်မှာ ဒီလိုအထူး သန့်ရှင်းရေးအဖွဲ့တွေနဲ့ စုပေါင်းသန့်ရှင်းရေး ရေစီးရေလာကောင်းအောင် ဆောင်ရွက်နေသလို အခြားသောအနောက်ပိုင်းခရိုင်၊ အရှေ့ပိုင်းခရိုင်နဲ့ မြောက်ပိုင်းခရိုင်တွေမှာလည်း ဆောင်ရွက်နေပါတယ်"ဟု ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းထွဋ်ကပြောသည်။

အဆိုပါအထူးသန့်ရှင်းရေးအဖွဲ့တွင် မြို့နယ်စည်ပင်သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်းများ၊ လမ်းတံတားဌာနမှ ဝန်ထမ်းများ၊ ခရိုင်မှသန့်ရှင်းရေးဝန်ထမ်းများ စုစုပေါင်း သန့်ရှင်းရေးဝန်ထမ်း ၈၀ မှ ၁၀၀ နီးပါးပါဝင်သော အထူးသန့်ရှင်းရေးအဖွဲ့များ ဖွဲ့စည်းကာ ခရိုင်အဆင့်ကြီးကြပ်မှုများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်အဆင့်ကြီးကြပ်မှုဖြင့် အထူးသန့်ရှင်းရေးဆောင်ရွက်မှုကို မိုးမကျမီကာလအတွင်း စီမံချက်လုပ်ငန်းပြီးစီးအောင် ခရိုင်အတွင်းရှိ မြို့နယ်များအလိုက် ဆောက်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအထူးသန့်ရှင်းရေးဆောင်ရွက်မှုကို ယခင်နှစ်များက တိုင်းဒေသကြီးအစိုးရ၏ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော်လည်း ယခုနှစ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအောက်ရှိ သန့်ရှင်းရေးဌာနများက ခရိုင်အလိုက် စုပေါင်းအားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## အရှေ့တိုင်းပညာ ဗုဒ္ဓစာပေ လက်မှတ်ရ (CBS) သင်တန်းဖွင့်လှစ်မည်

**မန္တလေး မေ ၅**

မန္တလေးတက္ကသိုလ် (လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန) အစီအစဉ်ဖြင့် အရှေ့တိုင်းပညာဌာနမှ ကြီးမှူးပြီး အရှေ့တိုင်းပညာ ဗုဒ္ဓစာပေလက်မှတ်ရ Certificate in Buddhist Studies (Certificate in BS) သင်တန်းအမှတ်စဉ် (၁/၂၀၁၇) ကို သင်တန်းချိန်အပတ်စဉ် (အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး) နေ့များတွင် ညနေ ၄ နာရီမှ ၆ နာရီထိ၊ သင်တန်းကာလ သုံးလဖြင့် မေ ၁၈ ရက် (ကြာသပတေးနေ့) မှ စတင်၍ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်သည်။

အဆိုပါ အရှေ့တိုင်းပညာဗုဒ္ဓစာပေလက်မှတ်ရ Certificate in Buddhist Studies (Certificate in BS) သင်တန်း အမှတ်စဉ် (၁/၂၀၁၇) အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများဖြစ်၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများတို့သည် သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံဖြင့် မေ ၂ ရက်မှ စတင်၍ အရှေ့တိုင်းပညာဌာန၊ မန္တလေးတက္ကသိုလ် ဖုန်း-၀၉-၇၉၅၀၀၁၃၉ ထံသို့ တင်သွင်းလျှောက်ထားနိုင်ကြကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

# မွန်မြတ်သည့် နှလုံးသားပိုင်ရှင် တပ်ဖွဲ့ဝင်များ

**နေပြည်တော် မေ ၅**

မီးသတ်သမားတစ်ယောက်၏ နှလုံးအိမ်တွင် ရန်သူ၊ မိတ်ဆွေမရှိဘဲ ဘေးဒုက္ခအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသူတိုင်းကို မိမိတို့အသက်၊ ခန္ဓာအရင်းတည်ပြီး ကူညီကယ်တင်ပေးသောသူများဖြစ်သည့်အတွက် **“မွန်မြတ်သည့်နှလုံးသားပိုင်ရှင် တပ်ဖွဲ့ဝင်များ”**ဖြစ်ကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ အမှတ် (၁၀)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည့် (၇၁)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။



ထို့ပြင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက မီးသတ်တပ်ဖွဲ့သည် လွတ်လပ်ရေးရပြီးချိန်မှ ယနေ့အချိန်အထိ နိုင်ငံရေးအရောင်အသွေးမရှိဘဲ ပြည်သူ့အကျိုးပြုတပ်ဖွဲ့တစ်ခုအဖြစ် ရပ်တည်လာခဲ့ပါကြောင်း၊ မီးသတ်တပ်ဖွဲ့၏လုပ်ငန်းသည် အဓိကအားဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများပင်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်အတွက် စနစ်တကျ အစီအမံများ ချမှတ်လုပ်ဆောင်ခဲ့ရသည့်အပြင် တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ စိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ရေး ကြိုးပမ်းအားထုတ်လုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို လက်ရှိအခြေအနေများနှင့် နောင်ဖြစ်တည်လာမည့် အနာဂတ်ကာလကို မျှော်မှန်း၍ အသွင်သဏ္ဍာန်နှင့် အနှစ်သာရပိုင်းပါ ပြုပြင်ပြောင်းလဲခဲ့ပါကြောင်း၊ နိုင်ငံတကာမီးသတ်အဖွဲ့များနှင့် နီးနီးကပ်ကပ်ပေါင်းစပ်၍ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး ရရှိလာသည့်နည်းပညာများနှင့် မိမိတို့တာဝန်ယူရသည့် ဒေသများတွင် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၁၆ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မီးလောင်မှု အကြိမ်ရေ ၁၅ကြိမ်ဖြစ်ပွားခဲ့ပြီး အိမ်ခြေအဆောက်အအုံ ၅၉ လုံး မီးလောင်ကျွမ်းခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ်သန်းပေါင်း ၁၀၈ ဒသမ ၀၁၈ ခန့် ဖြစ်သည်ကို တွေ့ရှိရကြောင်း။

မီးသတ်တပ်ဖွဲ့၏ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ၂၀၁၆ ခုနှစ် ပြီ၊ မေနှင့်ဇွန်လများအတွင်း အယ်နီညိုရာသီဥတုကြောင့် ရေရှားပါးသော မြို့နယ်များသို့ မီးသတ်ယာဉ်များဖြင့် ရေပေးဝေမှုအကြိမ်ပေါင်း ၂၂ ကြိမ်တွင် ရေဂါလန်ပေါင်း ခြောက်သောင်းကျော် ပေးဝေလှူဒါန်းနိုင်ခဲ့ပြီး အလားတူရေပေးဝေလှူဒါန်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရေဂါလန် နှစ်သောင်းကျော် လှူဒါန်းခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြောကြားသည်။

အခမ်းအနားတွင် နေပြည်တော်အတွင်းရှိ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅၉ ဦးက နေပြည်တော်ကောင်စီဥက္ကဋ္ဌအား စစ်ရေးပြပုံစံဖြင့် အလေးပြုကြပြီး အထပ်မြင့်အဆောက်အအုံအတွင်း မီးခိုးပိတ်မိနေသော လူနာကို ကယ်ဆယ်မှုသရုပ်ပြသခြင်း၊ ခေတ်မီမီးသတ်စနစ်များဖြစ်သော မီးခိုးထောက်လှမ်းရေးကိရိယာ၊ အလိုအလျောက် ရေဖျန်းစနစ်၊ မီးသတ်ရေပက်ပိုက်ခွေနှင့် ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး တပ်ဆင်ထားသော အဆောက်အအုံ မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်မှု သရုပ်ပြသခြင်း၊ အလုံပိတ်အခန်းတစ်ခုမီးလောင်မှုမှ မီးတောက်မီးလျှံထွက်မှုဖြစ်စဉ် သရုပ်ပြသခြင်း၊ စက်သုံးဆီမီးလောင်မှုအား မီးငြိမ်းသတ်မှုသရုပ်ပြသခြင်း၊ ဆပ်ပြာနှုန်းမြင့်မားသော အမြှုပ်ထုတ်ကိရိယာဖြင့် မီးငြိမ်းသတ်မှုသရုပ်ပြသခြင်းနှင့် မီးသတ်ယာဉ်များ စုပေါင်းအားဖြင့် ရေပက်သရုပ်ပြသခြင်းတို့ကို လက်တွေ့သရုပ်ပြကြသည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မြင့်မော်၊ နေပြည်တော်ကောင်စီဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယခုအခါ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် သန္နေဖွဲ့စည်းပုံအင်အား ၂၇၅၉၉ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၂၉၃၈၄၀၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၁၈၀၀၈၊ မီးသတ်စက်နှင့် ယာဉ်အင်အား ၃၁၅၁ စီးတို့ဖြင့် တစ်နိုင်ငံလုံးတွင် ဖြန့်ခွဲ၍ ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးနှင့် တခြားသော သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ထို့ပြင် မီးသတ်တပ်ဖွဲ့ဝင်များသည် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် မီးဘေး၊ ရေဘေး၊ လေဘေး စသည့်ဘေးအန္တရာယ်များအပြင် နောင်အနာဂတ်တွင် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးအတွက်လည်း ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရန် သန္နိဋ္ဌာန်ပြုကာ အမြဲကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိသည်။

**သတင်း - မော်စီ (သတင်းစဉ်)**
**ဓာတ်ပုံ- ကိုကိုစိုးညွန့် (သတင်းစဉ်)**

# ရုပ်ရှင်ရုံမရှိခဲ့သည်မှာကြာပြီဖြစ်သော မုံရွာမြို့တွင် ပါရာဒိုက်ဆိုရုပ်ရှင်ရုံသစ်ကြီး ဖွင့်လှစ်

**မုံရွာ မေ ၅**

ရုပ်ရှင်ရုံမရှိခဲ့သည်မှာ ကြာပြီဖြစ်သော မုံရွာမြို့တွင် မေ ၅ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့်အတူ ပါရာဒိုက်ဆိုရုပ်ရှင်ကုမ္ပဏီဥက္ကဋ္ဌ သရုပ်ဆောင်အကယ်ဒမီလွင်မိုးနှင့် အကယ်ဒမီ ပြေတီဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**

ဖွင့်ပွဲကို မုံရွာ ပါရာဒိုက်ဆိုရုပ်ရှင်ရုံအတွင်း ကျင်းပရာ ဝန်ကြီးချုပ်က “မုံရွာမြို့မှာ ပြည်သူတို့အပန်းဖြေဖို့ ရုပ်ရှင်ရုံတစ်ရုံ ပြန်လည်ပေါ်ထွန်းလာတဲ့အတွက် ဝမ်းသာရမယ့်နေ့တစ်နေ့ ဖြစ်သလို ပြည်သူချစ်ရုပ်ရှင်အနုပညာရှင်တွေကို ရုပ်ရှင်ပိတ်ကားပေါ်မှာ ပြန်လည်ခံစားနိုင်တော့မှာ ဖြစ်ပါတယ်”ဟု အမှာစကားတွင် ထည့်သွင်းပြောကြားသည်။ ရုပ်ရှင်ရုံဖွင့်ပွဲနေ့မှစတင်ကာ ရန်ကုန်၊ မန္တလေးမြို့တို့နှင့်အတူ ရုပ်ရှင်ကားသစ်ဖြစ်သော အရွယ်သုံးပါးချစ်တတ်သည် ရုပ်ရှင်ကားကို ပြသမည်ဖြစ်သည်။

“အရင်က မြို့တစ်မြို့မှာ နိုင်ငံတော်ပိုင်ဖြစ်ဖြစ် ပုဂ္ဂလိကပိုင်ဖြစ်ဖြစ် တစ်ရုံတော့ ရှိခဲ့ပါတယ်။ ဒါပေမယ့် ပြောင်းလဲလာတဲ့ခေတ်နဲ့အညီ ရုပ်ရှင်ရုံနေရာမှာ ဗီဒီယိုရုံတွေဖြစ်လာပြီး ဖျော်ဖြေမှုတွေကျယ်ပြန့်လာတာ ရုပ်ရှင်ရုံတွေ တဖြည်းဖြည်း မေးမှိန်လာတာတွေ့ရပါတယ်။ မုံရွာမှာ အရင်က ရုပ်ရှင်ရုံတွေရှိခဲ့ရာက မရှိခဲ့တာ နှစ်ကာလအတော်ကြာနေပြီဖြစ်တော့ ရုပ်ရှင်ရုံထဲကြည့်ရတဲ့ အရသာကိုတော့ ရုပ်ရှင်ရုံရှိမှသာ ကြည့်ရှုခံစားနိုင်မှာ ဖြစ်ပါတယ်။ မုံရွာဒေသခံတွေရဲ့ကိုယ်စား အခုလို ရုပ်ရှင်ရုံပြန်လည်ဖြစ်တည်လာတဲ့အပေါ် အများကြီးကျေနပ်မိပါတယ်”ဟု ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က ပြောသည်။

ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းစတင်အကောင်အထည်ဖော်ခဲ့ရာတွင် ရုပ်ရှင်လောကမှာ အမှန်တကယ်လုပ်ကိုင်သူ အနုပညာရှင်၂၀ ကျော်စု ဖွဲ့သည့် မစ်ကုမ္ပဏီတစ်ခုကို ထူထောင်ပြီး ရုပ်ရှင်ရုံ ၁၀၀ တည်ဆောက်ရန်စီစဉ်ခဲ့ရာ ကမ္ဘောဇဘဏ်၏ ကူညီရပ်တည်မှုဖြင့် အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း ပါရာဒိုက်ဆိုဥက္ကဋ္ဌ သရုပ်ဆောင်လွင်မိုးထံမှ သိရသည်။

ပျောက်ကွယ်သွားသော ရုပ်ရှင်ရုံအစား ပြန်လည်တည်ဆောက်ဖွင့်လှစ်သော မုံရွာရုပ်ရှင်ရုံအပေါ် သရုပ်ဆောင်ဦးအရိုင်းက ပြောပြရာတွင် “အမှန်တကယ်က ဟိုတုန်းအချိန်က အစိုးရပိုင်ခဲ့တဲ့ရုံတွေလည်း ရှိခဲ့ပါတယ်။ အခုက သရုပ်ဆောင်တွေစုစည်းပြီး ရုပ်ရှင်ရုံ ၁၀၀ ဆောက်ပြီး လိုနေတဲ့ကွက်လပ်ကို ဖြည့်ဆည်းပေးတာဖြစ်ပါတယ်။ ရုပ်ရှင်ကြည့်တဲ့ပရိသတ်ကများပြီး ရုပ်ရှင်ရုံနည်းလို့ မလုံလောက်တာဟာ ကာလတော်တော်ကြာနေပါပြီ။ နယ်တွေရဲ့ ရုပ်ရှင်ကြည့်ပရိသတ်တွေရဲ့ ရုပ်ရှင်အပေါ်လိုလားတဲ့ အသံကြားရတာ ရှေ့ဆက်ရမယ့်အားတွေတက်စေပါတယ်”ဟု ပြောသည်။



၁၉၆၈ ခု ဒီဇင်ဘာ ၁၀ ရက်က အစိုးရက မြန်မာနိုင်ငံတွင်ရှိသမျှသော ရုပ်ရှင်ရုံများကိုသိမ်းလိုက်သည့်အတွက် နယ်တွင်ရှိသော ရုပ်ရှင်ရုံပိုင်ရှင်များ အလုပ်လက်မဲ့ဖြစ်သွားပြီး မြန်မာ့ရုပ်ရှင်ကော်ပိုရေးရှင်းဟူ၍ ပေါ်လာသည့်အတွက် အလုပ်လုပ်ရသည်များ အင်မတန်ခက်ခဲသွားခဲ့ကြောင်း ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ဦးအောင်လွင် (ဘကြီးအောင်)က ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



(၇၁) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်း၌ မေ ၅ ရက်က ကျင်းပရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက မျှော်စင်မှ ကြိုးကူး/ကြိုးဆင်း နည်းစနစ်များဖြင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြစဉ် မောင်မောင်နိုင်(ကျိုင်းတုံ)

# ပြည်သူကို ဗဟိုပြုသောရဲလုပ်ငန်းစနစ် (ဆင့်ပွား)သင်တန်းဆင်း

**ရန်ကုန် မေ ၅**

ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်း (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၃/၂၀၁၇) ဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ သင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး အခမ်းအနားသို့ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးတို့က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။



အဆိုပါသင်တန်းကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်လေးခရိုင်ရှိ မြို့နယ်များမှ သင်တန်းသားအရာရှိ၊ အခြားအဆင့် တပ်ဖွဲ့ဝင် ၁၀၀ တို့အား လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်အနေဖြင့် KNUနှင့်ပူးပေါင်း၍ အများပြည်သူအသုံးပြုသည့်နေရာများတွင် မိုင်းစတင်ရှင်းလင်းမည်ဖြစ်

**သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**

**ရန်ကုန် မေ ၅**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ (၁၀)ကြိမ်မြောက် အစည်းအဝေးတတိယနေ့ကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံးတွင် ဆက်လက်ကျင်းပခဲ့ပြီး JMC နှင့် ပတ်သက်သည့် ကိစ္စရပ်များစွာကို ဆွေးနွေးနိုင်ခဲ့သည်။

မေ ၃ ရက်မှ ၅ ရက်အထိ ကျင်းပသည့် JMC-U ၏ သုံးရက်တာအစည်းအဝေးတွင် JMC ၏ လုပ်ငန်းစဉ် (SoP)၊ ရပ်ကွက်၊ ကျေးရွာများတွင် စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် နှစ်ဖက်လက်ခံသည့် ဒေသခံများ၏ လုပ်ငန်းလမ်းညွှန်အား ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

ထို့ပြင်ဒေသအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) ဖွဲ့စည်းရေးကိစ္စ၊ မိုင်းရှင်းလင်းရေးကိစ္စ၊ နှစ်ဖက်တပ်များအကြား နယ်မြေပိုင်းခြားသတ်မှတ်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ရုံးများ တိုးချဲ့ရန်နှင့် ဝန်ထမ်းများ တိုးမြှင့်ခန့်ထားနိုင်ရေးတို့နှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် JMC-U အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရုပ်သိမ်းခဲ့ပြီး ယခုပြုလုပ်သည့် အစည်းအဝေးသို့ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/



ဗိုလ်မှူးကြီးဝဏ္ဏအောင် သတင်းမီဒီယာများအား ရှင်းလင်းဖြေကြားစဉ်

ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) အဖွဲ့ဝင်များလည်း တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်က ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအား JMC-U သုံးရက်တာအစည်းအဝေးနှင့်ပတ်သက်၍ ရှင်းပြခဲ့ပြီး သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

ဗိုလ်မှူးကြီးဝဏ္ဏအောင် ဖြေကြားခဲ့သည်များ ကောက်နုတ်ဖော်ပြအပ်ပါသည်။

**မိုင်းရှင်းလင်းရေးအတွက် ဆောင်ရွက်သွားမည့်ပုံစံ**

မိုင်းရှင်းလင်းရေးဆောင်ရွက်မယ်ဆိုတာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) မှာပါတဲ့ လမ်းညွှန်ချက်နဲ့အညီ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မိုင်းရှင်းလင်းရေးကို ကရင်ပြည်နယ်မှာ လုပ်ဖို့အတွက် KNU (ကရင်အမျိုးသားအစည်းအရုံး)နဲ့ ညှိနှိုင်းနေပါတယ်။ KNU အဖွဲ့အနေနဲ့ကလည်း ပြန်လည်ညှိနှိုင်းပြီး ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာကို တပ်မတော်နဲ့ ပြန်ညှိနှိုင်းပါမယ်။ တပ်မတော်သဘောထားက တစ်ဖက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လက်နက်ကိုင်အဖွဲ့အစည်းတွေပဲ မိုင်းတွေထောင်ထားတာဖြစ်တဲ့အတွက် နှစ်ဖက်ပူးပေါင်းပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်ပကနေအကူအညီ ပေးချင်ရင်တော့ ကျွန်တော်တို့ နည်းပညာယူမယ်။ အထောက်အကူပြုပစ္စည်းတွေ ယူပါမယ်။

အခုလုပ်တဲ့ အစည်းအဝေးမှာတော့ JMC-S အဖွဲ့တွေလည်း တက်ရောက်ပြီး JMC-S အဖွဲ့တွေဘက်ကနေ မြိတ်ဆိုရင်လည်း မိုင်းနဲ့ပတ်သက်ပြီး ဖြစ်စဉ်မရှိဘူး။ နောက် မွန်ပြည်နယ်မှာလည်း မိုင်းနဲ့ပတ်သက်တဲ့ဖြစ်စဉ်မရှိဘူး။ မိုင်းလည်းမရှိဆိုပြီး ပြောတာရှိပါတယ်။ ဒါကြောင့် ရှင်းလင်းမယ်ဆိုရင် ကရင်ပြည်နယ်ဘက်ကိုပဲ စရှင်းဖို့ လျာထားပါတယ်။ နှစ်ဖက်စလုံး မိုင်းရှင်းလင်းရေးကို လုပ်မယ်ဆိုတဲ့ ဆန္ဒရှိနေပါတယ်။ မိုင်းရှင်းတဲ့နေရာမှာ ပြည်သူလူထုအတွက် ရည်ရွယ်ပြီးရှင်းဖို့ပါ။ အများပြည်သူ အသုံးပြုတဲ့လမ်းတွေ ၊ ကျောင်း၊ ဈေး စတဲ့နေရာတွေမှာ ရှင်းမှာပါ။ ကျွန်တော်တို့ နှစ်ဖက်စလုံး ယုံကြည်မှု တည်ဆောက်ပြီး မိုင်းရှင်းလင်းရေးကိစ္စကို ဆောင်ရွက်မှာပါ။ စတင်ရှင်းမယ်ဆိုကတည်းက စစ်ရေးဆိုင်ရာ လုံခြုံရေးအရ တပ်စခန်းတွေမှာ ရှင်းဖို့တော့ လတ်တလောမရှိသေးပါဘူး။ နှစ်ဖက်ယုံကြည်မှုတွေ ဒီထက်မကရှိလာပြီ။ ယုံကြည်မှုပြင်းထန်လာပြီဆို ကျန်တာက ဒုတိယအဆင့် ဆက်သွားမှာပါ။

**လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူကြမ်း)အတည်ပြုနိုင်**

လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းဆိုတာ JMC လုပ်ငန်းတွေအပေါ်မှာ နှစ်ဖက်ဆုံးဖြတ်ပြီး ဆောင်ရွက်တဲ့ လုံခြုံရေးဖြစ်ပါတယ်။ JMC မှာ ရုံးတွေရှိပါတယ်။ ပြည်ထောင်စုအဆင့်ရုံး JMC-U၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် JMC-S ၊ နောက်ဒေသဆိုင်ရာ JMC-L ရုံးတွေရှိပါတယ်။ ရုံးပရဝဏ်နဲ့ရုံးဝန်ထမ်းတွေရဲ့ လုံခြုံရေး၊ စိစစ်အတည်ပြုရေးအဖွဲ့နဲ့သွားပြီး စိစစ်အတည်ပြုမယ်ဆိုရင် စိစစ်အတည်ပြုမယ့်အဖွဲ့တွေရဲ့ လုံခြုံရေး၊ နောက် ပူးတွဲနယ်လှည့်စောင့်ကြည့်ခြင်း လုပ်မယ့် Joint အဖွဲ့တွေပါ။ ပူးတွဲနယ်လှည့်စောင့်ကြည့်တဲ့အခါ ဘယ်လို လုံခြုံရေးတွေနဲ့ ပူးတွဲနယ်လှည့်စောင့်ကြည့်ရမယ်ဆိုတာကို လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း ရေးဆွဲထားတာ ဖြစ်ပါတယ်။

**နယ်မြေသတ်မှတ်ရေးနဲ့တပ်နေရာချထားရေးကိစ္စ**

တပ်နေရာချထားရေးဆိုတာကတော့ ကျွန်တော်တို့ JMC-U ကနေ မူဝါဒချမှတ်ပေးပြီးဖြစ်ပါတယ်။ ဒါကို JMC-S ထဲမှာပဲ စတင်ဆွေးနွေးရမှာ ဖြစ်ပါတယ်။ JMC-S က အောက်ခြေအထိ လက်တွေ့လုပ်နေတဲ့ အဖွဲ့ဖြစ်ပါတယ်။ မြေပြင်မှာဆိုလည်း JMC-S က လုပ်ရတာဆိုတော့ JMC-S ကနေဆွေးနွေးပြီးတော့ JMC-U ကိုတင်ပြပြီး ဆောင်ရွက်ဖို့ ဒီတစ်ခေါက် အစည်းအဝေးမှတ်တမ်းမှာ ထည့်လိုက်ပါတယ်။

တပ်မတော်နဲ့ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) က ၂၀၁၂ ခုနှစ် ပြည်ထောင်စုငြိမ်းချမ်းရေး ကျိုင်းတုံစာချုပ်ကို ချုပ်ဆိုထားပါတယ်။ ဒါဟာ တပ်မတော်က RCSS နဲ့ပတ်သက်ပြီး နှစ်ဦးသဘောတူချုပ်ထားတဲ့ စာချုပ်ဖြစ်ပါတယ်။ ဒါကြောင့် လတ်တလောနယ်မြေနဲ့ ပတ်သက်ရင် ဒါကို အခြေခံပြီးတော့ပဲ တပ်မတော်အနေနဲ့ ဆုံးဖြတ်တာ ဖြစ်ပါတယ်။ ကျိုင်းတုံစာချုပ်မှာက သတ်မှတ်ထားတဲ့ နယ်မြေမှာနေဖို့ စာချုပ်ပါအတိုင်း လိုက်နာဖို့ ပြောပြခြင်းပဲဖြစ်ပါတယ်။ လက်ရှိမှာ အကြောင်းကြားစာ၊ တိုင်ကြားစာတွေ ပေးပို့ပြီးတော့ပဲ ညှိနှိုင်းဆောင်ရွက်နေကြပါတယ်။

**နယ်ခြားစောင့်တပ် (BGF) နှင့် ပြည်သူ့စစ်ကိစ္စ**

နယ်ခြားစောင့်တပ်(BGF)နှင့် ပြည်သူ့စစ်ကိစ္စကို တပ်မတော်ရဲ့ ဖွဲ့စည်းမှုအောက်မှာရှိတဲ့အတွက် စိုးရိမ်စရာမရှိပါဘူး။ NCA ပါ စာချုပ်အချက်အလက်တွေအတိုင်း လိုက်နာဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။ BGF ဆိုတာ တပ်မတော်ကွပ်ကဲမှုအောက်က အဖွဲ့အစည်းတွေ ဖြစ်တဲ့အတွက် စစ်စည်းကမ်းတွေအတိုင်း လိုက်နာကျင့်ကြံနေထိုင်ရမှာ ဖြစ်ပါတယ်။ တပ်ပိုင်းဆိုင်ရာအတိုင်း မလိုက်နာရင်တော့ စစ်စည်းကမ်းနဲ့အညီ အရေးယူရမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံ ဒုတိယအစည်းအဝေး တက်ရောက်ရေးကိစ္စ**

NCA လက်မှတ်မရေးထိုးခင်ကတည်းက NCA ဖြစ်ပေါ်လာအောင် ညှိနှိုင်းဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေ ရှိပါတယ်။ အဲ့ဒီအဖွဲ့တွေကိုသာလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ အဖြစ်သတ်မှတ်မှာ ဖြစ်ပါတယ်။ NCA ဖြစ်ပေါ်လာပြီးနောက်ပိုင်းမှ အဖွဲ့အစည်းတွေကနေ ခွဲထွက်လာတဲ့ ဘယ်ခွဲထွက်အဖွဲ့ကိုမဆို အဖွဲ့အစည်းအဖြစ် သတ်မှတ်မှာ မဟုတ်ပါဘူး။

**ဒေသအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-L ဖွဲ့စည်းရေးကိစ္စ**

JMC-L ကို လက်နက်ကိုင်ပဋိပက္ခ အများဆုံးဖြစ်နိုင်တဲ့နေရာတွေမှာ ရွေးချယ်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ရှမ်း၊ ကရင်နဲ့ပဲခူးတို့မှာ တစ်နေရာစီရွေးချယ်မှာပါ။ ရှမ်းဆိုလင်းခေး၊ ကရင်ဆို ဖာပွန်လိုနေရာ၊ ပဲခူးမှာဆို ဘောဂလိမြို့လိုနေရာတွေပါ။ ဒါကလျာထားတာပါ။ ဒီနေရာမှာ JMC-L ဖွဲ့ရင် အကောင်းဆုံးဖြစ်မလား။ ပစ်ခတ်တိုက်ခိုက်မှုတွေ လျော့နည်းဖို့အတွက် JMC-S ဆက်လက်စဉ်းစားဆုံးဖြတ်မှာပါ။ ဒါတွေက လတ်တလောလျာထားတာပါ။

**ရပ်ကွက်၊ ကျေးရွာများတွင် စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်ကိစ္စ**

ဒေသခံစောင့်ကြည့်သူဆိုတဲ့အတိုင်း အပစ်အခတ်ရပ်စဲရေးကို သူတို့က နှစ်ဖက်အဖွဲ့ကြားမှာ စောင့်ကြည့်ရမယ့်သူတွေဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိဒေသခံရွာသားဖြစ်မှ၊ အဲ့ဒီဒေသမှာ နေထိုင်သူဖြစ်မှ သူ့ဒေသကို စောင့်ကြည့်နိုင်မှာ ဖြစ်ပါတယ်။ ဒေသခံသာလျှင် ဒေသခံစောင့်ကြည့်သူ စေတနာ့ဝန်ထမ်း (Volunteer) သာ လုပ်လို့ရပါတယ်။ ဒါကို JMC-S က အသိအမှတ်ပြုမှသာ ဒေသခံစောင့်ကြည့်သူအဖြစ် သတ်မှတ်မှာပါ။ အဲ့ဒီလို စောင့်ကြည့်ဖို့အတွက်လည်း ဘာတွေ စောင့်ကြည့်ရမယ်ဆိုတာ သင်ရိုးညွှန်းတမ်း (Curriculum) ဆွဲပြီး အသိပညာပေးပြီးမှ ဆောင်ရွက်ခိုင်းမှာပါ။ ဒါမှ တပ်ပိုင်းဆိုင်ရာကျင့်ဝတ် (COC) ဆိုတာ ဘာ၊ NCA ဘာ ဆိုတာကိုသိမယ်။ သိမှလည်း ဘယ်သူက ဘာကိုချိုးဖောက်နေသလဲဆိုတာ သိနိုင်မယ်။ သင်တန်းတွေပေးမယ်လို့ စီစဉ်ထားပြီးပါပြီ။ ရပ်ကွက်၊ ကျေးရွာများ ဒေသခံစောင့်ကြည့်သူက ဒေသအဆင့် JMC-L ဖွဲ့ပြီးတာနဲ့ တွဲပါလာမှာပါ။



မေ ၃ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သော JMC အစည်းအဝေးမြင်ကွင်း



## နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်များ သက်ဆိုင်ရာနေရပ်ဒေသများသို့ ပြန်လည်ထွက်ခွာ

**တောင်ကြီး မေ ၅**

၂၀၁၇ ခုနှစ် နဝမတန်းဘက်စုံပညာ ထူးချွန်လူငယ်မောင်မယ်များသည် အင်းလေးခေါင်တိုင်စခန်းသိမ်းပြီး ယနေ့တွင် သက်ဆိုင်ရာနေရပ်ဒေသများသို့ ပြန်လည်ထွက်ခွာသွားကြသည်။

ဘက်စုံပညာထူးချွန်လူငယ်များသည် မေ ၄ ရက်က တောင်ကြီးမြို့နယ်အတွင်းရှိ ဘုရားစေတီများကို ဖူးမြော်ကာ ဒေသန္တရဗဟုသုတများလေ့လာပြီးနောက် ညပိုင်းတွင် စခန်းသိမ်းပွဲကျင်းပခဲ့သည်။ ယနေ့တွင် သက်ဆိုင်ရာနေရပ်ဒေသများသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘီ**

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၅**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက အမှာစကား ပြောကြားသည်။

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ထုတ်ပြန်မည့် ညွှန်ကြားချက်များဖြစ်သော အမွေဆက်ခံခြင်း၊ စနစ်ကျလယ်ယာမြေသို့ မြေယာပြုပြင်ပြောင်းလဲခြင်း ကိစ္စရပ်များအပါအဝင် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိပြီးသော ဦးပိုင်များအား ခွဲစိတ်ခွင့်၊ ပေါင်းစည်းခွင့်နှင့် လုပ်ငန်းလိုအပ်ချက်အရ ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးပြီးနောက် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အယူခံမှုဆုံးဖြတ်ခြင်းများ ဆောင်ရွက်ရာ၌ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် စစ်ဆေးချက်နှင့် ဆုံးဖြတ်ချက်များအပေါ် လက်မှတ်ရေးထိုးရာတွင် လိုက်နာကျင့်သုံးဆောင်ရွက်ရန် ညွှန်ကြားခြင်းများနှင့် လိုအပ်ပါက ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းနိုင်ရန် ကိစ္စရပ်များကို လည်းကောင်း၊ နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် နစ်နာကြေး၊ လျော်ကြေးပေးချေရန်ကိစ္စရပ်များ၊ တောင်သူများလက်ဝယ်သို့ ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်သည့် လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးနိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အသီးသီးမှ ထောက်ခံတင်ပြချက်များဖြင့် ပြီးပြည့်စုံစွာ တင်ပြလာသည့် လယ်ယာမြေ ဥပဒေ ပုဒ်မ ၃၀ (က) အရ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်နှင့် လယ်ယာမြေ ဥပဒေ ပုဒ်မ ၂၈ (က) အရ မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုပါရန် တင်ပြလာသည့် လုပ်ငန်းကိစ္စရပ်များကိုလည်းကောင်း အစည်းအဝေးတက်ရောက်လာသူများက ဆွေးနွေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်၊ တောင်သူလယ်သမားများ၏ မျှော်လင့်ချက်နှင့် လိုအပ်ချက်များအပေါ် အကောင်းဆုံးဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် လယ်ယာမြေစီမံခန့်ခွဲမှု၏ အဓိကမဏ္ဍိုင်ဖြစ်သော လယ်ယာမြေဥပဒေကို ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအပေါ်တွင် လိုအပ်ချက်များ၊ ပြင်ဆင်သင့်သောအချက်များကို ထည့်သွင်းပြင်ဆင်ပြုစုပြီး လယ်ယာမြေဥပဒေ (ပြင်သည့်ဥပဒေ) (မူကြမ်း)အား လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးလှကျော်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ဌာနမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ မုံရွာမြို့ မီးသတ်တပ်ဖွဲ့ရုံး၌ ကျင်းပ



**မုံရွာ မေ ၅**

(၇၁)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို တပ်ဖွဲ့ဝင် ၅၀၀ ကျော်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မီးသတ်တပ်ဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆ ခု ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မီးလောင်မှု ၁၀၈ ကြိမ်ဖြစ်ပွားခဲ့ရာ အိမ်ခြေ ၂၀၄ လုံး မီးလောင်ပျက်စီးခဲ့ပြီး လူဦးရေ ၈၀၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ ငွေကျပ် ၁၃၅ ဒသမ ၄၆ သန်း ဆုံးရှုံးခဲ့ကြောင်း ပြောသည်။

"ထင်ရှားတဲ့ဖြစ်ရပ်အနေနဲ့ ၂၀၁၆ ခု ဩဂုတ်လ ၂၄ ရက်က လှုပ်ခဲ့တဲ့ ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိတဲ့ အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက သာသနိကအဆောက်အအုံတွေ၊ စေတီ၊ ပုထိုးတွေ ပျက်စီးခဲ့တဲ့ဖြစ်စဉ်မှာ သက်ဆိုင်ရာဒေသမှာရှိတဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့တွေက အပျက်အစီးတွေရှင်းလင်းရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ပါဝင်ဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ ဒါ့အပြင် ၂၀၁၆ ခု အောက်တိုဘာ ၁၅ ရက် က ကနီမြို့အနီး ချင်းတွင်းမြစ်ထဲမှာဖြစ်ခဲ့တဲ့ အောင်စိုးမိုးကျော်ခရီးသည်တင် အမြန်ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်မှာလည်း ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ဆောင်ရွက်ခဲ့ကြရာမှာ ခရီးသည် ၁၅၃ ဦးကို အသက်ရှင်လျက်ကယ်နိုင်ခဲ့သလို သေဆုံးသူ ၇၂ ဦးရဲ့ရုပ်အလောင်းတွေကို ကူညီဆယ်ယူခဲ့တာကိုတွေ့ရပါတယ်။ ပါဝင်ဆောင်ရွက်ခဲ့တဲ့ တပ်ဖွဲ့ဝင်လေးဦးဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ဂုဏ်ထူးဆောင်လက်မှတ်တွေ ပေးအပ်ချီးမြှင့်ခံခဲ့ရပြီး မီးသတ်တပ်ဖွဲ့ကလည်း တစ်ဆင့်မြင့်ရာထူးတွေ ချီးမြှင့်ပေးအပ်ခဲ့တာတွေ့ရပါတယ်"ဟု ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# (၇၁)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ဟားခါးမြို့၌ ကျင်းပ

**ဟားခါး မေ ၅**

မေ ၅ ရက်က ကျရောက်ခဲ့သည့် (၇၁)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားရာ၌ မီးသတ်လုပ်ငန်းဆိုသည်မှာ ပြည်သူလူထု၏ ဘေးဒုက္ခအန္တရာယ်များကို ပြည်သူလူထုနှင့် တစ်သားတည်းရှိနေပြီး ရင်ဆိုင်ဖြေရှင်းရသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အလှူရှင်များက ထောက်ပံ့လှူဒါန်းသည့် အလှူငွေကျပ် ၂၁၅၀၀၀၀ ကို အလှူရှင်များကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်က ပေးအပ်ရာ ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က လက်ခံရယူသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြစွမ်းရည်ပြသမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။

(ပြည်နယ် ပြန်/ဆက်)

# ရေစကြိုမြို့နယ် ဗလဘကျေးရွာတွင် ကမ်းပြိုသဖြင့် လူနေအိမ်များပြောင်းရွှေ့နေရ

**ရေစကြို မေ ၅**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ ဗလဘကျေးရွာအုပ်စု ဗလဘကျေးရွာတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျသဖြင့် လူနေအိမ်များပြောင်းရွှေ့နေရသည်ဟု သိရသည်။ ကျေးရွာကမ်းပြိုမှုကြောင့် မြစ်ကမ်းအနီးရှိ ကမ်းပြိုဧရိယာအတွင်း ပါနိုင်ခြေရှိသော လူနေအိမ်များကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်တပ်ရင်းတပ်ဖွဲ့များမှ စစ်သည်များက ကျေးရွာလူထုနှင့်ပူးပေါင်း၍ အိမ်များကို ပြောင်းရွှေ့ပေးလျက်ရှိသည်ဟု သိရသည်။

"ကျွန်တော်တို့ကျေးရွာက ဧရာဝတီမြစ်နဲ့ချင်းတွင်းမြစ် ဆုံစည်းကြတဲ့ မြစ်ဆုံအောက်နားမှာ ရှိပါတယ်၊ အခု ကမ်းပြိုလို့ မေ ၂ ရက်ကစပြီး လူနေအိမ်တွေ ပြောင်းရွှေ့နေကြရပါတယ်။ မေ ၂ ရက်က မြစ်ကမ်းအနီးက လူနေအိမ် ၁၂ လုံး ပြောင်းရွှေ့ရပါတယ်။ မေ ၃ ရက် က လူနေအိမ်ခြောက်လုံး ပြောင်းရွှေ့ရပါတယ်။ မေ ၄ ရက် ငါးလုံး စုစုပေါင်း လောလောဆယ် လူနေအိမ် ၂၄ လုံး ပြောင်းရွှေ့ထားရပါတယ်။ နောက်ထပ်ပြောင်းရွှေ့စရာ အိမ် ၁၅ အိမ်လောက် ထပ်မံပြောင်းရွှေ့ရဦးမှာ ဖြစ်ပါတယ်။ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နဲ့တပ်ရင်းလေးခုက စစ်သည် ၆၀ လောက်က လာရောက်ပြီးတော့ ကူညီရွှေ့ပြောင်းပေးပါတယ်"ဟု ဗလဘကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြဆောင်က ပြောသည်။

အဆိုပါကျေးရွာသည် ဧရာဝတီမြစ်နဲ့ချင်းတွင်းမြစ်ဆုံစည်းရာ မြစ်ဆုံအောက်နားတွင်တည်ရှိပြီး အိမ်ခြေ ၁၇၀ ရှိကာ လူဦးရေ ၂၅၀၀ ခန့်ရှိသည်ဟု သိရသည်။

"ကမ်းပြိုတာကတော့ နှစ်နှစ်လောက်ရှိပါပြီ အရင်နှစ်တွေကတော့ ကမ်းပြိုတဲ့ထဲ လယ်ယာလုပ်စားမြေတွေပဲ ပါသွားတာပါ။ ကျွန်တော်တို့ ကျေးရွာအုပ်စုပိုင်လယ်ယာလုပ်စားမြေက ဧက ၇၀၀ လောက်ရှိတာပါ၊ ကမ်းပြိုတော့ အရင်နှစ်တွေက လယ်ယာလုပ်စားမြေဧက ၅၀၀ လောက်ပြိုပါတယ်။ ဒီနှစ်မှ ရွာဘက်ကိုရေဦးတည့်လာတော့ ရွာမြေနေရာတွေ ကမ်းပြိုကျလို့ လူနေအိမ်တွေ ပြောင်းရွှေ့နေရပါတယ်၊ ကမ်းပြိုမိသားစု လူဦးရေ ၁၂၂ ဦးလောက်ရှိပါတယ်။ နီးစပ်ရာ ဆွေမျိုးသားချင်းတွေအိမ်မှာ ခိုကပ်နေကြပါတယ်"ဟု ဗလဘကျေးရွာနေထိုင်သူတစ်ဦးက ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**



# ဖြူး၌ လေပြင်းတိုက်၍ အဘယမုနိစေတီတော်ကြီး ထီးတော်ယိုင်

**ဖြူး မေ ၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် မေ ၄ ရက် ညနေ ၆ နာရီခန့်က လေပြင်းကျရောက်သဖြင့် ဖြူးမြို့အရှေ့ဘက် ငါးမိုင်ခန့်တွင်တည်ရှိသော ဘုရင့်နောင်မင်းတရားကြီးတည်ထားခဲ့သည့် သမိုင်းဝင် အဘယမုနိ စေတီတော်မြတ်ကြီး၏ ထီးတော်မှာ တောင်ဘက်သို့ ယိုင်စောင်းသွားခဲ့သည်။ ထပ်မံ၍ ဖြူးမြို့နယ်သို့ ဓာတ်အားပို့လွှတ်ပေးသော ၃၃ ကေဗွီ ဓာတ်အားလိုင်းမှာ လေပြင်းတိုက်၍ အုတ်တွင်းမြို့အနီးတွင် ဓာတ်တိုင်များ လဲကျခဲ့ပြီး မီးအမြန်ပြန်လည်ရရှိရေးအတွက် ဖြူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ သွားရောက်ပြုပြင်လျက်ရှိကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

# အီရတ်အင်အားစုများ မိုဆူးလ်အနောက်မြောက်ပိုင်းတွင် ထပ်မံခြေကုပ်ရယူနိုင်

**မိုဆူးလ် မေ ၅**

အီရတ်အင်အားစုများသည် ခုနစ်လနီးပါးကြာမြင့်ခဲ့ပြီဖြစ်သည့် အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်နှိမ်နင်းမှုကို အရှိန်မြှင့်သည့်အနေဖြင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများ အသစ်ထပ်မံပြုလုပ်လျက်ရှိရာ စစ်ဆင်ရေး စတင်သည့် နှစ်ရက်မြောက်တွင် မြောက်ဘက်ဆီမှနေ၍ မိုဆူးလ်သို့ ထပ်မံဝင်ရောက်ကာ ခြေကုပ်ရယူနိုင်ခဲ့ကြောင်း တပ်မတော်အကြီးအကဲများက ပြောကြားခဲ့သည်။

အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအဖွဲ့သည် ၎င်းတို့နေရာယူထားသည့်မြို့တွင်းသို့ အီရတ်တပ်ဖွဲ့ဝင်များ မြောက်ပိုင်းမှ ဝင်ရောက်မလာနိုင်အောင် လက်ဖြောင့်သေနတ်သမားများဖြင့် ပစ်ခတ်ခြင်းနှင့် ကားဗုံးခွဲခြင်းများ လုပ်ဆောင်ကာ ပိတ်ဆို့တားဆီးရန် ကြိုးပမ်းခဲ့ကြကြောင်း စစ်ဘက်ဆိုင်ရာအကြီးအကဲတစ်ဦးဖြစ်သည့် ဝါလစ်ခါလီဖာကက ရိုက်တာသို့ ပြောကြားခဲ့သည်။



မိုဆူးလ်အနောက်မြောက်ပိုင်းတွင် အိုင်အက်စ်တိုက်ခိုက်ရေးအဖွဲ့နှင့် အီရတ်တပ်ဖွဲ့အင်အားစုတို့ တိုက်ပွဲဖြစ်ပွားမှုကို တွေ့ရစဉ်

ဝါလစ်ခါလီဖာဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် စစ်သွေးကြွအယောက် ၃၀ ခန့်ကို သုတ်သင်ချေမှုန်းနိုင်ခဲ့ပြီး ကားဗုံးထောင်ထားမှု ငါးခုကို ဖျက်ဆီးပစ်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အရပ်သားများ ပိတ်မိနေသည့် နေရာများကို ပစ်မှတ်ထားခြင်းမှ ရှောင်ရှားရန်နှင့် အသေခံကားဗုံးခွဲမှုများကို ကင်းထောက်ရာဖွေရာတွင် အမေရိကန်၏ လေကြောင်းအကူအညီက လွန်စွာအရေးပါအရာရောက်ခဲ့သည်။

စစ်သွေးကြွများသည် အရံအတားများပြုလုပ်ရန် အချိန်လုံလုံလောက်လောက်မရရှိခဲ့သည့်အတွက် အီရတ်အင်အားစုများ၏ ထိုးစစ်ဆင်မှု အထမြောက် အောင်မြင်ခဲ့ကြောင်း ပူးတွဲ စစ်ရေးညွှန်ကြားမှုအဖွဲ့ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဗိုလ်ချုပ် ရာဟာရာလ်ဆူးက ရိုက်တာသို့ ပြောကြားခဲ့သည်။

Second Musherfa ဒေသ၊ ဝတ်ပြုကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းဧရိယာများကို ပြန်လည်ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း တပ်မတော်က သတင်းဖော်ပြခဲ့သည်။ အမေရိကန်ကျောထောက်နောက်ခံပြုထားသည့် အီရတ်အင်အားစုများသည် အိုင်အက်စ်စစ်သွေးကြွများ နယ်နိမိတ်ရယူထားသည့်နေရာ၏ အနောက်ဘက်တွင် ပိတ်မိနေသည့် ထောင်ပေါင်းများစွာသော အရပ်သားများ လွတ်မြောက်နိုင်မည့် လမ်းကြောင်းများကိုဖွင့်ရန် ရည်ရွယ်လျက် မိုဆူးလ် အနောက်မြောက်ပိုင်းတွင် ခြေကုပ်ရယူနိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အီရတ်အင်အားစုများသည် ပြီးခဲ့သည့် ကြာသပတေးနေ့က မိသားစုဝင် ၁၀၀၀ ကျော်ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ရာလ်ဆူးက ပြောကြားခဲ့သည်။ **(ရိုက်တာ)**

## ဆိုမာလီယာနိုင်ငံတွင် ကာလဝမ်းရောဂါကျရောက်မှုကြောင့် သေဆုံးသူအရေအတွက်မြင့်မားလာ

**နိုင်ရိုဘီ မေ ၅**

ဆိုမာလီယာနိုင်ငံတွင် ကာလဝမ်းရောဂါကူးစက်ခံရသူပေါင်း ၃၂,၀၀၀ ရှိခဲ့ပြီး သေဆုံးသူ ၆၁၈ ဦးရှိခဲ့ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု ညှိနှိုင်းဆောင်ရွက်မှုရုံးက ယမန်နေ့က သတင်းထုတ်ပြန်ခဲ့သည်။

ဆိုမာလီယာနိုင်ငံရှိ ပြည်နယ်ပေါင်း ၁၈ ခုအနက် ၁၃ ခုတွင် ကာလဝမ်းရောဂါဖြစ်ပွားခဲ့ကြောင်း၊ ကာလဝမ်းရောဂါဖြစ်ပွားသည့် အကြောင်းရင်းမှာ မိုးခေါင်ရေရှားမှုကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် ဝက်မွှတ်မှုသည်လည်း တစ်ခုပါဝင်ကြောင်း၊ မိုးရာသီသို့ရောက်ရှိလာပါက ကာလဝမ်းရောဂါ ပိုမိုဖြစ်ပွားလာနိုင်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ကာလဝမ်းရောဂါသည် ကာလဝမ်းရောဂါပိုးကြောင့် ဖြစ်ပွားပြီး မကြာခဏအန်ခြင်း၊ ဝမ်းပျက်ခြင်း၊ ရေဓာတ်လျော့နည်းခြင်းနှင့် ကိုယ်ပူချိန်တက်ခြင်းတို့ဖြစ်ပွားပြီး အခြေအနေ ပိုမိုဆိုးရွားလာပါက အသက်ဆုံးရှုံးစေနိုင်သောရောဂါ ဖြစ်သည်။

**(ဆင်ဟွာ)**

## နိုင်ငံ့ခေါင်းဆောင်ကို ဇီဝဓာတုလက်နက်ဖြင့်တိုက်ခိုက်ရန်ကြံစည်ခဲ့သည်ဟု စီအိုင်အေသတင်းဌာနအား မြောက်ကိုရီးယားစွပ်စွဲ

**ပြုံယမ်း မေ ၅**

မြောက်ကိုရီးယားသည် အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီနှင့် တောင်ကိုရီးယား အထူးသတင်းထောက်လှမ်းရေးအဖွဲ့တို့က မြောက်ကိုရီးယားခေါင်းဆောင်အား ဇီဝဓာတုလက်နက်ဖြင့် လုပ်ကြံတိုက်ခိုက်ရန် ကြိုးစားခဲ့သည်ဟု ဆိုကာ စွပ်စွဲလိုက်ပြီး ယင်းကဲ့သို့သေးသိမ်ညံ့ဖျင်းသည့် အကြံအစည်မျိုးသည် ဘယ်သောအခါမျှ အောင်မြင်နိုင်ဖွယ်ရာမရှိဟု ပြောဆိုခဲ့ကြောင်း သိရသည်။

ကိုရီးယားကျွန်းဆွယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် တင်းမာမှုသည် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေခဲ့သည်မှာ ရက်သတ္တပတ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်သကဲ့သို့ မြောက်ကိုရီးယားနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်သည့် အရေးယူပိတ်ဆို့မှုများကို ဖီဆန်သည့်အနေဖြင့် ခြောက်ကြိမ်မြောက် နျူကလီးယားစမ်းသပ်မှု သို့မဟုတ် နောက်ထပ် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်း ထပ်မံစမ်းသပ်ပစ်လွှတ်မှုလုပ်ဆောင်မည့်အရေးကို နိုင်ငံတကာက ရတက်မအေးနိုင်အောင်ဖြစ်လျက်ရှိသည်။

သီးခြားဆန်စွာရပ်တည်လျက်ရှိသည့် မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်အား နယ်ချဲ့ရန် ကမူးရှူးထိုးလုပ်ဆောင်နေသူအဖြစ်ဖော်ပြခဲ့ပြီး တောင်ကိုရီးယားနိုင်ငံအပေါ် သည်းခံနိုင်သည့်အတိုင်းအတာကျော်လွန်သွားပြီဖြစ်ကြောင်း ပြောဆိုခဲ့သည်။



မကောင်းမှုဒုစရိုက်များဖြင့်ပြည့်နှက်နေသော အမေရိကန်ဗဟိုထောက်လှမ်းရေးဌာန(စီအိုင်အေ)နှင့် တောင်ကိုရီးယား အထူးသတင်းထောက်လှမ်းမှုအဖွဲ့တို့သည် မြောက်ကိုရီးယားခေါင်းဆောင်အား ရက်စက်ဆိုးသွမ်းသည့် လုပ်ကြံတိုက်ခိုက်မှုမျိုးပြုလုပ်ရန် ကြံစည်ခဲ့သည်ဟူ၍ မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ ယင်းစွပ်စွဲချက်နှင့် ပတ်သက်၍ ဆိုးလ်ရှိ အမေရိကန်သံရုံးနှင့် တောင်ကိုရီးယား အထူးသတင်းထောက်လှမ်းရေးအဖွဲ့ထံမှ တုံ့ပြန်မှတ်ချက်ချ ပြောဆိုမှု ထွက်ပေါ်လာခြင်းမရှိသေးပေ။ **(ရိုက်တာ)**

## စပိန်နိုင်ငံ၌ အမှိုက်ပြန်လည်သိမ်းဆည်းသည့်ဂိုဒေါင်တစ်လုံး ပေါက်ကွဲမှုဖြစ်ပွား

**မက်ဒရစ် မေ ၅**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် အမှိုက်သိမ်းဆည်းရေးဂိုဒေါင်တစ်ခု ယမန်နေ့က ပေါက်ကွဲခဲ့ရာ ၃၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပေါက်ကွဲမှုကြောင့် အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံလေးလုံး ထိခိုက်ခဲ့ပြီး ဒဏ်ရာရရှိသူများအနက် သုံးဦးမှာ အခြေအနေစိုးရိမ်ရကြောင်း သိရသည်။



ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ဂိုဒေါင်သည် အန္တရာယ်ရှိသောအမှိုက်များကို ပြန်လည်သိမ်းဆည်းသည့် ကုမ္ပဏီပိုင်ဂိုဒေါင်တစ်ခုဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းနေကြောင်း သိရသည်။

သက်ဆိုင်ရာအာဏာပိုင်များက ဂိုဒေါင်ပတ်ဝန်းကျင်တွင် နေထိုင်သူများကို ဘေးအန္တရာယ်ကင်းဝေးစေရန် ရွှေ့ပြောင်းမှုများ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော မီးခိုးများသည် လူတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သဖြင့် လူများအား ၎င်းတို့၏နေအိမ်များအတွင်း နေထိုင်ကြရန် စပိန်နိုင်ငံ ပတ်ဝန်းကျင်အခြေအနေတိုင်းတာရေးပညာရှင်များက အကြံပြုဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

## အိန္ဒိယနိုင်ငံတွင် မီနီထရပ်ကားတစ်စီးတိမ်းမှောက် တူးမြောင်းအတွင်းသို့ပြုတ်ကျ၊ ၁၄ ဦးထက်မနည်း သေဆုံး

**နယူးဒေလီ မေ ၅**

အိန္ဒိယနိုင်ငံရှိ တူးမြောင်းတစ်ခုအတွင်းသို့ မီနီထရပ်ကားတစ်စီး မေ ၅ ရက်က ပြုတ်ကျခဲ့ရာ လူ ၁၄ ဦးထက်မနည်း သေဆုံးပြီး ၂၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါမီနီထရပ်ကားသည် အိန္ဒိယနိုင်ငံမြောက်ပိုင်း အတ်တရာပရာဒေ့ရှ်ပြည်နယ်ရှိ တူးမြောင်းတစ်ခုအတွင်းသို့ ပြုတ်ကျခဲ့ခြင်းဖြစ်သည်။

မီနီထရပ်ကားပေါ်တွင် လိုက်ပါစီးနင်းလာကြသူများမှာ မင်္ဂလာဆောင်အခမ်းအနားမှ ပြန်လာကြသူများဖြစ်သည်။ ခရီးသည်အပြည့် တင်ဆောင်လာသော အဆိုပါမီနီထရပ်ကားသည် မတော်တဆ တိမ်းမှောက်သွားခဲ့ပြီး တူးမြောင်းအတွင်းသို့ ပြုတ်ကျသွားခဲ့ကြောင်း လုခ်နောင်းမြို့ အနောက်ဘက် ၂၆၅ ကီလိုမီတာအကွာရှိ အီတက်ဟ်ခရိုင် အကြီးတန်းရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားရာ နေရာသို့ သက်ဆိုင်ရာ အာဏာပိုင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များ ချက်ချင်းရောက်လာပြီး ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ကနဦးစစ်ဆေးမှုများအရ ယာဉ်ပေါ့ဆစွာ မောင်းနှင်မှုကြောင့် တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသော်လည်း အကြောင်းရင်းမှန်အား သေချာအောင် စိစစ်နေဆဲဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များ၊ UN / INGOs အဖွဲ့များတွေ့ဆုံ

**စစ်တွေ မေ ၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များ၊ UN၊ INGOs အဖွဲ့များ တွေ့ဆုံပွဲအခမ်းအနားကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးရုံး အစည်းအဝေးခန်းမ၌ မေ ၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကအရေးပါသည့်အတွက်ကြောင့် တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်နေပါကြောင်း၊ UN၊ INGOs အဖွဲ့များအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားချင်းစာနာထောက်ထားရေး အထောက်အပံ့များ၊ ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများ ဆောင်ရွက်ပေးနေသည့်အတွက် ကျေးဇူးတင်ကြောင်း၊ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရနှင့်အတူ ပူးပေါင်းညှိနှိုင်းဆောင်ရွက်စေလိုကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောအကြောင်းအရာများ သတင်းအချက်အလက်များရရှိပါကလည်း ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်စေလိုကြောင်း၊ ပြည်ထောင်စုအစိုးရမှ လိုအပ်သလို ညွှန်ကြားလာသည့်အချိန်တွင်လည်း မိမိတို့ပြည်နယ်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်းဆုံးဖြစ်အောင် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက IDP စခန်းများတွင် မိုးမကျမီ ပြန်လည်ပြုပြင်ရန်လိုအပ်သည့် အဆောက်အအုံများအား လည်းကောင်း၊ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ ပြည်နယ်အတွင်း ဆောင်ရွက်နေသောလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားပြီး ကုလသမဂ္ဂအဖွဲ့ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ရုံး (ရခိုင်ပြည်နယ်တာဝန်ခံ) Mr.Chris Carter က UN၊INGOs များ၏ ရခိုင်ပြည်နယ်အတွင်း ကူညီထောက်ပံ့မှုများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် UN၊ INGOs အဖွဲ့များက မိမိတို့အဖွဲ့အလိုက် ကူညီဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများအား ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီဝင်များ၊ ကုလသမဂ္ဂအဖွဲ့ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ရုံး (ရခိုင်ပြည်နယ်တာဝန်ခံ) Mr.Chris Carter နှင့် UN၊ INGOs များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(စစ်တွေ)**

# ဘူးသီးတောင်မြို့၌ ပြည်သူများအပန်းဖြေရန် ခေတ်မီပန်းခြံသစ်တစ်ခု စတင်အကောင်အထည်ဖော်

**ဘူးသီးတောင် မေ ၅**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့အမှတ် (၅) ရပ်ကွက်ရှိ ယခင် ဘူးသီးတောင် ကန်တော်ကြီးဥယျာဉ်နေရာကို ယခုအခါ ပြည်သူများ အပန်းဖြေ အနားယူနိုင်ရန်အတွက် ခေတ်မီပန်းခြံသစ်တစ်ခု စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"ကျွန်တော်တို့ ဘူးသီးတောင်မြို့မှာ မြို့အင်္ဂါရပ်နဲ့ညီတဲ့ ပြည်သူတွေ အပန်းဖြေ အနားယူနိုင်ဖို့ ခေတ်မီပန်းခြံသစ်တစ်ခု စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ အရင်က ဒီ ဘူးသီးတောင်မြို့မှာ ဘာပန်းခြံမှမရှိခဲ့ပါဘူး။ ကန်တော်ကြီးဥယျာဉ်ရယ်လို့တော့ ရှိခဲ့တယ်။ အခုတော့ အဲဒီနေရာကို ကျွန်တော်တို့ မြို့နယ်စည်ပင်ကနေ ဦးဆောင်ပြီးတော့ ပြည်သူတွေအပန်းဖြေအနားယူဖို့ ခေတ်မီပန်းခြံသစ်တစ်ခုကို စတင်လုပ်ဆောင်နေပါပြီ" ဟု မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးမှ ဦးအောင်မိုးဦး (အငယ်တန်းအင်ဂျင်နီယာ-၃၊ မြို့ပြ)က ပြောသည်။

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာအနေဖြင့် ယခု အကောင်အထည်ဖော်မည့် ပြည်သူများ အပန်းဖြေအနားယူနိုင်သော ခေတ်မီပန်းခြံကို အမှတ်(၅)ရပ်ကွက် ကန်တော်ကြီးအနီး ယခင် ကန်တော်ကြီးဥယျာဉ်နေရာတွင် လုပ်ဆောင်သွားမည်ဖြစ်ပြီး ဧရိယာအကျယ်အဝန်းမှာ နှစ်ဧကကျော် ကျယ်ဝန်းမည်ဖြစ်သည်။ အဆိုပါပန်းခြံကို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်ငွေလုံးငွေရင်းလုပ်ငန်းအောက် အသုံးစရိတ်အနေဖြင့် ထည့်သွင်း လုပ်ဆောင်သွားမည်ဖြစ်ပြီး လတ်တလောခန့်မှန်း ကုန်ကျငွေ လျာထားမှုမှာငွေကျပ်သိန်းပေါင်း ၂၀၀ ကျော်အသုံးပြုသွားရန် လျာထားကြောင်း သိရသည်။

"အဒေါ်တို့မြို့မှာ အဒေါ်တို့ ငယ်ငယ်ကတော့ ကျောင်းပြန်လို့ ကစားတဲ့နေရာဆို ကန်တော်ကြီးဘက်၊ ကန်တော်ကြီးဥယျာဉ်ဘက်ကိုတော့ တစ်ခါတစ်ရံ သူငယ်ချင်းတွေနဲ့ ဆော့ကစားဖြစ်ခဲ့တယ်။ အဲဒါကလည်း အဒေါ်အငယ်ကတည်းကဆိုတော့ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ။ နောက်ပိုင်းတော့ အဲဒီနေရာမှာစပါးတွေစိုက်ကြ၊ အခြားသီးနှံတွေ စိုက်ကြနဲ့ ကန်တော်ကြီးဥယျာဉ်ရယ်လို့ မရှိခဲ့တော့တာပဲ။ ပြည်သူတွေ အပန်းဖြေဖို့ အခုလိုပန်းခြံသစ်တစ်ခု အဲဒီနေရာမှာ ပြန်ပြီး အကောင်အထည်ဖော်မယ်ဆိုတော့ အဒေါ်အနေနဲ့ကတော့ ဝမ်းသာတယ်။ တကယ်လည်း မြို့တစ်မြို့အင်္ဂါရပ်နဲ့အညီ အပန်းဖြေပန်းခြံတစ်ခုဟာ ရှိသင့်တာကြာပါပြီ" ဟု အဆိုပါ ကန်တော်ကြီးဥယျာဉ်အနီး အမှတ်(၅) ရပ်ကွက်တွင် နေထိုင်သော ဒေါ်သာစံနုက ပြောသည်။

ယခု အကောင်အထည်ဖော်မည့် ကန်တော်ကြီး ခေတ်မီပန်းခြံသစ်တွင် ပြည်သူများ အနားယူအပန်းဖြေနိုင်ရန် ထိုင်ခုံအရေအတွက် ၅၀ ကျော်၊ ပန်းအလှပင်များနှင့် အရိပ်ရအပင်များ၊ ဒန်း၊ လျှောစသည့် ကလေးများ ဆော့ကစားနိုင်ရန် ကလေးကစားကွင်းနေရာများ ထည့်သွင်းသွားမည်ဖြစ်ပြီး ယခုနှစ် စတုတ္ထလေးလပတ်တွင် အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း- မောင်စိန်လွင်၊ လှကျော်(ဘူးသီးတောင်) ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**



ဘူးသီးတောင်မြို့တွင် အသစ်ပေါ်ပေါက်လာတော့မည့် ခေတ်မီပန်းခြံသစ်နေရာကို တွေ့ရစဉ်

# ဘူးသီးတောင်မြို့ ကန်တော်ကြီးရေပိုက်လိုင်းများ အစားထိုးလဲလှယ် တိုးချဲ့သွယ်တန်းမည်

**ဘူးသီးတောင် မေ ၅**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့ပေါ်နေ ပြည်သူများအား ရေပေးဝေလျက်ရှိသော အမှတ်(၅) ရပ်ကွက်အတွင်းရှိ ကန်တော်ကြီးမှ ရေပိုက်လိုင်းများအား အစားထိုးလဲလှယ်မှုများနှင့် တိုးချဲ့သွယ်တန်းခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်ဘတ်ဂျက်ငွေမှ သုံးစွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။



ဘူးသီးတောင်မြို့ပေါ်ရှိ ရပ်ကွက်များသို့ ဖြန့်ဝေလျက်ရှိသော ကန်တော်ကြီးရေကန်ကို တွေ့ရစဉ်

ဘူးသီးတောင်မြို့ အမှတ် (၅) ရပ်ကွက်ရှိ ကန်တော်ကြီးမှ မြို့တွင်းရပ်ကွက် ခုနစ်ခုသို့ နေ့စဉ်ရေပေးဝေလျက်ရှိရာ ယခုနှစ်တွင် ရေပိုက်လိုင်း အစားထိုးလဲလှယ်မှု လုပ်ငန်းများနှင့်အတူ ပြည်သူများရေလိုင်းတိုးချဲ့ပေးဝေရန် တိုးချဲ့သွယ်တန်းခြင်းလုပ်ငန်းများကိုတစ်ပါတည်း လုပ်ဆောင်သွားရန် မြို့နယ်စည်ပင်သာယာအနေဖြင့် စီစဉ်လျက်ရှိသည်။

"အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ သုံးလပတ်အလိုက် ဆောင်ရွက်မယ့် ငွေလုံးငွေရင်း လုပ်ငန်းတွေကို တစ်ပိုင်းချင်းစီ ကန့်သတ်လုပ်ဆောင်သွားဖို့ရှိပါတယ်။ ဥပမာ ဒုတိယသုံးလပတ်ထဲမှာဆို ကျွန်တော်တို့ ဘူးသီးတောင်မြို့ ကန်တော်ကြီးကနေ ရပ်ကွက်ခုနစ်ခုကို နေ့စဉ်ရေပေးနေတာတွေ ရှိပါတယ်။ အဲဒီမှာ ကန်တော်ကြီး အမှတ်(၁)နဲ့ အမှတ်(၂)က ရေပိုက်လိုင်းတွေကို အစားထိုးလဲလှယ်ပေးဖို့ရှိပါတယ်။ ဒီမှာက ရေပိုက်လိုင်းအများဆုံး ချွတ်ယွင်းမှုဖြစ်တာကတော့ နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာ အဖြစ်များပါတယ်။ အဲဒီအချိန်မှာ ပိုက်လိုင်းတွေ ပေါက်ပြဲတာတို့၊ အကြောင်းအမျိုးမျိုးကြောင့် ပိတ်ဆို့မှုတွေဖြစ်ခဲ့ရင် အစားထိုးပြုပြင်လဲလှယ်ပေးရပါတယ်။ ဒ့ါအပြင် သုံးစွဲရေလိုအပ်တဲ့ ရပ်ကွက်အချို့ကိုလည်း ရေပိုက်လိုင်းသစ်တွေ ထပ်မံတိုးချဲ့သွယ်တန်းပေးသွားဖို့ စီစဉ်ထားပါတယ်" ဟု ဘူးသီးတောင်မြို့စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ) ဦးအောင်မိုးဦးက ပြောသည်။

ယခုအခါ ဘူးသီးတောင်မြို့တွင် ရပ်ကွက် ခုနစ်ခုရှိပြီး အဆိုပါ ရပ်ကွက်အားလုံးရှိ အိမ်ခြေ ၁၀၄ အိမ်နှင့် ရေစုကန် ၁၄ ကန်တို့အား မြို့နယ်စည်ပင်သာယာမှဦးစီးကာ ပြည်သူများ နေ့စဉ် ရေသုံးစွဲနိုင်ရေး အလှည့်ကျစနစ်ဖြင့် ပေးဝေလျက်ရှိသည်။ မြို့နယ်စည်ပင်သာယာ ရေပေးဝေရေးအဖွဲ့အနေဖြင့် နေ့စဉ် နံနက် ၇ နာရီမှ ၉ နာရီအထိတစ်ကြိမ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ ညနေ ၄ နာရီမှ ညနေ ၆ နာရီအထိ တစ်ကြိမ် အလှည့်ကျစနစ်ဖြင့် ပြည်သူများ ရေသုံးစွဲမှုအဆင်ပြေစေရန် ပေးဝေလျက်ရှိသည်။ ထို့အပြင် ယခုနှစ်တွင် ပြည်သူများ အပြည့်အဝ ရေပိုမိုသုံးစွဲနိုင်ရန် လိုအပ်လျက်ရှိသော ရပ်ကွက်များကို ရေပိုက်လိုင်း ပေတစ်ထောင်ကျော်ကိုလည်း အသစ်ထပ်မံတိုးချဲ့သွယ်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်၊ လှကျော်(ဘူးသီးတောင်) ဓာတ်ပုံ- မောင်မောင်သန့်**

# မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာအနီး ကျေးရွာသားနှစ်ဦး အသတ်ခံရ

**နေပြည်တော် မေ ၅**- မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာအနီးတွင် ရေခပ်ချောင်းခွဆုံရွာသားတစ်ဦးနှင့် သဝန်ချောင်းရွာသားတစ်ဦးတို့ ဒဏ်ရာအသီးသီးဖြင့် သေဆုံးလျက်ရှိသည်ကို တွေ့ရှိရကြောင်း သိရသည်။

မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာ၏ အရှေ့ဘက် ကိုက် ၃၀၀ ခန့်အကွာ၌ လူတစ်ဦးသေဆုံးနေကြောင်း သတင်းပေးချက်အရ ယနေ့နံနက်ပိုင်းတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မောင်တောမြို့နယ် ရေခပ်ချောင်းခွဆုံကျေးရွာနေ အာမတ်အာလမ် (ဘ) အာမတ်တူဆင်းသည် ယာဘက် ဦးခေါင်းချိုစောင်း ဖောက်ဝင်ပြီး ဝဲဘက်နားရွက်အောက် ဖောက်ထွက်ဒဏ်ရာဖြင့် ပက်လက်သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ အလားတူ သဝန်ချောင်းကျေးရွာအရှေ့ဘက် မေယုတောင်ခြေရင်း၌ သဝန်ချောင်းကျေးရွာနေ အာရာအူလာ (၁၈ နှစ်)သည် လည်ပင်း၌ဓားဒဏ်ရာ၊ ကျောကုန်းထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးတွေ့ရှိရကြောင်း။

သေဆုံးသူနှစ်ဦးအား မောင်တောဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၆၄ စီး၊ သွင်းကုန် ၅၃၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၀ ၊ သွင်းကုန် ၁၆၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၅ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀ ဒသမ ၉၉၇ သန်းခန့်၊ စုစုပေါင်း ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂ ဒသမ ၄၉၇ သန်းခန့်ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂ ရက်တွင် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Canter ခြောက်ဘီးယာဉ်ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဘီယာများ၊ ခေါက်ဆွဲခြောက်များနှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၅ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဘီယာများ၊ ခေါက်ဆွဲခြောက်များနှင့် သယ်ဆောင်သည့်ယာဉ်

# MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ယနေ့ စတင်မည်

**ရန်ကုန် မေ ၅**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို မေ ၆ ရက် **(ယနေ့)** တွင် စတင်ကျင်းပမည်ဖြစ်ပြီး အဖွင့် ရက်သတ္တပတ်တွင် ထိပ်သီးအသင်းကြီးများ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။ ရာသီဝက်ချန်ပီယံ ရန်ကုန်အသင်းမှာ ရွှေဝတီအသင်းနှင့် အဝေးကွင်း၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာ မကွေးအသင်းနှင့် အိမ်ကွင်းပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲကို ပထမအကျော့အပြီးတွင် တစ်လနီးပါးရပ်နားထားခဲ့ပြီး မေလဆန်းပိုင်းမှစ၍ ပြန်လည်ကျင်းပမည်ဖြစ်သည်။ ရာသီဝက် အပြောင်းအရွှေ့ကာလမှာလည်း ဖွင့်လှစ်ထားရာ ကလပ်အသင်းအချို့မှာ လိုအပ်သည့်နေရာများအား ကစားသမားသစ်များ အင်အားဖြည့်တင်းလျက်ရှိပြီး ခြေစွမ်းမပြနိုင်သည့် နိုင်ငံခြားသားကစားသမားများကိုလည်း လဲလှယ်လျက်ရှိသည်။ ဒုတိယအကျော့ အဖွင့် ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၂)အဖြစ် မေ ၆ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဇွဲကပင်အသင်း၊ အောင်ဆန်းကွင်း၌ GFA အသင်းနှင့် Southern အသင်း၊ မေ ၇ ရက်တွင် ပုသိမ်ကွင်း၌ ရွှေဝတီအသင်းနှင့် ရန်ကုန်အသင်း၊ တောင်ငူကွင်း၌ ဟံသာဝတီအသင်းနှင့် ရခိုင်အသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် နေပြည်တော်အသင်း၊ မေ ၈ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအကျော့အပြီးတွင် ရန်ကုန်အသင်းက ၃၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ရှမ်းယူနိုက်တက်အသင်းက ၂၅ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၂၄ မှတ်၊ ရွှေဝတီအသင်းက ၁၈ မှတ်၊ ရခိုင်နှင့် ဇွဲကပင်အသင်းတို့က ၁၄ မှတ်စီ၊ မကွေးအသင်းက ၁၃ မှတ်၊ GFA နှင့် နေပြည်တော်အသင်းတို့က ကိုးမှတ်စီ၊ Southern နှင့် ဟံသာဝတီအသင်းတို့က ရှစ်မှတ်စီ၊ ချင်းယူနိုက်တက်အသင်းက ခုနစ်မှတ် ရရှိထားသည်။ ပထမအကျော့ကာလတွင် Title Sponsor မရရှိခဲ့သည့် MNL အမှတ်ပေးပြိုင်ပွဲမှာ ဒုတိယအကျော့မစတင်မီ Title Sponsor ရရှိခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ပိုင်ဆိုင်သည့် Max Cement ကုမ္ပဏီက ပံ့ပိုးကူညီခဲ့ခြင်းဖြစ်သည်။

ရာသီဝက်ချန်ပီယံ ရန်ကုန်အသင်းအတွက် ယခုကာလမှာ ချန်ပီယံဆုအတွက် အရေးပါလျက်ရှိပြီး အသင်းကြီးများနှင့် အဝေးကွင်းပွဲများ ကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ပွဲစဉ်(၁၂)တွင် ရွှေဝတီအသင်း၊ ပွဲစဉ် (၁၅) တွင် လက်ရှိချန်ပီယံ ရတနာပုံအသင်းတို့နှင့် အဝေးကွင်းပွဲများ ကစားရမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာလည်း ပွဲကျပ်များ ဆက်တိုက်ကစားရမည်ဖြစ်ပြီး မကွေး၊ ဇွဲကပင်၊ ရွှေဝတီ၊ ရန်ကုန်တို့နှင့် ဆက်တိုက်ကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ပွဲကျပ်ကာလကို ကျော်ဖြတ်နိုင်ပါက ချန်ပီယံဆုအတွက် သေချာသလောက် ရှိသွားမည်ဖြစ်ပြီး ခြေချော်ပါက ဒုတိယနေရာမှ ရှမ်းယူနိုက်တက်၊ တတိယနေရာမှ လက်ရှိချန်ပီယံ ရတနာပုံအသင်းတို့ အခွင့်ကောင်းယူနိုင်ခြင်း ရှိ၊ မရှိ MNL အမှတ်ပေးပြိုင်ပွဲများကို မလွတ်တမ်း စောင့်ကြည့်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမပွဲစဉ်) တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူး၍ Mottama Holdings Ltd ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမပွဲစဉ်) တတိယနေ့ကို နေပြည်တော်ရှိ ရေပြာတပ်မတော် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

တတိယနေ့အပြီးတွင် ပညာရှင်အဆင့်ပြိုင်ပွဲ၌ နိုင်နိုင်လင်းက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက် လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၀၉ ချက်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲတွင် မင်းနိုင်စိုးက သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် ၂၁၅ ချက်၊ အမျိုးသမီးပြိုင်ပွဲတွင် မေဦးခိုင်က သတ်မှတ်ရိုက်ချက်ထက် ၂၅ ချက်ပိုရိုက်ကာ ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ပြိုင်ပွဲနောက်ဆုံးနေ့ကို မေ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း အနိုင်ရ

**ရန်ကုန် မေ ၅**

၂၀၁၆-၂၀၁၇ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄) ပထမနေ့အဖြစ် အား/ကာ သိပ္ပံအသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ယနေ့ ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ဝေဝေအောင်၊ မြဖူးငုံ (ဂိုး)၊ ရီရီဦး၊ ခင်ပြည့်လင်း စသည့် လက်ရွေးစင် ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး အား/ကာသိပ္ပံအသင်းမှာလည်း အမာခံအများစုဖြင့် ပွဲထွက်ခဲ့သည်။ ကစားပုံမာကျောသည့် အား/ကာသိပ္ပံအသင်းသည် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းထံမှ အမှတ်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ၁၄ မိနစ်တွင် တိုက်စစ်မှူး ရီရီဦး၏ ဂိုးသွင်းယူမှုကို ခွင့်ပြုခဲ့ရသည်။ ပထမပိုင်း ယှဉ်ပြိုင်ကစားနေစဉ်ကာလအတွင်း ရာသီဥတုအခြေအနေကြောင့် ပွဲခေတ္တရပ်နားခဲ့ရသည်။ ဒုတိယပိုင်းတွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့ပြီး ၆၈ မိနစ်တွင် နန့်မေသဇင်၊ ၈၈ မိနစ်တွင် ရွှေမိုးအေးတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုး တစ်ဂိုးကို ၈၉ မိနစ်တွင် ကေဇင်မြင့်က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက လေးပွဲကစား ၁၀ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက် ဦးဆောင်လျက်ရှိပြီး အား/ကာသိပ္ပံအသင်းမှာမူ သုံးပွဲကစား တစ်မှတ်ရရှိထားသည်။ ဒုတိယနေ့ကို မေ ၇ ရက်တွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြဝတီအသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**



# ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ မန်ယူတို့ ဆယ်လ်တာဗီဂိုကို အနိုင်ယူ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲစဉ် ပထမအကျော့ပွဲစဉ်အဖြစ် ဆယ်လ်တာဗီဂိုနှင့် မန်ယူတို့ စပိန်မြေတွင် မေ ၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်း အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဆယ်လ်တာဗီဂိုသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဒဏ်ရာရလူစာရင်းတွင် ရော့စီနှင့် ပလာနက်စ် နှစ်ဦးသာ ရှိသည်။ မန်ယူအသင်းသည် ရိုဂျို၊ လုခ်ရှော၊ အီဗရာဟီမိုဗစ်တို့ မပါဝင်နိုင်သော ၄-၁-၄-၁ ကစားကွက်တွင် ရက်ရှ်ဖို့ဒ်ကို အထောင်ထားပွဲထွက်လာသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ မန်ယူအသင်းသည် ဂိုးရရှိနိုင်မည့်အခွင့်အရေး ပိုမိုရရှိခဲ့ပြီး မန်ယူအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်း ၆၇ မိနစ်တွင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က ပြစ်ဒဏ်ဘောမှ တိုက်ရိုက်သွင်းယူခဲ့သည်။ ယင်းပွဲတွင် ဆယ်လ်တာဗီဂိုသည် ဘောလုံးပိုင်ဆိုင်မှု အနည်းငယ် အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ကိုးကြိမ်အနက် သုံးကြိမ် ဂိုးပေါက်တည့်ကာ အဆုံးသတ် မသေချာသောကြောင့် ဂိုးမရရှိခဲ့ပေ။ မန်ယူအသင်းမှာ ဂိုးကန်သွင်းခွင့် ရှစ်ကြိမ်အနက် လေးကြိမ် ဂိုးပေါက်တည့်ခဲ့သည်။

အခြားပွဲစဉ်တစ်ပွဲဖြစ်သော မေ ၃ ရက်က ယှဉ်ပြိုင်ခဲ့သည့် အိုင်းယက်နှင့် လိုင်ယွန်ပွဲတွင် အိုင်းယက်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အိုင်းယက်အတွက် အနိုင်ဂိုးများကို ပွဲချိန် ၂၅ မိနစ်နှင့်၇၁ မိနစ်တွင် ထရာအိုရေး၊ ၃၄ မိနစ်တွင် ဒေါဘတ်၊ ၇၉ မိနစ်တွင် ယန်းနက်စ်တို့က သွင်းယူခဲ့ပြီး လိုင်ယွန်အတွက် တစ်လုံးတည်းသော သွင်းဂိုးကို ၆၆ မိနစ်တွင် ဗယ်ဘူနာက သွင်းယူခဲ့သည်။

ယူရိုပါလိဂ်ဒုတိယအကျော့ပွဲစဉ်များကို မေ ၁၂ ရက်(သောကြာနေ့)နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဗိုလ်လုပွဲကြီးကို မေ ၂၅ ရက်(ကြာသပတေးနေ့)နံနက်တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

■ **သီဟ**

# အာရှဖိတ်ခေါ် ခြင်းလုံးပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် မေ ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ ညွှန်ကြားမှုဖြင့် အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ Hitachi Soe Electric & Machinery Co.,Ltd ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇ အာရှဖိတ်ခေါ် ခြင်းလုံးပြိုင်ပွဲ ပထမနေ့ကို ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲ ပထမနေ့တွင် Event-1 ပြိုင်ပွဲအမျိုးအစား ကျင်းပခဲ့ပြီး အိမ်ရှင် မြန်မာ(က)နှင့် (ခ)အသင်း၊ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် ထိုင်းနှင့် မလေးရှားအသင်းတို့ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ဗိုလ်လုပွဲတွင် ထိုင်းအသင်းက ၂၈၄-၂၅၂ မှတ်ဖြင့် အနိုင်ရ


ရွှေတံဆိပ်ဆုရရှိခဲ့သည့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ်

ကာ ရွှေတံဆိပ်ရရှိခဲ့သည်။ မြန်မာ(ခ) အသင်းမှာ တတိယ ကြေးတံဆိပ်ဆုရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပထမဆုရ ထိုင်းအသင်း၊ ဒုတိယဆုရ မလေးရှားအသင်း နှင့် တတိယဆုရ မြန်မာ(ခ) အသင်းတို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်)၊ အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းထွန်း၊ အာရှခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးပြည့်စုံမြင့်တို့က ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင် မြန်မာ(က) နှင့် (ခ)အသင်း၊ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်လျက်ရှိပြီး မေ ၇ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲ ဒုတိယနေ့ကို မေ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကာ Event-2 ပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး မြန်မာခြင်းလုံး အားကစားဝါသနာရှင်များ လာရောက်အားပေးနိုင်ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ကိုကိုစိုးညွန့်**

# လူငယ်တစ်စုက ဂီတာတီးနေသည့် လူငယ်များအား ရိုက်နှက်မှုကြောင့် တစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

**ပဲခူး မေ ၅**

ပဲခူးမြို့ မြို့မရဲစခန်းအပိုင် လိပ်ပြာကန်ပတ်လမ်း၌ မေ ၄ ရက် ည ၁၁ နာရီခွဲခန့်က ဂီတာတီးသီချင်းဆိုသည့် လူငယ်များအား လူငယ်တစ်စုက ဝိုင်းဝန်းရိုက်နှက်မှုကြောင့် တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပဲခူးမြို့ လိပ်ပြာကန်ပတ်လမ်း၌ ဖြိုးကိုကိုဝင်း(၂၃ နှစ်) ဒရယ်ဘိုကျေးရွာ လှည်းကူးမြို့နယ်နေသူ၊ သူရဝင်း(၂၃ နှစ်) အင်းဝင်(၁၄)လမ်း နန်းတော်ရာရပ်ကွက်၊ စည်သူလွင်(၂၂ နှစ်) ဆိုရှယ်လစ်လမ်း(၂၀)၊ ကောင်းမြတ်ကျော်(၂၄ နှစ်) ပြည်တော်အေးကျေးရွာ၊ နေလင်းအောင်(၂၄ နှစ်) ရှမ်းတန်းကုန်းပေါ်တန်းလမ်း ပဲခူးမြို့နယ်နေသူတို့ ငါးဦးသည် ဂီတာတီးသီချင်းဆိုနေစဉ် အမည်မသိလူငယ်များက ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး အဆိုပါ ဂီတာတီး သီချင်းဆိုနေသူ ငါးဦးတို့အား "မိုက်တဲ့ကောင်တွေက မင်းတို့လား" ဟုပြောပြီး သံတုတ်၊ လျှပ်စစ်ကျဉ်စက်၊ ဓားမြှောင်တို့ဖြင့် ရိုက်နှက်ခဲ့ပြီး သူရဝင်းတို့အနီးတွင် ထိုင်နေသော ဝေါလမ်း၊ ဘုရားကြီးမြို့နေသူ ရဲနိုင်နှင့် ပဒေသာရပ်ကွက်၊ ဘုရားကြီးမြို့နေသူ ရဲကို တို့ကိုပါ ထပ်မံ၍ ဓားဖြင့်ထိုး၊ သံတုတ်ဖြင့် ရိုက်နှက်ရာ သူရဝင်း၊ စည်သူလွင်၊ ကောင်းမြတ်ကျော်၊ ရဲနိုင်၊ ရဲကို တို့တွင် ဒဏ်ရာများရရှိခဲ့ပြီး ဖြိုးကိုကိုဝင်းတွင် ထိုးသွင်းဒဏ်ရာတစ်ချက် (စိုးရိမ်ရ) ရရှိခဲ့သည်။

အဆိုပါ လူငယ်တစ်စုမှာ ယင်းနေ့ည ၁၁ နာရီ ၅၅ မိနစ်ခန့်က ပဲခူးမြစ်ကူးတံတားအနီးတွင် ပဲခူးမြို့နယ် အထက်စီတီးကျေးရွာနေသူ တင့်နိုင်(၂၄ နှစ်) အား ထပ်မံရိုက်နှက်ပြီး ဆိုင်ကယ်ကို မီးရှို့ဖျက်ဆီးခဲ့သည်။



လူငယ်တစ်စုက မီးရှို့ဖျက်ဆီးခဲ့သည့် ဆိုင်ကယ်

ယင်းရိုက်နှက် ထွက်ပြေးသူများအား ဖမ်းဆီးရမိရေးအတွက် ပဲခူးမြို့မ ရဲစခန်းမှ စခန်းမှူး ဒုရဲမှူး နိုင်စိုးနှင့် တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းရှာဖွေခဲ့ရာ ဉဿာမြို့သစ် (၂)ရပ်ကွက် နန်းဦးလမ်းသွယ် (၄)လမ်းနေ သားကြီး(ခ)သားသီဟပါ ခုနစ်ဦးဟု သိရသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ သက်ဇော်ထွေး ရွှေဂူလေး(၂)လမ်း ဉဿာမြို့သစ်(၁)ရပ်ကွက်၊ တင်ထွန်းအောင် နန်းသွယ်(၄)လမ်း ဉဿာမြို့သစ်(၁)ရပ်ကွက်၊ အောင်ကောင်းမြတ် ဉဿာမြို့သစ် (၁)ရပ်ကွက်၊ ထွန်းသူရဇော် မြို့သစ်(၁)ရပ်ကွက်၊ စွမ်းညီထူး ဉဿာမြို့သစ် (၂)ရပ်ကွက် ပဲခူးမြို့နေသူတို့အား ဖမ်းဆီးရမိခဲ့ပြီး မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူကာ ကျန်ရှိ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်နေစဉ် ဖြိုးကိုကိုဝင်းမှာ ရရှိသော ဒဏ်ရာများဖြင့် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကုသမှုခံယူနေစဉ် မေ ၅ ရက် နံနက်ပိုင်းက သေဆုံးသွားကြောင်း သိရသည်။

**သတင်း-သူရိန်ထွန်း**
**ဓာတ်ပုံ-ကိုကိုနိုင်**

# ငွေကျပ်သိန်းပေါင်း ၃၀၀ ကျော်တန်ဖိုးရှိ ရွှေထည်နှင့် ငွေများ ဖောက်ထွင်းခိုးယူခံရ

**မြစ်ကြီးနား မေ ၅**

မြစ်ကြီးနားမြို့၌ နေအိမ်အတွင်းသို့ ဖောက်ထွင်းဝင်ရောက်ပြီး ရွှေထည်နှင့် ငွေများ ခိုးယူမှု မေ ၄ ရက်က ဖြစ်ပွားခဲ့သည်။

မြေမြင့်ရပ်ကွက် နယ်မြေ(၁၂) အမှတ်(၇၀၄)နေ ဦးတင်မောင်ဆွေ(၅၇ နှစ်)



နေအိမ်အတွင်း ဖောက်ထွင်းဝင်ရောက်သူ ဖျက်ဆီးထားမှုကို တွေ့ရစဉ်

ပိုင်ဆိုင်သည့် နေအိမ်တွင် အိမ်အကူ မသန္တာချို(၂၃ နှစ်)နှင့် မသန္တာမြင့်(၁၉ နှစ်)တို့ နှစ်ဦးသာ နေအိမ်၌ ကျန်ရှိစဉ် အမျိုးသားတစ်ဦးက မျက်နှာဖုံးအုပ်ထားပြီး ဓားတစ်ချောင်းကိုင်၍ နေအိမ်ပြတင်းပေါက်ကိုဖွင့်ပြီး ဝင်ရောက်ခဲ့ကာ မသန္တာချိုအား ဓားဖြင့်ထိုးပြီး မသန္တာမြင့်နှင့်အတူ ကြိုးဖြင့်တုပ်ထားခဲ့ကာ နေအိမ်အပေါ်ထပ်သို့ တက်သွား၍ ပြန်ဆင်းလာကာ ဆိုင်ကယ်အတွင်းမှ ဓာတ်ဆီထုတ်ယူပြီး ဧည့်ခန်းအတွင်းရှိ ဆက်တီထိုင်ခုံများကို မီးရှို့ခဲ့ကြောင်း သိရသည်။

ထို့အပြင် မီးခံသေတ္တာအတွင်းရှိ သုံးကျပ်သားခန့်ရှိ ရွှေဆွဲကြိုး တစ်ကုံး၊ နှစ်ကျပ်သားခန့်ရှိ ကျောက်စိမ်းဆွဲသီးပါ ရွှေဆွဲကြိုး တစ်ကုံး၊ ကျောက်စိမ်းပွင့်ပါ ရွှေလက်ကောက် တစ်ကွင်း၊ ငါးမူးသားခန့်ရှိ ရွှေလက်စွပ် သုံးကွင်းနှင့် ရွှေလက်ကောက်တစ်ကွင်း၊ အမျိုးသားဝတ် သံကြိုးကုန်းရွှေဆွဲကြိုး တစ်ကုံး၊ နဝရတ်လက်စွပ် တစ်ကွင်း၊ ကျောက်စိမ်းရွှေလက်စွပ် တစ်ကွင်းနှင့် ငွေစက္ကူရောရော ငွေကျပ် သိန်း ၁၀၀ စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၃၀၉ သိန်း ခိုးယူခံရမှု ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေး မြစ်ကြီးနား နယ်မြေရဲစခန်းက ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# မြေနီကုန်းကျေးရွာ Max ဆီဆိုင်အနီး၌ ဆီသယ်ယာဉ်တစ်စီးတိမ်းမှောက်

**သထုံ မေ ၅**

မွန်ပြည်နယ် သထုံမြို့နယ် မြေနီကုန်းကျေးရွာ Max ဆီဆိုင်အနီး ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်တွင် မေ ၅ ရက် နံနက်က ဒီဇယ်နှင့် အောက်တိန်းစက်သုံးဆီ စုစုပေါင်း ဂါလန် ၈၀၀၀ တင်ဆောင်လာသည့် ဆီသယ်ယာဉ်တစ်စီး အရှိန်လွန် တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ရန်ကုန်-မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ် (၁၄၆/၇)နှင့်(၁၄၇/၀) ကြား Max ဆီဆိုင်အနီးတွင် ရန်ကုန်မှ သထုံဘက်သို့ ယာဉ်မောင်း ကိုနိုင် (၂၉ နှစ်) ဒဂုံဆိပ်ကမ်းမြို့ ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်လာသော ဒီဇယ် ဂါလန် ၆၄၀၀ နှင့် အောက်တိန်း ဂါလန် ၁၆၀၀ စုစုပေါင်း စက်သုံးဆီ ဂါလန် ၈၀၀၀ တင်ဆောင်လာသည့် ခေါင်းတွဲနံပါတ် YGN 7M/---- နှစ်ဆန်းဆီသယ်ယာဉ် မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိဘဲ မီးလောင်မှုနှင့် အခြားဘေးအန္တရာယ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် တာဝန်ရှိသူများက အချိန်မီ ကူညီဆောင်ရွက်ခဲ့ကြပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ကိုနိုင်အား သထုံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**



# ဒိုက်ဦးမြို့နယ် အမြန်လမ်းမကြီး၌ ခရီးသည်တင်ယာဉ်နှင့် အိမ်စီးယာဉ်တိုက်မှုဖြစ်ပွား

**ဒိုက်ဦး မေ ၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဘောနီ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် (၅၉/၁) နှင့် (၅၉/၂)ကြား၌ မေ ၅ ရက် နံနက် ၅ နာရီခန့်က နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း ဦးဝင်းဇော် (၅၄ နှစ်) မောင်းနှင်လာသော နယူးမန္တလာထွန်း ခရီးသည်တင်မှန်လုံယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ရှေ့ယာဘက်ယာဉ်ကြောပေါ်ရှိ ဦးကျော်ဟိန်း(၃၃ နှစ်) မောင်းနှင်သော 4J/---- နှစ်ဆန်းဗင်နက်တီယာဉ်ကို နောက်မှ ဝင်တိုက်မိခဲ့သဖြင့် ယင်းယာဉ်မှာ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိုက်မှုကြောင့် မှန်လုံယာဉ်ပေါ်ပါ ခရီးသည်များ ဒဏ်ရာရခြင်းမရှိဘဲ 4J/---- ယာဉ်ပေါ်ပါသူများအနက် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးနှင့် ကလေးတစ်ဦးတို့ ဒဏ်ရာ (မစိုးရိမ်ရ) ရရှိပြီး ယာဉ်မောင်း ဦးဝင်းဇော်အား ဘောနီအမြန်လမ်းမကြီး ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ချင်းရွှေဟော်မြို့၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၅**

နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများနှင့် မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက်က ချင်းရွှေဟော်မြို့ ချင်းရွှေဟော်-လောက်ကိုင်သွား ကားလမ်းမပေါ်တွင် အောင်ဝေ မောင်းနှင်ပြီး လော်လောက်ဝူနှင့် ကျိုင်းဖျင်းတို့ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၉၅၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၀၅ ကီလို သိမ်းဆည်းရမိသည်။

အလားတူ မေ ၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် နောင်မွန်ကျေးရွာအုပ်စု ဟိုတီကျေးရွာအနီးရှိ ဟိုပုံး-ဆီဆိုင်ကားလမ်းမပေါ်၌ စောအယ်ခူ မောင်းနှင်ပြီး သဲကိုကို လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၂၃ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ဗန်းမော်အကျဉ်းထောင်မှ တရုတ်နိုင်ငံသား သုံးဦးအား သက်ဆိုင်ရာသို့ ပြည်နှင့်လွှဲပြောင်းအပ်နှံမည်

**ဗန်းမော် မေ ၅**

ကချင်ပြည်နယ် ဗန်းမော်မြို့ နောင်ခိုရပ်ကွက်ရှိ ဗန်းမော်အကျဉ်းထောင်ခန်းမ၌ မေ ၄ ရက် နံနက် ၈ နာရီခွဲခန့်က တရုတ်နိုင်ငံသား သုံးဦးအား ပြစ်ဒဏ်စေ့ လွတ်မြောက်ပြီး ပြည်နှင့်လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

ဗန်းမော်အကျဉ်းထောင်၌ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ ထောင်ဒဏ် ခြောက်လကျခံခဲ့ပြီး ၂၀၁၇ ခုနှစ် ဧပြီလတွင် ပြစ်ဒဏ်စေ့လွတ်မြောက်ပြီးနောက် ပြည်နှင်မိန့်စောင့်ဆိုင်း၍ ဗန်းမော်အကျဉ်းထောင်၌ ထိန်းသိမ်းထားရှိသည့် တရုတ်နိုင်ငံသား ညီရှိုပေါ်(၂၇ နှစ်)အား လည်းကောင်း၊ လဝက-၁၃(၁)ဖြင့် ထောင်ဒဏ် သုံးနှစ်ကျခံခဲ့ပြီး တရုတ်နိုင်ငံသား ရွှီကျိန်ရင်(၅၈ နှစ်)အား လည်းကောင်း၊ လဝက-၁၃(၁)၊ မူးစိတ်ပုဒ်မ-၁၅/၁၉(က)တို့အရ ထောင်ဒဏ် နှစ် ၂၀ ကျခံခဲ့ပြီး တရုတ်နိုင်ငံသား အိုက်ဆာအေး(ခ)အိုက်စံ(၃၄ နှစ်)တို့အား လည်းကောင်း ပြည်နှင်ရန်အတွက် ဗန်းမော်အကျဉ်းထောင်မှ လက်ထောက်ကြီးကြပ်ရေးမှူး-၁ ယဉ်မောင်ထူးနှင့် မိုးမောက်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုလဝကမှူး ဦးဟန်ဋ္ဌေးထံသို့ ဗန်းမော်အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၏ ရှေ့မှောက်၌ လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့ကြပြီး ဗန်းမော်မြို့မှ လွယ်ဂျယ်မြို့သို့ ပြည်နှင်ရန် ထွက်ခွာသွားကြောင်းနှင့် လွယ်ဂျယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပြည်နှင်လွှဲပြောင်း အပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# ပြစ်ဒဏ်စေ့ တရုတ်နိုင်ငံသား နှစ်ဦးအား ပြည်နှင်လွှဲပြောင်း

**တာချီလိတ် မေ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ တာချီလိတ်လေဆိပ်၌ အကျဉ်းကျခံနေရာမှ ပြစ်ဒဏ်စေ့လွတ်မြောက်လာသည့် တရုတ်နိုင်ငံသား နှစ်ဦးအား **(အပေါ်ပုံ)** လေကြောင်းခရီးဖြင့် လားရှိုးလေဆိပ်သို့ မေ ၅ ရက်က ပို့ဆောင်လွှဲပြောင်းခဲ့သည်။

အဆိုပါ ပြည်နှင်ဒဏ်အမိန့် ရရှိပြီးဖြစ်သော တရုတ်နိုင်ငံသား Mr.Wam Mi Kyone နှင့် Mr.Li Min Kyan တို့နှစ်ဦးအား ကျိုင်းတုံမြို့နယ်ရုံးမှ လူဝင်မှုကြီးကြပ်ရေးမှူး ဦးထွန်းရီနှင့် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးနိုင်ဝင်းထွန်းတို့က ကျိုင်းတုံ အကျဉ်းထောင်မှ ထုတ်ယူ၍ မော်တော်ယာဉ်ဖြင့် ကျိုင်းတုံမြို့မှ တာချီလိတ်မြို့သို့ လည်းကောင်း၊ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဦးစိန်လွင်နှင့် အငယ်တန်းစာရေး ဦးမျိုးမြင့်တို့က တာချီလိတ်လေဆိပ်မှ လေကြောင်းခရီးဖြင့် ခေါ်ဆောင်၍ လားရှိုးလေဆိပ်သို့ ဆက်လက်ပို့ဆောင်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်နယ်ဒုတိယဦးစီးမှူးရုံးရှိ ပြည်နှင်အဖွဲ့ထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

တရုတ်နိုင်ငံသားနှစ်ဦးသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အနီးရှိ ၄က်ပျောခြံ၌ ခွင့်ပြုချက်တစ်စုံတစ်ရာမျှ မပါရှိဘဲ တရားမဝင် ဝင်ရောက်နေထိုင်သဖြင့် မိုင်းယောင်းမြို့နယ်ရားရုံးက ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ရုံးထုတ်စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် ခြောက်လအပြင် ငွေဒဏ် ကျပ် ၂၅၀၀၀၀ ပေးဆောင်စေပြီး မေ ၅ ရက်တွင် အကျဉ်းကျခံနေရာမှ ပြစ်ဒဏ်စေ့ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ(မူကြမ်း)

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ(မူကြမ်း)**
**၂၀၁၇ ခုနှစ် ၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် (           )**
**၁၃၇၈ ခုနှစ်၊ လ၊ ရက်**
**၂၀၁၇ ခုနှစ်၊ လ၊ ရက်**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို “ပြဋ္ဌာန်း”လိုက်သည်။**

## အခန်း (၁)
## အမည်၊ စတင် အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁။ ဤဥပဒေကိုစာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည်နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုဆိုသည်။

(ခ) **ဆက်လက်၍ ရေးသားသောအချက်** ဆိုသည်မှာ ရေးမှတ်ခံရသူများ၏ အမည်၊ အဘအမည်၊ အမျိုးသားမှတ်ပုံတင်အမှတ် သို့မဟုတ် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာတို့ကို ဆိုသည်။

(ဂ) **ထပ်ဆင့်ရေးမှတ်ချက်**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်စာတမ်းများ၏ မျက်နှာဖုံးတွင်ဖြစ်စေ၊ အတွင်းစာရွက်များ သို့မဟုတ် နောက်ဆက်တွဲစာရွက်စာတမ်းများတွင်ဖြစ်စေ၊ ပုဒ်မ ၇ နှင့် ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက ရေးသွင်းသည့် ရေးသွင်းချက်ကိုဆိုသည်။

(ဃ) **မရွှေ့မပြောင်းနိုင်သောပစ္စည်း** ဆိုသည်မှာ မြေနှင့်မြေမှဖြစ်ထွန်းသော အကျိုးခံစားခွင့်များ၊ မြေ၌ဆောက်လုပ်ထားသော သို့မဟုတ် တည်ရှိသောအဆောက်အအုံနှင့် အရာဝတ္ထုများကို ဆိုသည်။ သို့ရာတွင် ပင်ထောင်သစ်၊ မရိတ်သိမ်းရသေးသည့် ကောက်ပဲသီးနှံနှင့် မြက်များမပါဝင်။

(င) **အငှားစာချုပ်**ဆိုသည်မှာ စိုက်ပျိုးရန်သော်လည်းကောင်း၊ နေထိုင်ရန်သော်လည်း ကောင်း၊ အခြားတစ်နည်းနည်း အသုံးပြုရန်သော် လည်းကောင်း၊ လက်ရှိထားရန် သော်လည်းကောင်း ငှားရမ်းသည့် သဘောတူစာချုပ်ကိုဆိုသည်။

(စ) **အရွယ်မရောက်သေးသူ**ဆိုသည်မှာ အသက်၁၈ နှစ် မပြည့်သေးသူကိုဆိုသည်။

(ဆ) **ရွှေ့ပြောင်းနိုင်သောပစ္စည်း** ဆိုသည်မှာ မရွှေ့မပြောင်းနိုင်သော ပစ္စည်းမှ တစ်ပါး အခြားပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဇ) **ကိုယ်စား** ဆိုသည်မှာ အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူကို တရားဝင်အုပ်ထိန်းခွင့်ရသည့် ပုဂ္ဂိုလ်ကိုဆိုသည်။ ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့ဖြစ်ပါကဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့၏ကိုယ်စား အစည်းအဝေးမှတ်တမ်း ဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်ကိုဆိုသည်။

(ဈ) **ကိုယ်စားလှယ်**ဆိုသည်မှာ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ကိုယ်စားခန့်ထားခြင်းခံရသူ သို့မဟုတ် အခြားသူများနှင့် ဆက်ဆံရာတွင် သူတစ်ပါးအတွက် ကိုယ်စားပြုသူကို ဆိုသည်။

(ည) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ဝန်ကြီး** ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဌ) **ဦးစီးဌာန**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ဆိုသည်။

(ဍ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

## အခန်း(၂)
## စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိအဆင့်ဆင့်နှင့် စုံစမ်းစစ်ဆေးရေးမှူးတို့ကိုသတ်မှတ်ခြင်း

၄။ စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်း၏ အကြီးအမှူးသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ၊ ပြည်ထောင်စုနယ်မြေ၏ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ ဖြစ်သည်။

၆။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူးသည်သက်ဆိုင်ရာခရိုင်၏ စာချုပ်စာတမ်းမှတ်ပုံတင်စစ်ဆေးရေးမှူးဖြစ်သည်။

၇။ ပြည်ထောင်စုဝန်ကြီး၏ အတည်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်က ခန့်အပ်တာဝန်ပေးသည့်ဦးစီးဌာနမှ အရာရှိသည် သတ်မှတ်ထားသော မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ ဖြစ်သည်။

၈။ ဒုတိယဦးစီးမှူးအဆင့်အောက်မနိမ့်သော မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် သက်ဆိုင်ရာမြို့နယ်၏ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိဖြစ်သည်။

## အခန်း(၃)
## စာချုပ်စာတမ်းမှတ်ပုံတင်ရုံးဖွဲ့စည်းတည်ထောင်ခြင်း

၉။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ၊ ပြည်ထောင်စုနယ်မြေ၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ပြည်ထောင်စုနယ်မြေ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးများတွင် တွဲဖက်ဖွင့်လှစ်ရမည်။

၁၀။ ညွှန်ကြားရေးမှူးချုပ်သည် မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း၌ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ စုစည်း၍ ဖွင့်လှစ်ရမည်။

၁၁။ ပုဒ်မ ၁၀ ပါ မြို့နယ်များမှအပ ကျန်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် တွဲဖက်ဖွင့်လှစ်ရမည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် လိုအပ်သည့် ဝန်ထမ်းများကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက်ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ၏ တာဝန်များကို ဦးစီးဌာနမှ သင့်လျော်သည့် အရာရှိတစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အသုံးပြုသည့် မှတ်ပုံတင်စာအုပ်နှင့် အသုံးပြုသည့်ပုံစံများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၅။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသည်-

(က) ဦးစီးဌာနက သတ်မှတ်သော ပုံစံအရွယ်အစားနှင့် ဖော်ပြရမည့်အချက်များ ပါရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ တံဆိပ်တုံးများ၊ ရုံးတံဆိပ်တုံးများကို အသုံးပြုရမည်။

(ခ) ဦးစီးဌာနက ရိုက်နှိပ်ဖြန့်ဝေသည့် သတ်မှတ်သော မှတ်ပုံတင်စာအုပ်များနှင့် ပုံစံများကို အသုံးပြုရမည်။

(ဂ) အသုံးပြုသော မှတ်ပုံတင်စာအုပ်များ၏ စာမျက်နှာတိုင်းတွင် ပုံနှိပ်အမှတ်စဉ်များကို အစဉ်လိုက်မှတ်သားထားရမည်။

(ဃ) ဦးစီးဌာနမှထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာ ထားရှိရမည်။

(င) စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် အမှုတွဲများကိုလုံခြုံစွာ သိမ်းဆည်းနိုင်ရန် အမှုတွဲခန်းဖွင့်လှစ်ထားရှိရမည်။

## အခန်း(၄)
## စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်း

၁၆။ ဤဥပဒေအရ အောက်ပါစာချုပ်စာတမ်းများကို မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများအဖြစ် သတ်မှတ်သည်-

(က) မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို အပိုင်ပေးသည့်စာချုပ်စာတမ်းများ၊

(ခ) တန်ဖိုးငွေကျပ်တစ်သိန်းနှင့် အထက်ရှိသည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ရောင်းချ ခြင်း၊ ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွားတစ်စုံတစ်ရာဖြစ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို ခိုင်မာစေရန် ပြုလုပ်သည့် သေတမ်းစာမဟုတ်သော စာချုပ်စာတမ်းများ၊ ယင်းစာချုပ်စာတမ်းတို့နှင့် သက်ဆိုင်သည့် ပိုင်ဆိုင်ခွင့်အပေါ် တရားရုံးကချမှတ်သည့် ဒီကရီ သို့မဟုတ် အမိန့် သို့မဟုတ် စီရင်ချက်များ၊

(ဂ) တန်ဖိုးငွေကျပ်တစ်သိန်းနှင့် အထက်ရှိသည့် ပိုင်ဆိုင်ခွင့်စာချုပ်ကိုအပ်နှံ၍ ပေါင်နှံငွေချေးခြင်းမှတစ်ပါး ပေါင်နှံခြင်းကို ပေါင်နှံသူလက်မှတ်ရေးထိုးပြီး အနည်းဆုံး အသိသက်သေနှစ်ဦးက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးထားသည့် ပေါင်နှံခြင်းစာချုပ်များနှင့် ပေါင်နှံခြင်းဖျက်သိမ်းသောစာချုပ်များ၊

(ဃ) မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို တစ်နှစ်ပြီးတစ်နှစ် ငှားရမ်းခြင်း၊ တစ်နှစ်ထက်ပို၍ငှားရမ်းခြင်း၊ ငှားရမ်းခကို နှစ်အလိုက်သတ်မှတ်၍ ငှားရမ်းခြင်းစာချုပ်များ၊

(င) ကုမ္ပဏီအသင်းအဖွဲ့တို့က မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း ပိုင်ဆိုင်ခွင့်အားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ယင်းပစ္စည်းနှင့် သက်ဆိုင်သည့် အကျိုးစီးပွားကိုဖြစ်စေ ယုံမှတ်အပ်နှံသူသို့ပေါင်နှံခြင်း၊ ပေးအပ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲအပ်ခြင်းပြုသည့် စာချုပ်စာတမ်းများ၊

(စ) ကိတ္တိမသားသမီးမွေးစားခြင်း စာချုပ်စာတမ်းများ၊

(ဆ) နိုင်ငံတော်အစိုးရက အခါအားလျော်စွာ သတ်မှတ်သည့် စာချုပ်စာတမ်းများ၊

၁၇။ ဤဥပဒေအရ အောက်ပါစာချုပ်စာတမ်းများသည် မှတ်ပုံတင်လိုက တင်နိုင်သော စာချုပ်စာတမ်းအမျိုးအစားများဖြစ်သည်-

(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်း၌ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ဖြစ်စေ တန်ဖိုးငွေကျပ်တစ်သိန်းအောက် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများပေါ်တွင် ဆိုင်ရာဆိုင်ခွင့်၊ အကျိုးစီးပွားတစ်စုံတစ်ရာဖြစ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို မျက်မှောက်ကာလအတွက် သော်လည်းကောင်း နောင်ကာလအတွက်သော်လည်းကောင်း၊ ဖြစ်မြောက်စေရန်ပြုလုပ်သည့် အပိုင်ပေးစာချုပ်နှင့် ငွေလက်ခံရရှိခြင်း သို့မဟုတ် ပေးအပ်ခြင်းကို ဝန်ခံသည့်စာချုပ်စာတမ်းများ၊

(ခ) အပေါင်တန်ဖိုးငွေကျပ်တစ်သိန်းအောက်ဖြင့် ပေါင်နှံသော စာချုပ်စာတမ်းများ၊

(ဂ) မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကို တစ်နှစ်ထက်မပိုသော ကာလအတွက် ငှားရမ်းသည့် အငှားစာချုပ်စာတမ်းများ၊

(ဃ) ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများပေါ်တွင် ဆိုင်ရာဆိုင်ခွင့်၊ အကျိုးစီးပွား တစ်စုံတစ်ရာ ဖြစ်ပေါ်စေရေးအတွက် ကြေညာခြင်း၊လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ သို့မဟုတ် ဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများ၊

(င) သေတမ်းစာများ၊

(စ) တရားရုံးကချမှတ်သည့်သာမန်ဒီကရီများ သို့မဟုတ် အမိန့်များနှင့် အနုညာတခုံလူကြီးတို့၏ ဆုံးဖြတ်ချက်များ၊

(ဆ) တရားရုံးကဖြစ်စေ၊ အခွန်အရာရှိ သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ခုခုကို လေလံတင်ရောင်းချပြီးနောက် ဝယ်ယူသူအား ထုတ်ပေးသည့် အရောင်းသက်သေခံလက်မှတ်၊

(ဇ) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ထုတ်ဝေသည့် ဂရန်စာချုပ် သို့မဟုတ် ခွဲဝေပေးသည့် စာချုပ်စာတမ်းများ၊

(ဈ) အထက်ဖော်ပြပါ စာချုပ်စာတမ်းများအပြင် ပုဒ်မ ၁၆ ပါ မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများအဖြစ် သတ်မှတ်ထားသည့် စာချုပ်စာတမ်းများမှတစ်ပါး အခြား စာချုပ်စာတမ်းများ။

၁၈။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်စာတမ်းများသည်-

(က) မြန်မာဘာသာဖြင့် ရေးသားထားသော စာချုပ်စာတမ်းများဖြစ်ရမည်။

(ခ) အကယ်၍ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာချုပ်စာတမ်းဖြစ်လျှင် နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် မြန်မာဘာသာပြန်ဆိုချက်ကို ပူးတွဲတင်ပြရမည်။

(ဂ) စာချုပ်ချုပ်ဆိုသူတို့က ပြည့်စုံစွာ ရေးသားလက်မှတ်ရေးထိုးထားသော စာချုပ်စာတမ်းများ ဖြစ်ရမည်။

(ဃ) စာချုပ်စာတမ်းပါ ရေးသားဖော်ပြချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ထားလျှင် ယင်းသို့ပြုလုပ်ထားသည့် နေရာအသီးသီး၌ စာချုပ်ချုပ်ဆိုသည့်ပုဂ္ဂိုလ်တို့၏ လက်မှတ်တို သို့မဟုတ် လက်မှတ်ရှည်ကို ရေးထိုးရမည်။

၁၉။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ရန် တင်ပြသည့်စာချုပ်တွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပါရှိပါက ယင်းသို့ ဆောင်ရွက်ထားခြင်းကို မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းတင်ထားရှိရမည်။

၂၀။ သေတမ်းစာမဟုတ်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်း တစ်စုံတစ်ရာကို မှတ်ပုံတင်သွင်းပါက မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းစာရင်းကို လွယ်ကူစွာ ခွဲခြားသိရှိနိုင်ရန် အမျိုးအစား၊ ပုံသဏ္ဌာန်၊ အရွယ်အစားနှင့် တည်နေရာတို့ကို ရှင်းလင်းစွာဖော်ပြရမည့်ပြင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းသည် မြေဖြစ်ပါက မြေနှင့်စပ်လျဉ်း၍ သက်သေခံနိုင်သော သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက တရားဝင်ထုတ်ပေးထားသည့် သက်သေခံမြေပုံနှစ်ခုနှင့် မြေရာဇဝင်ပါ ရှိရမည်။

## အခန်း (၅)
## စာချုပ်စာတမ်းများကို မှတ်ပုံတင်သွင်းရန် အချိန်ကာလ

၂၁။ နိုင်ငံတော်အတွင်းချုပ်ဆိုသည့် သေတမ်းစာမှတစ်ပါး အခြားစာချုပ်စာတမ်းများကို စာချုပ်ချုပ်ဆိုသည့်နေ့ရက်မှစ၍ သော်လည်းကောင်း၊ တရားရုံး၏ဒီကရီ သို့မဟုတ် အမိန့်ကို အမိန့်ချမှတ်သည့် နေ့ရက်မှစ၍ သော်လည်းကောင်း ရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် တင်ပြရမည်။ သို့ရာတွင် တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ကိုအယူခံဝင်လျှင် မှတ်ပုံတင်ရန် တင်ပြရမည့်ရက်ကို နောက်ဆုံးအယူခံဝင်သည့်ရုံးက အမိန့်ချမှတ်သည့်နေ့ရက်မှ စတင် ရေတွက်ရမည်။

၂၂။ စာချုပ်စာတမ်းတစ်ခုကိုနှစ်ဦးထက်ပိုသူများက လက်မှတ်ရေးထိုးချုပ်ဆိုကြသဖြင့် လက်မှတ်ရေးထိုးချိန်ကွဲပြားလျှင် နောက်ဆုံးလက်မှတ်ရေးထိုးသည့်နေ့ရက်မှ ရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် တင်ပြရမည်။

၂၃။ နိုင်ငံတော်အတွင်း ချုပ်ဆိုသည့် သေတမ်းစာမှတစ်ပါး၊ အခြားစာချုပ်စာတမ်းကို သော်လည်းကောင်း၊ တရားရုံး၏ဒီကရီ သို့မဟုတ် အမိန့်ကိုသော်လည်းကောင်း ပုဒ်မ ၂၁ အရ သတ်မှတ်သည့်ကာလအတွင်း အကြောင်းတစ်စုံတစ်ရာကြောင့် မှတ်ပုံတင်နိုင်ခြင်းမရှိဘဲ သတ်မှတ်ကာလကျော်လွန်ပြီးမှ မှတ်ပုံတင်ရန်တင်ပြသည့် ကိစ္စရပ်တွင်-

(က) မှတ်ပုံတင်လိုသူသည် မှတ်ပုံတင်ခွင့်ပြုရန် ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

(ခ) ပုဒ်မ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ(က) အရ လျှောက်ထားချက်ကိုလက်ခံရရှိလျှင် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ(ခ)အရ တင်ပြချက်ကို လိုအပ်သလိုစိစစ်ပြီး မှတ်ပုံတင်ရန် သတ်မှတ်ကာလထက် ကျော်လွန်သည့်ကာလသည် ရက်ပေါင်း ၁၂၀ ထက် မပိုလျှင် သတ်မှတ်ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး မှတ်ပုံတင်ခွင့်ပြုနိုင်သည်။

၂၄။ နိုင်ငံတော်ပြင်ပတွင် ချုပ်ဆိုသောစာချုပ်စာတမ်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လိုသူသည်-

(က) နိုင်ငံတော်အတွင်းသို့ ရောက်ရှိသည့်နေ့ရက်မှ ရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် ပုဒ်မ ၇ နှင့်ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၇ နှင့်ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ(က) အရ တင်ပြသောစာချုပ်စာတမ်းကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်ပေးရမည်။

(ဂ) မှတ်ပုံတင်လိုသူက ပုဒ်မခွဲ(က)ပါ သတ်မှတ်ရက်ထက် ကျော်လွန်၍ မှတ်ပုံတင်ရန် တင်ပြလာခြင်းဖြစ်ပါက ပုဒ်မ ၂၃ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများကို ပစ္စည်းတည်ရှိရာ အရပ်ဒေသရှိ ပုဒ်မ ၁၀နှင့် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ရမည်။ အခြားစာချုပ်စာတမ်းများကို မည်သည့်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင်မဆို မှတ်ပုံတင်ခွင့်ရှိသည်။

၂၆။ တရားရုံးဒီကရီ သို့မဟုတ် အမိန့်တာဝန်ခံမိတ္တူကို အောက်ဖော်ပြပါ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်-

(က) မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့် သက်ဆိုင်ပါက မူလစီရင်ချက်ချမှတ်သည့် တရားရုံးတည်ရှိရာ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်။

(ခ) ပုဒ်မခွဲ(က)နှင့် သက်ဆိုင်ခြင်းမရှိပါက မည်သည့်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင်မဆို မှတ်ပုံတင်ခွင့်ရှိသည်။

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိများသည် မိမိလက်အောက်ရှိ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှတ်ပုံတင်ပေးသည့် မည်သည့်စာချုပ်စာတမ်းများကိုမဆို စစ်ဆေးရန် လိုအပ်ပါက ခရိုင်စာချုပ်စာတမ်း မှတ်ပုံတင်စစ်ဆေးရေးမှူးအား တာဝန်ပေးအပ်၍ စစ်ဆေးစေနိုင်ခွင့် သို့မဟုတ် ဤဥပဒေနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားခွင့်ရှိသည်။

၂၈။ ခရိုင်စာချုပ်စာတမ်းစစ်ဆေးရေးမှူးသည် ပုဒ်မ ၂၇ အရ တာဝန်ပေးအပ်လာပါက ပုဒ်မ ၇ နှင့်ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိကိုသော်လည်းကောင်း၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးရှိ ဝန်ထမ်းကိုသော်လည်းကောင်း မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းနှင့် သက်ဆိုင်သူ မည်သူကိုမဆို ဆင့်ဆို၍ စစ်ဆေးနိုင်ခွင့်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မန္တလေးတိုင်းဒေသကြီးအတွင်း ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေထူထောင်ရန် အလုပ်ရုံဆွေးနွေး



**မန္တလေး မေ ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သော တိုင်းဒေသကြီးအတွင်း ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေများ ထူထောင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၃ ရက်က မြို့တော်စည်ပင်သာယာရေး ကော်မတီရုံး ခြောက်ထပ်ဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးအတွင်း ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေအဖြစ်သတ်မှတ်ထားသည့် မဟာမုနိ၊ ကျောက်တော်ကြီးနှင့် ကုသိုလ်တော်ဘုရားများတွင် နိုင်ငံတကာအဆင့်မီ ဆိုင်းဘုတ်များ တပ်ဆင်စိုက်ထူနိုင်ရေးနှင့် ဆေးလိပ်မသောက်ရနေရာများ သတ်မှတ်ပေးသကဲ့သို့ ဆေးလိပ်သောက်ရန် နေရာများလည်း သတ်မှတ်ပေးနိုင်ရေးအတွက် အကြံပြုဆွေးနွေးပေးစေလိုကြောင်း မြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်ကလည်း မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အကြီးဆုံးလုပ်ငန်းမှာ စီးကရက် စက်ရုံများဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စက်ရုံပေါင်း ၂၀ နီးပါးရှိသည့်အပြင် လက်ရှိတွင် တံဆိပ်အမျိုးမျိုးဖြင့် ဖြန့်ချိနေသည့် စီးကရက်အမျိုးအစားပေါင်း ၆၀ ကျော်ရှိပြီး ဆေးလိပ်အရေ အတွက်အားဖြင့်လည်း ၁၉၇၀ ပြည့်နှစ်က စီးကရက်အလိပ်ရေသန်း ၅၀သာ ထုတ်လုပ်ခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် အလိပ်ရေသန်း ၂၀၀၀ အထိ ထုတ်လုပ်ခဲ့ပြီး ယခုအချိန်တွင် သန်း ၉၀၀၀ အထိ တိုးတက်ထုတ်လုပ်လာခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည့်အတွက် ပညာပေးမှုများဖြင့် မလုံလောက်တော့ဘဲ ဆေးလိပ်မသောက်ရနယ်မြေများ သတ်မှတ်တားဆီးသင့်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာမျိုးသန့်ခိုင်က ၂၀၁၅ ခုနှစ်တွင် ပုဂံတစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ရေး စီမံချက်ဖြင့် ပုဂံစေတီပုထိုး ၁၈ ဆူတွင် ဆေးလိပ်မသောက်ရ နယ်မြေအဖြစ် ဆိုင်းဘုတ်များ စိုက်ထူပေးနိုင်ခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် အင်းလေးဒေသတွင်လည်း ဆေးလိပ်မသောက်ရနယ်မြေအဖြစ် သတ်မှတ်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာဆေးလိပ်ငွေ့ကင်းစင်ရေးကော်မတီအဖွဲ့ဝင်များနှင့်ဂေါပကဥက္ကဋ္ဌများကလည်း ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေအဖြစ် သတ်မှတ်ဆိုက်ထူမည့် ဆိုင်းဘုတ်နေရာများနှင့် ဆေးလိပ်သောက်ရမည့် နေရာများအား အကြံပြုရွေးချယ်ပေးခဲ့ကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တာချီလိတ်၌ အဓမ္မအလုပ်ခိုင်းစေမှု ပပျောက်ရေး အသိပညာပေးအလုပ်ရုံဆွေးနွေး

**တာချီလိတ် မေ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် မော်ကွမ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် သုတဒါနအသိပညာဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် အဓမ္မအလုပ်ခိုင်းစေမှု ပပျောက်ရေးဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို မေ ၃ ရက်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Centre ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ သုတဒါနအသိပညာ ဖွံ့ဖြိုးရေးအဖွဲ့ဥက္ကဋ္ဌ ဦးစစ်ခိုင်ထွန်းက အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျိုင်းတုံမြို့မော်ကွမ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်နန်းဝိုးဖတ်က အဓမ္မအလုပ်ခိုင်းစေမှု အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်လက်ရှိအနေအထားများ၊ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အခွင့်အရေးများ၊ အလုပ်သမားဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ကျေးရွာများမှ လူငယ်များက အုပ်စုလိုက် အဖွဲ့ခွဲ၍ ဆွေးနွေးခဲ့ကာ အသိပညာပေးဗီဒီယိုပြသခြင်းနှင့် အဓမ္မအလုပ်ခိုင်းစေမှု ပပျောက်ရေးဆိုင်ရာ မီဒီယာပညာပေးရုပ်ပုံများဖြင့် အသိပညာမြှင့်တင်ခြင်း အစီအစဉ်များ ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မှုခင်းသတင်းတိုထွာ

### တရားမဝင် ပိတောက်တုံးများ သိမ်းဆည်းရမိ

သစ်နှင့်သစ်တောထွက်ပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ယူမှုများ လျော့နည်းပပျောက်စေရန် စစ်ကြောင်းအသွင်ဖြင့် မုံရွာခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသန်းနှင့် သစ်တောဝန်ထမ်းများ၊ ဆားလင်းကြီးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ဇော်လတ်နှင့် တပ်ဖွဲ့ဝင်များ မေ ၁ ရက်က ဆားလင်းကြီးမြို့နယ် လင်းစားကျက်ကျေးရွာ ပုသိမ်-မုံရွာသွားကားလမ်း၊ ဝက်ခုတ်တံတားအနောက်ဘက် ငါးဖာလုံခန့်အကွာတောထဲ၌ ပိတောက်သားစကွဲယားတုံး ၆၅ တုံး၊ တန်ချိန် ၈ ဒသမ ၅၁၂ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍သစ်နှင့်သစ်တောထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ် နေသူများအား စုံစမ်းစစ်ဆေးအရေးယူနိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

### ရေဆင်းချိုးရာမှ ရေနစ်သေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်ကပ္ပလိပ်ရွာနှင့် ပေကုန်း ရွာကြား ဧရာဝတီမြစ်အတွင်း မေ ၂ ရက် နံနက်က လူတစ်ဦးရေနစ်သေဆုံးကြောင်း သတင်းအရ ကသာမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ပေကုန်း ကျေးရွာနေ ဦးအောင်ဝင်း (၅၂ နှစ်) သည် မိသားစုနှင့်အတူ မြစ်အတွင်းရေဆင်းချိုးရာမှ ရေနစ်သေဆုံးသွားခြင်းဖြစ်ကြောင်း သိရှိရ၍ ကသာမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

### ဓားခုတ်မှုဖြစ်ပွားပြီး ပြစ်မှုကျူးလွန်သူတိမ်းရှောင်

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့အမှတ်(၂)ရပ်ကွက်ရွှေနဒီ(၁)လမ်းတွင် မေ ၂ရက် ည ၁၀နာရီခန့်က ဓားခုတ်မှုဖြစ်ပွားကြောင်းသိရရှိသဖြင့် ရွှေသောင်ယံရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်နှင့်အဖွဲ့တို့သွားရောက်စစ်ဆေးရာ ဓားဖြင့်ခုတ်ခံရသူမှာ ရွှေနဒီ (၁)လမ်းမှ မင်းမင်း(ခ)မြတ်မင်းထွန်း(၃၇နှစ်)ဖြစ်ပြီး ပြစ်မှုကျူးလွန်သူ ကျော်သူနိုင် (၃၉နှစ်) မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂ ရက် ည ၉နာရီ ၄၅မိနစ်ခန့်က မင်းမင်း(ခ)မြတ်မင်းထွန်း၏ အစ်ကို ဖြစ်သူဖြိုးကိုဆဲဆိုသည်ကို ကျော်သူနိုင်၏ ဦးလေး ဦးမြင့်လွင်က ထင်းချောင်းတုတ်ဖြင့် ရိုက်ရာ မင်းမင်းက ဝင်ရောက်တောင်းပန်နေခိုက် ကျော်သူနိုင်က ဓားရှည်ဖြင့် ဝင်ရောက်ခုတ်သဖြင့် မင်းမင်းမှာ (စိုးရိမ်ရ) ဒဏ်ရာရရှိပြီးဆေးရုံသို့ပို့ဆောင်ထားကြောင်း၊ ပြစ်မှုကျူးလွန်သူအားဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် တာမိုင်းလုံကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗန်းမော်မူးယစ်တပ်ဖွဲ့စု (၁) မှ ရဲအုပ်ခါးလီဦးစီးသော တပ်ဖွဲ့ဝင်များသည် မေ ၃ ရက်က မူးယစ်ဆေးဝါးသတင်းအရ ဗန်းမော်မြို့နယ် တာမိုင်းလုံကျေးရွာနေ ဦးဝင်းခိုင် (၄၀ နှစ်) နှင့်ဇနီး ဒေါ်နန်းညို (၃၇နှစ်) တို့အား နေအိမ်၌ အသင့်တွေ့ရှိရပြီး ဝင်ရောက်ရှာဖွေရာ စုစုပေါင်း ဘိန်းဖြူမှုန့် အလေးချိန် ၁၁ ဒသမ ၂ ဂရမ်ကို သိမ်းဆည်း ရမိခဲ့သည်။အဆိုပါ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူနှစ်ဦးအား ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန် /ဆက်)**

# ၄၀၀ ဗို့ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

**မိုးညို မေ ၅**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်းရှိ ရွှေပြည်သာရပ်ကွက်၊ မြို့မရပ်ကွက်၊ ဇောတိကရပ်ကွက်၊ ရွှေဥဒေါင်းရပ်ကွက်၊ သခင်လှရှိန်ရပ်ကွက်တို့တွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း (၆ ဒသမ ၃)မိုင် အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်မှူး ဦးမျိုးထိုက်ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ မေ ၁ ရက်တွင် လုပ်ငန်းများအားလုံးပြီးစီး၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရပ်ကွက်များတွင် ယခင်က မီးသုံးသူ ၁၉၁၈ ဦးရှိခဲ့ရာမှ ယခုအခါ မီးသုံးသူ ၁၀၀၀ ခန့်တိုးလာသဖြင့် စုစုပေါင်း ၂၉၁၈ ဦး ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်**

# လှိုင်သာယာအမှတ်(၁)ဘုရင့်နောင်တံတားပေါ်တွင် နေ့စဉ်ယာဉ်များရပ်တန့်ရမှုကြောင့် တံတားခံနိုင်ဝန်ကို ထိခိုက်လာနိုင်

**ရန်ကုန် မေ ၅**

ရန်ကုန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီးအတွက် ကူးသန်းသွားလာရေးတွင် အရေးပါသော လှိုင်သာယာမြစ်ကူးတံတားတစ်စင်းဖြစ်သည့် အမှတ်(၁)ဘုရင့်နောင်တံတားပေါ်တွင် နံနက်ပိုင်း၌ယာဉ်ကြော ပိတ်ဆို့ကာ ရပ်တန့်လျက်တရွေ့ ရွေ့ဖြင့်သွားလာနေရသောကြောင့် ကြာရှည်လာသည်နှင့်အမျှတံတားခံနိုင်ဝန်ကို ထိခိုက်နိုင်ကြောင်း ခရီးသွားယာဉ်လိုင်းအချို့မှ ယာဉ်မောင်းများက စိုးရိမ်လျက်ရှိသည်။



လှိုင်မြစ်ကူးတံတားကြီးလေးစင်းတွင် ဦးစွာတည်ဆောက်ခဲ့သော အမှတ်(၁)ဘုရင့်နောင်တံတားကြီးသည် တိုင်းဒေသကြီး နှစ်ခု၏ ခရီးသွားလာမှုနှင့်ကုန်စည်စီးဆင်းမှုကို အထောက်အကူပြုလျက်ရှိသော တံတားကြီးတစ်စင်းလည်းဖြစ်ပြီး နံနက်တိုင်းတံတားပေါ်တွင် ယာဉ်များရပ်တန့်နေရခြင်းသည် ဘုရင့်နောင်တံတားအောက်ရှိ မီးပွိုင့်ကြောင့်မဟုတ်ဘဲ ထိုမီးပွိုင့်အနီးရှိ အလွတ်ယာဉ်ကြောမှ ပလာဇာဝင်း အတွင်းလမ်းသို့ ဝင်ရောက်သောယာဉ်များနှေးကွေးခြင်း၊ အမှတ်(၂)ဘုရင့်နောင်တံတားတစ်လမ်းမောင်းမှယာဉ်များအမှတ်(၁)ဘုရင့်နောင် တံတားလမ်းကြောသို့ ကာထားသော ဘလောက်တုံးများကို ဖယ်ရှားကာဖြတ်သန်းဝင်ရောက်ခြင်းတို့ကြောင့် အမှတ်(၁)တံတားပေါ်တွင် သွားလာသောယာဉ်များ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ကာ တံတားပေါ်တွင်ယာဉ်များ ရပ်တန့်နေရခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

**ဓာတ်ပုံ - သန်းစိုး**

# ထိရောက်ထက်မြက်သော ဆွဲဆောင်မှုများဖြင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး

**မောင်သန်းဝင်းရွှေ**

ခေတ်သစ်မြန်မာ့စီးပွားရေး သမိုင်းစာမျက်နှာတွင် မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတစသောသဘာဝအရင်းအမြစ်များပေါကြွယ်ဝသော နိုင်ငံတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိပါသည်။ မြန်မာ့စီးပွားရေးသမိုင်းစဉ်အတွက် နမူနာယူရမည့် အခြင်းအရာတစ်ရပ်မှာ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝအရင်းအမြစ်တစ်ခုတည်းပေါ်သာ ရပ်တည်မှုပြုနေသည်ထက် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများကိုပါ တိုးတက်အောင်ဖွံ့ဖြိုးမှုပြုခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု Substainable Development ကိုရယူခြင်းသည်သာ အသင့်လျော်ဆုံးဖြစ်နိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အား၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုန်ထုတ်လုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့်စက်မှုဇုန်များပါ တစ်ပြိုက်နက်တည်းဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ရမည် ဖြစ်ပါသည်။

မျက်မှောက်ကာလတွင် အာဆီယံအသိုင်းအဝန်းထူထောင်ရာ၌ AEC စံနှုန်းများနှင့် လိုက်ပါဆောင်ရွက်နိုင်ရေးမှာလည်း အချိန်အခါအရ လိုအပ်ချက်အဖြစ်ပေါ်ထွန်းလာပြီဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် အချိုးညီညီစီးပွားရေးဖွံ့ဖြိုးတိုးတက်၍ ဆင်းရဲနွမ်းပါးမှုနှင့် လူမှုစီးပွားရေးကွာခြားမှုနည်းပါးမှုများ ဖြစ်လာရန် အာဆီယံမျှော်မှန်းချက် ၂၀၂၀ (ASEAN VISION 2020) ကို ဦးတည်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ယှဉ်ပြိုင်နိုင်စွမ်းရှိသော စက်မှုထုတ်ကုန်များအား အာဆီယံဈေးကွက်တွင် ဝင်ဆံ့နိုင်ရေးအတွက် နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် အာဆီယံစံသတ်မှတ်ချက်များနှင့် ကိုက်ညီရန်အထူးလိုအပ်လှပါသည်။ သို့မှသာ အာဆီယံဒေသကို ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်လုပ်သားများလွတ်လပ်စွာရွှေ့ပြောင်းနိုင်ရန်နှင့် ငွေအရင်းအနှီးများ ပိုမိုလွတ်လပ်စွာစီးဆင်းနိုင်သည့် ဒေသဖြစ်စေရန်ရည်မှန်းချက်ကို ဖြည့်ဆည်းနိုင်ရန်ပိုမိုကျယ်ပြန့်သော ပြည်တွင်းဈေးကွက်နှင့် အာဆီယံဈေးကွက်တွင် ပါဝင်လှုပ်ရှားနိုင်မည်ဖြစ်သည်။

မျက်မှောက်ကာလသည် မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုသမိုင်းဖြစ်စဉ်၌ ရင်းနှီးမြှုပ်နှံမှုသည် များစွာအရေးပါနေသည့် စီးပွားရေးမျက်နှာစာအဖြစ် တည်ရှိလာပြီဖြစ်ပါသည်။ ထို့ကြောင့်ပင် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ (၂၀၁၄) ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) ကို လည်းကောင်း ပြဋ္ဌာန်းဆောင်ရွက်လျက် ရှိပေသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသည်လည်းကောင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေသည် လည်းကောင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ F.D.I(Foreign Direct Investment)အတွက် ထိရောက်သောစီးပွားရေးရင်းနှီးမြှုပ်နှံမှုပြုရန် အချိန်အခါကောင်းနှင့် တိုက်ဆိုင်နေသောကာလဟု သတ်မှတ်နိုင်ပေသည်။

ရင်းနှီးမြှုပ်နှံမှု၏ စွမ်းဆောင်ချက်သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံအဆောက်အအုံကောင်းများ တည်ဆောက်နိုင်ရေးဖြစ်သည်ဟု ဖွံ့ဖြိုးမှုဘောဂဗေဒပညာရှင်များ (Development Economists) က မျက်မှောက်ကာလကို ဒေသတွင်းသာမက ကမ္ဘာတစ်ဝန်း မျက်မှောက်ရာစု၏ စီးပွားရေးမြင့်တင်မှုအဖြစ် သတ်မှတ်လျက်ရှိကြပေသည်။ ထို့ကြောင့် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ (၂၀၁၄) ၏ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)တွင် အခြေခံအဆောက်အအုံများဆိုသော စကားရပ်ကို အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်သည့် လျှပ်စစ်ဓာတ်အားပေးဝေရေး၊ ရေပေးဝေရေး၊ ရေဆိုးသန့်စင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကားလမ်း၊ရထားလမ်း၊ ဆိပ်ကမ်း၊ လေဆိပ်၊ ဆက်သွယ်ရေးကွန်ရက်စသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များနှင့် ကွန်ပျူတာအစီအစဉ်များ၊ လုပ်ငန်းလွယ်ကူ ထိရောက်စေရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်များစသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာမဟုတ်သော အခြေခံလိုအပ်ချက်များကို ဆိုလိုသည်ဟု အဓိပ္ပာယ်သက်ရောက်စေရမည်ဟု ပြဋ္ဌာန်းထားပေသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာခိုင်နှုန်းဖြစ်စေ၊ နိုင်ငံခြားနှင့် တိုင်းရင်းသားရင်းနှီးမြှုပ်နှံမှု ဖက်စပ်လုပ်ငန်းဖြစ်စေ၊ မြေအသုံးပြုခြင်းနှင့်ပတ်သက်၍ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ ပုဒ်မ-၇၉ တွင် မြေငှားရမ်းခွင့်သို့မဟုတ် မြေအသုံးပြုခွင့်အတွက် ရင်းနှီးတည်ဆောက်သူ သို့မဟုတ်ရင်းနှီးမြှုပ်နှံသူအား မြေငှားရမ်းခ၊ မြေအသုံးပြုခပေးသွင်းစေပြီး နှစ် ၅၀ အထိ ခွင့်ပြုနိုင်သည်။ ယင်းသက်တမ်းကုန်ဆုံးပြီးနောက် ရင်းနှီးမြှုပ်နှံသူ ဆက်လက်လုပ်ကိုင်လိုလျှင် ၂၅ နှစ်အထိ သက်တမ်းတိုးမြှင့်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းမှာ ထိရောက်သော ဆွဲဆောင်မှုဟု ကောက်ယူနိုင်ပေသည်။

မျက်မှောက်ကာလ မြန်မာ့စီးပွားရေးမျက်နှာစာတွင် ဆောင်ရွက်လျက်ရှိသည့် အထူးစီးပွားရေးဇုန်များမှာအောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ထားဝယ်အထူးစီးပွားရေးဇုန်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်မြစ်ဝတွင် တည်ရှိပြီးဧရိယာ 204.5 $KM^2$ (၅၀၅၃၁ ဧက) တွင် ရေနက်ဆိပ်ကမ်းနှင့်စက်မှုဇုန် ပါဝင်သည်။ ရထားလမ်း၊ ကားလမ်းများကို တည်ဆောက်၍ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့သို့တောင်ပိုင်း စီးပွားရေးစင်္ကြံအဖြစ် ချိတ်ဆက်သွားရန်နှင့် ထိုင်းနိုင်ငံ ကန်ချန်နာဘူရီပြည်နယ်သို့ ဂတ်စ်ပိုက်လိုင်းသွယ်တန်းရန် အစီအစဉ်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအမြင့်မားဆုံး ဒေသတစ်ခုအဖြစ် ဖွံ့ဖြိုးလာစေမည်ဟု ရည်မှန်းထားပါသည်။

(ခ) သီလဝါအထူးစီးပွားရေးဇုန်။ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းအနီးတည်ရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၂၅ ကီလိုမီတာ၊ ရန်ကုန်မြို့တွင်း စီးပွားရေးအချက်အချာဒေသမှ ၃၀ ကီလိုမီတာ၊ ဒဂုံအရှေ့ပိုင်းစက်မှုဇုန်မှ ၂၄ ကီလိုမီတာ၊ အမှတ်(၁) အဝေးပြေးလမ်းမကြီးမှ ၅ ကီလိုမီတာနှင့်မြဝတီမြို့အနီး ထိုင်းနိုင်ငံမဲဆောက်မြို့အထိ ၄၆၅ ကီလိုမီတာ ကွာဝေးပါသည်။



ကျောက်ဖြူအထူးစီးပွားရေးဇုန်ပုံစံငယ်တစ်ခုကို တွေ့ရစဉ်

(ဂ) ကျောက်ဖြူအထူးစီးပွားရေးဇုန်။ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် တည်ရှိပြီး ဆိပ်ကမ်းမြို့တော်များဖြစ်သည့် စစ်တကောင်း၊ ရန်ကုန်၊ ကိုးလ်ကတ္တားမြို့တို့နှင့် ကုန်သွယ်မှုပြုရာ ဗဟိုအချက်အချာအဖြစ် အသုံးပြုနိုင်ပါသည်။ မန္တလေးမြို့ကိုဖြတ်၍ တရုတ်နိုင်ငံအနောက်ပိုင်း ယူနန်ဒေသကူမင်းမြို့အထိ ဆက်သွယ်မည့်လမ်းကြောင်းအတွက် အရေးပါပြီး ကျောက်ဖြူမြို့နှင့်တရုတ်နိုင်ငံ ရွှေလီမြို့တို့ကို ချိတ်ဆက်လမ်းဖောက်ရန်ရှိပါသည်။ ထို့အပြင် ကျောက်ဖြူမှ ကူမင်းအထိ ၁၀၆၀ ကီလိုမီတာရှည်လျားသော ရေနံပိုက်လိုင်းသွယ်တန်းပြီး တစ်ရက်လျှင် ရေနံစည်ပေါင်း လေးသိန်းပို့ဆောင်နိုင်မည်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ အခန်း (၁၁) ပုဒ်မ-၄၇၊ ပုဒ်မခွဲ(က) တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လုပ်ငန်း တိုးချဲ့ခြင်း၊ စီမံခန့်ခွဲခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ရောင်းချခြင်း သို့မဟုတ် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြား အစီအစဉ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအပေါ် ပေးအပ်ထားသည့် ဆက်ဆံဆောင်ရွက်မှုများထက် လျော့နည်းမှုမရှိစေရ ဟူ၍ ပြဋ္ဌာန်းချက်ရှိသည်ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံသား၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု နှစ်ရပ်လုံးတွင် ခွဲခြားဆက်ဆံမှုကင်းကြောင်း ထင်ရှားနေပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း-၁၂ ပါ မြေ အသုံးပြုခွင့်ဆိုင်ရာပြဋ္ဌာန်းချက်မှာလည်း ရင်းနှီးမြှုပ်နှံမှုအတွက် အခြေခံအဆောက်အအုံကောင်းများ တည်ဆောက်ရေးတွင် အဓိကအထောက်အပံ့ပြုနေချက်တစ်ရပ်ဖြစ်သည်။ ယင်းဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ(ခ) အရ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူသည် အစိုးရ သို့မဟုတ် အစိုးရအဖွဲ့အစည်းများထံမှဖြစ်စေ၊ ပုဂ္ဂလိကမြေ သို့မဟုတ် အဆောက်အအုံပိုင်ရှင်ထံမှ ဖြစ်စေ ကော်မရှင်ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိသည့်နေ့မှစ၍ ကနဦးနှစ် ၅၀ အထိ သတ်မှတ်ချက်နှင့်အညီ မြေ သို့မဟုတ် အဆောက်အအုံငှားရမ်းနိုင်သည်ဟု အတိအလင်းပြဋ္ဌာန်းချက်ရှိပါသည်။ ထို့အတူ ယင်းဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ(ဂ)အရ အဆောက်အအုံငှားရမ်းကာလ သို့မဟုတ်မြေသို့မဟုတ် အဆောက်အအုံအသုံးပြုခွင့်ကာလ သက်တမ်းကုန်ဆုံးပြီးနောက် ကော်မရှင်ဖြင့်ခွင့်ပြုချက်ဖြင့် တစ်ဆက်တည်းသက်တမ်းတိုးခွင့် ၁၀ နှစ်နှင့် ယင်းသက်တမ်းကုန်ဆုံးပြီး ထပ်မံ၍ ၁၀ နှစ်သက် တမ်းတိုးမြှင့်နိုင်သည်ဟု ပြဋ္ဌာန်း ထားပါသည်။

ရင်းနှီးမြှုပ်နှံမှုအား ဆွဲဆောင်မှုတစ်ရပ်အနေဖြင့်ထိရောက်သော အထောက်အပံ့များမှာ လူ့စွမ်းအား အရင်းအမြစ်၊ နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးတတ်မှု၊ ငွေကြေးထောက်ပံ့မှု၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုနှင့် ဈေးကွက်တိုးချဲ့နိုင် ရေးတို့ပင် ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားပေးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ရင်းနှီးတည်ဆောက်သူ (Developmer)များနှင့် ပူးပေါင်း၍ သက်သာကောင်းမွန်သော မြေ၊ လမ်း၊ လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေ၊ ဆက်သွယ်ရေးစနစ်များဆောင်ရွက်ပေးခြင်းများသည် ရင်းနှီးမြှုပ်နှံလိုသူများအတွက် ပင်မလိုအပ်ချက်များပင် ဖြစ်ပါသည်။ ထို့ကြောင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် PPP(Public-Private-Partner ship)ပုံစံဖြင့်လည်းထူထောင်နိုင်သည်ဖြစ်ရာ အခြေခံသဘောပုံစံအမျိုးမျိုးရှိသည်နှင့်အညီ အံဝင်ခွင်ကျဖြစ်မည့်ပုံစံကို ရင်းနှီးမြှုပ်နှံသူများ နှစ်သက်သလိုရွေးချယ်ခွင့်သည်လည်းအထူးအရေးပါလှပေသည်။ ထို့အတူ ပြည်ထောင်စု အစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ပုဂ္ဂလိက ကုမ္ပဏီများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် PPP ပုံစံအမျိုးမျိုးဖြင့် သဘောတူစာချုပ်ချုပ်ဆိုနိုင်သည်မှာ-

(က) **တည်ဆောက်-လွှဲပြောင်း** (Build and Transfer-BT)။ လုပ်ကိုင်ခွင့်ရရှိသူသည် ဘဏ္ဍာငွေကျခံမှုနှင့် ဆောက်လုပ်မှုတို့ကို တာဝန်ယူရမည်ဖြစ်သည်။ လုပ်ငန်းပြီးစီးပါက သက်ဆိုင်ရာအဖွဲ့အစည်းသို့ လွှဲပြောင်းပေးမည်။ စီမံကိန်း အချိန်ဇယားအရ ကျခံထားသော ရင်းနှီးမြှုပ်နှံမှုနှင့် အမြတ်ဝေစုတို့ကို လုပ်ငန်းဆောင်ရွက်သူသို့ ပေးချေရမည်။

(ခ) **တည်ဆောက်-ငှားရမ်း-လွှဲပြောင်း** (Build, Lease and Transfer-BLT)။ လုပ်ကိုင်ခွင့်ရရှိသူသည် ဘဏ္ဍာငွေကျခံ၍ ဆောက်လုပ်ရန်ဖြစ်ပြီးလုပ်ငန်းပြီးစီးပါက သက်ဆိုင်ရာအဖွဲ့ အစည်းသို့လွှဲပြောင်းပေးပြီး ငှားရမ်းမှုသဘောတူစာချုပ်ချုပ်ဆိုသည်။ သတ်မှတ်ကာလအတွင်းပိုင်ဆိုင်မှုသည် သက်ဆိုင်ရာအဖွဲ့အစည်းသို့ လွှဲပြောင်းပေးပြီးဖြစ်သည်။

(ဂ) **တည်ဆောက်- လုပ်ဆောင်- လွှဲပြောင်း** (Build, Operate and Transfer-BOT) ။ လုပ်ကိုင်ခွင့်ရရှိသူသည် ဘဏ္ဍာငွေ ကျခံရေး၊ ဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကို တာဝန်ယူရသည်။ သတ်မှတ်သောကာလအတွင်း လည်ပတ်လုပ်ဆောင်ခွင့်ရှိသည်။ စာချုပ်တွင်ညှိနှိုင်းထားသောနှုန်းထားထက်မပိုသည့် ငှားရမ်းခနှင့် အဖိုးအခများကို အသုံးပြုသူများထံမှ ကောက်ခံခွင့်ရှိသည်။ သတ်မှတ်ကာလကုန်ဆုံးလျှင် သက်ဆိုင်ရာအဖွဲ့အစည်းသို့ လွှဲပြောင်းပေးရန်ဖြစ်ပြီး ယေဘုယျအားဖြင့်လမ်းများ၊ ဆိပ်ကမ်းများ၊ လေဆိပ်များအတွက် အသုံးပြုသည်။

(ဃ) **တည်ဆောက်-ပိုင်ဆိုင်-လုပ်ဆောင်** (Build,Own and Operate-BOO)။ လုပ်ကိုင်ခွင့်ရသူသည် ဘဏ္ဍာငွေကျခံခြင်း၊ ဆောက်လုပ်ခြင်း၊ လည်ပတ်လုပ်ဆောင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို တာဝန်ယူရသည်။ လုပ်ကိုင်ခွင့်ရသူက ပိုင်ဆိုင်ပြီး ငှားရမ်းခ သို့မဟုတ် အဖိုးအခများအား အသုံးပြုသူများထံမှ ကောက်ခံခွင့်ရှိသည်။

(င) **တည်ဆောက်- ပိုင်ဆိုင်- လုပ်ဆောင်- လွှဲပြောင်း** (Build,Own,Operate and Transfer-BOOT)။ လုပ်ကိုင်ခွင့်ရသူသည် ဘဏ္ဍာငွေကျခံရေး၊ ဆောက်လုပ်ရေး၊ လည်ပတ်လုပ်ဆောင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကို တာဝန်ယူရသည်။ ခွင့်ပြုသောကာလအတွင်း ပိုင်ဆိုင်လည်ပတ်နိုင်ပြီး အသုံးပြုသူများထံမှ အခွန်အကောက်များ ကောက်ခံရယူနိုင်သည်။ လွှဲပြောင်းပေးရာတွင် အပြည့်အဝလည်ပတ်နိုင်သော အခြေအနေအတိုင်းသက်ဆိုင်ရာ အဖွဲ့အစည်းသို့ အခမဲ့လွှဲပြောင်းပေးရသည်။

(စ) **တည်ဆောက် - လုပ်ဆောင်- မျှဝေ- လွှဲပြောင်း** (Build,Operate,Share and Transfer-BOST)။ လုပ်ကိုင်ခွင့်ရရှိသူသည် ဘဏ္ဍာငွေကျခံရေး၊ ဆောက်လုပ်ရေး၊ လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကို တာဝန် ယူရသည်။ သတ်မှတ်ကာလအတွင်း ဝင်ငွေ၏ တစ်စိတ်တစ်ပိုင်းကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ ခွဲဝေပေးပြီး သတ်မှတ်ကာလ ကုန်ဆုံးချိန်တွင် လွှဲပြောင်းပေးရသည်။

(ဆ) **တည်ဆောက်-ပိုင်ဆိုင်-လုပ်ဆောင်-မျှဝေ-လွှဲပြောင်း** (Build,Own,Operate,Share and Transfer-BOOST)။ လုပ်ကိုင်ခွင့်ရရှိသူသည် ဘဏ္ဍာငွေကျခံရေး၊ ဆောက်လုပ်ရေး၊ ပိုင်ဆိုင်လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကို တာဝန်ယူရသည်။ သတ်မှတ်ကာလအတွင်း တစ်စိတ်တစ်ပိုင်းကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ ခွဲဝေပေးပြီး သတ်မှတ်ကာလကုန်ဆုံးချိန်တွင် လွှဲပြောင်းပေးရသည်။

အခြေခံအဆောက်အအုံများဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံသူများ ယုံကြည်စိတ်ချစွာ ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေပုဒ်မ(၈၆)တွင် "အထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း နိုင်ငံပိုင်သိမ်းယူခြင်းမပြုဟု အာမခံသည်" ဟူ၍ လည်းကောင်း၊ မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း-၁၄၊ ပုဒ်မ-၅၂ တွင် "အစိုးရအဖွဲ့သည် ဥပဒေနှင့်အညီ ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံပိုင်ပြုလုပ်ခြင်းမပြုဟု အာမခံသည်။ အောက်ပါအခြေအနေများနှင့်အညီ ဆောင်ရွက်ခြင်းမှအပ ရင်းနှီးမြှုပ်နှံမှုကို သိမ်းယူခြင်းကိုဖြစ်စေ၊ သွယ်ဝိုက်သိမ်းယူခြင်းကိုဖြစ်စေ၊ ရပ်ဆိုင်းစေခြင်းသဘောသက်ရောက်သော ဆောင်ရွက်မှုများကိုဖြစ်စေ မပြုလုပ်ဟု အာမခံသည်။

(က) နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အမှန်တကယ် လိုအပ်ခြင်း
(ခ) ခွဲခြားမှုမရှိဘဲ ဆောင်ရွက်ခြင်း
(ဂ) တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း
(ဃ) သိမ်းယူသည့် ရင်းနှီးမြှုပ်နှံမှုအားမျှတ၍ ပြည့်စုံလုံလောက်သော လျော်ကြေးကို လျင်မြန်စွာပေးချေခြင်း"

ဟူသော ပြဋ္ဌာန်းချက်များသည် ရင်းနှီးမြှုပ်နှံမှုအတွက် ထိရောက်ထက်မြက်သော ဆွဲဆောင်မှုများဟု သတ်မှတ်ရမည်ဖြစ်ပေသည်။ ရင်းနှီးမြှုပ်နှံသူ မည်သူမဆို မိမိ၏ရင်းနှီးမြှုပ်နှံမှုအပေါ်တွင် ခိုင်မာသည့်အာမခံချက်ရှိရေးသည် ပထမဖြစ်ပြီး၊ ခံစားခွင့်၊ သက်သာခွင့်၊ ကင်းလွတ်ခွင့်စသော အကျိုးကျေးဇူးများ ခံစားနိုင်ခွင့်ရှိခြင်းသည် ဒုတိယဟူသော အခြေခံဥပဒေသသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု အစဉ်အလာ၏ ကျင့်ထုံးတစ်ရပ်ဖြစ်ပေသည်။

ဤသို့လျှင် ထိရောက်ထက်မြက်သော ဆွဲဆောင်မှုများဖြင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးသည် ခေတ်သစ်မြန်မာစီးပွားရေးသမိုင်းအတွက် ဖွံ့ဖြိုးမှုမျက်နှာစာသစ်ကို အမျိုးသားရင်ကြားစေ့ရေးဟူသော ကြွေးကြော်သံနှင့်အတူ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်သာ ဖြစ်ပေသည်။

# ငြိမ်းချမ်းရေးအထိမ်းအမှတ်အဖြစ်အမတာဘိသေကဆုတောင်းပြည့်စေတီတော်တည်ထားကိုးကွယ်

**ဖားဆောင်း မေ ၅**

ကယားပြည်နယ် ဖားဆောင်းမြို့နယ် နမ့်ကစ်ကျေးရွာအနီး နမ့်ကစ်-ဘဟန်းလော့ကျေးရွာ ချင်းဆက်လမ်းဘေးရှိ တောင်ကုန်းပေါ်တွင် ငြိမ်းချမ်းရေးအထိမ်းအမှတ်အဖြစ် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်း၍ အမတာဘိသေက ဆုတောင်းပြည့်စေတီတော်ကို တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။

"အရင်က ဒီနေရာမှာ မကြာခဏဆိုသလို တိုက်ပွဲတွေ ဖြစ်ခဲ့ကြပါတယ်။ အခုတော့ ကယားပြည်နယ်မှာ သေနတ်သံတွေ တိတ်ဆိတ်သွားပါပြီ။ အခုလို ငြိမ်းချမ်းသွားပြီဆိုတော့ ဒေသခံပြည်သူတွေက ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလွန်းလို့ အရင်က မကြာခဏတိုက်ပွဲဖြစ်ပွားခဲ့ကာ နေရာဒီတောင်ကုန်းပေါ်မှာ ငြိမ်းချမ်းရေးအထိမ်းအမှတ်အဖြစ် အမတာဘိသေကဆုတောင်းပြည့်စေတီတော်ကို တည်ထားကိုးကွယ်ကြတာ ဖြစ်ပါတယ်" ဟု နမ့်ကစ်ကျေးရွာနေသူတစ်ဦးက ပြောသည်။



အဆိုပါ စေတီတော်သည် ဉာဏ်တော်ကိုးတောင်အမြင့် တည်ဆောက်ပြီး ဖားဆောင်းမြို့ ဓမ္မသိဒ္ဓိသိမ်ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စနှင့် နမ့်ကစ်ကျေးရွာ ဓမ္မရံသီကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မာစာရတို့၏ ဩဝါဒကို ခံယူကြလျက် ဖားဆောင်းမြို့နေ ဘုရားဒါယိကာမ ဒေါ်စိန်နုမတည်၍ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းတည်ထားကိုးကွယ်ခဲ့ကြခြင်း ဖြစ်သည်။

စေတီတော်၏ မြေသန့်မင်္ဂလာအခမ်းအနားကို တန်ဆောင်မုန်းလဆန်း ၁ ရက်က လည်းကောင်း၊ ပန္နက်တင်မင်္ဂလာအခမ်းအနားကို တန်ဆောင်မုန်းလဆန်း ၁၀ ရက်၌ လည်းကောင်း၊ ရတနာအုတ်မြစ်စီ အခမ်းအနားကို တန်ဆောင်မုန်း လပြည့်နေ့က လည်းကောင်း၊ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို တပေါင်းလပြည့်ကျော် ၁၀ ရက်က လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

ယခင်က မကြာခဏတိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလေ့ရှိသည့် ပါပု-နမ့်ကစ်-ဘဟန်းလော့ ကျေးရွာချင်းဆက်လမ်းတစ်လျှောက်မှာ ယခုအခါ ငြိမ်းချမ်းခဲ့ပြီဖြစ်၍ အဆိုပါလမ်းရှိ အမတာဘိသေက ဆုတောင်းပြည့်စေတီတော်ကို ဖူးမြော်ခြင်း၊ ဖားဆောင်း မြို့နယ်၏အထင်ကရနမ့်ကစ်ရေ ထွက်ပေါက်ကိုလေ့လာခြင်းတို့ကို စိတ်အေးချမ်းသာစွာ ပြုလုပ်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

# ဆီဆိုင်မြို့နယ်၌ ရေရှားပါးသည့်ကျေးရွာများအား သောက်သုံးရေလှူ

**ဟိုပုံး မေ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်လှသိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်တို့ ဦးဆောင်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၁ ရက်က ဆီဆိုင်မြို့နယ်အတွင်း ရေရှားပါးသောကျေးရွာများဖြစ်သည့် တောင်ရှေ့ကျေးရွာအုပ်စု ဖြီသာယာကျေးရွာနှင့် နောင်ကျောကျေးရွာအုပ်စု ဖာလိုင်ကျေးရွာတို့မှ ဒေသခံပြည်သူတို့အား သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

အဆိုပါသောက်သုံးရေလှူဒါန်းရာတွင် တောင်ရှေ့ကျေးရွာအုပ်စု ဖြီသာယာကျေးရွာ ဘုန်းကြီးကျောင်း၌ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၂၀၀ နှင့် ဖာလိုင်ကျေးရွာအတွက် ရေဂါလန်ပေါင်း ၈၀၀ ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၄ ရွာခန့်တွင် ဧပြီလနှင့် မေလတို့၌ နှစ်စဉ်နှစ်တိုင်းရေရှားပါးလျက်ရှိကြောင်း သိရသည်။ **နန်းဦးခမ်း(ဟိုပုံး)**

# ပေါင်မြို့နယ်၌သောက်ရေလှူဒါန်း

**ပေါင် မေ ၅**

(၇၀)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးတင်မောင်နီ၊ သထုံခရိုင်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးကြင်ထွန်းတို့သည် မေ ၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးစိုးကျော်သူတို့နှင့်အတူ သန္ဓေ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးသတ်ယာဉ် ၁၁ စီးဖြင့် သောက်သုံးရေအခက်အခဲကြုံတွေ့နေရသော ပေါင်မြို့နယ်အောက်ကွင်းကျေးရွာ ဒေသများဖြစ်ကြသည့် ဒရိမ်းနှင့်ကျားဘိုကျေးရွာများသို့ သွားရောက်၍သောက်သုံးရေများ လှူဒါန်းပေးကြသည့်အပြင် ၂၀ လီတာဝင်သောက်ရေသန့် အလုံး ၃၀၀ ကိုလည်း ဝေငှပေးခဲ့ကြသည်။
**ခင်မောင်ဝေ(ပေါင်)**

# လူထုဗဟိုပြုစီမံကိန်းအတွက်ကျန်ရှိသော နှစ်မြို့နယ်ရွေးချယ်မည်

**မုံရွာ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူထုဗဟိုပြုစီမံကိန်းကို ပင်လည်ဘူးမြို့နယ်၊ မြောင်မြို့နယ်နှင့်ဗန်းမောက်မြို့နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငါးမြို့နယ်ဆောင်ရွက်ရန်လျာထားရာကျန်သည့် နှစ်မြို့နယ်ကို မေ ၉ ရက်တွင် မုံရွာမြို့မြစန္ဒာခန်းမ၌ အကြံဉာဏ်ရယူရွေးချယ်ပွဲ အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်၏အထောက်အပံ့ဖြင့်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း (NCCD)ကိုစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုတွင် စီမံကိန်းမြို့နယ် ၆၃ မြို့နယ်အထိမြို့နယ်တစ်မြို့နယ်လျှင်လေးနှစ်ဆက်တိုက်တိုးချဲ့ဆောင်ရွက်ရန်လျာထားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း လူထုဗဟိုပြုစီမံကိန်းကို လွယ်ကူစွာဝင်ရောက်ရေး၊ သွားလာရေး အဆင်ပြေမှုတို့ဖြစ်ပြီး စီမံကိန်းမြို့နယ် ရွေးချယ်ရာတွင် အဆင့်သုံးဆင့်ဖြင့်ရွေးချယ်ကြောင်း သိရသည်။

လုပ်ငန်းစဉ်အဆင့်(၁) အနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီကို ရယူ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အားလုံးအတွက်ရနိုင်သမျှသော စီးပွားရေး၊ လူမှုရေးနှင့် စားနပ်ရိက္ခာလုံခြုံရေး အချက်အလက်များကို စာရင်းပြုစုရမည်ဖြစ်ကြောင်း သိရသည်။ အဆင့်(၂) တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က သဘာပတိအဖြစ်ဆောင်ရွက်ကာ အကြံပေးတိုင်ပင်ခြင်းအစည်းအဝေးကို အဆိုပါဦးစီးဌာနကစီစဉ်ပြီးဒေသ အာဏာပိုင်များက တိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေသော NGO များနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ရွေးချယ်ရေးမူနှင့် အကိုက်ညီဆုံးသော မြို့နယ်နှစ်ခုကို ရွေးချယ်ပေးကာ ဝန်ကြီးချုပ်ထံ တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းစဉ်အဆင့်(၃)တွင်ဝန်ကြီးချုပ်အစိုးရအဖွဲ့ကရွေးချယ်ထားသော နှစ်မြို့နယ်၏ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသတွင်းအဖွဲ့အစည်းများ၏လိုလားမှုနှင့်စွမ်းဆောင်ရည်တို့ အပေါ်သဘောထားမှတ်ချက်အကျဉ်းချုပ်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသို့ပေးပို့ကာ ထိုမှတစ်ဆင့်နိုင်ငံခြားအကူအညီစီမံခန့်ခွဲရေးကော်မတီကမြို့နယ်များကို ရွေးချယ်၍ နောက်ဆုံးတွင်ရွေးချယ်ထားသော မြို့နယ်စာရင်းကိုကမ္ဘာ့ဘဏ်သို့ ကန့်ကွက်ရန်မရှိကြောင်းသဘောထားမှတ်ချက်တောင်းခံသွားရမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**




# ပေါင်းတည်မြို့နယ်စည်ပင်ကော်မတီ ရွေးချယ်ပွဲပြုလုပ်မည်

**ပေါင်းတည် မေ ၅**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပြည်သူဗဟိုပြုအုပ်ချုပ်မှုစနစ်နှင့်အညီ ပေါင်းတည်မြို့နေပြည်သူများကိုယ်တိုင်ရွေးချယ်ရမည့် စည်ပင်ကော်မတီရွေးချယ်ပွဲကို မေ ၂၅ ရက်တွင် မြို့ပေါ်ရပ်ကွက်အသီးသီးရှိ သတ်မှတ်နေရာများတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်က ပြောသည်။

ပေါင်းတည်မြို့တွင် ရပ်ကွက် ၁၂ ခုရှိပြီး ရပ်ကွက်တစ်ခုလျှင် ကော်မတီဝင်သုံးဦးအထိ ရွေးချယ်ခွင့်ရှိကာ ရပ်ကွက်အသီးသီးမှရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များအား မေ ၂၉ ရက်တွင်အချင်းချင်းအပြန်အလှန် မဲပေးသည့် စနစ်ဖြင့် ဥက္ကဋ္ဌတစ်ဦး၊ အဖွဲ့ဝင်နှစ်ဦးတို့အား ဆက်လက် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။
**ကိုလွင်(ဆွာ)**



# တောင်သူများ စိုက်ပျိုးရေးသုံးဆေးဝါးများကို အထူးဂရုပြုသုံးစွဲရန်လို

**နေပြည်တော် မေ ၅**

(၂၇) ကြိမ်မြောက် ပိုးသတ်ဆေးနည်းပညာကော်မတီအစည်းအဝေးကို ဧပြီလနောက်ဆုံးပတ်က နေပြည်တော် အမျိုးသားပရဆေးဉယျာဉ်၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက အမှာစကားပြောကြားရာ၌ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၏ အဓိကသွင်းအားစုဖြစ်သော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ၏ အရည်အသွေး ပြည့်မီရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်၊ စားသုံးသူဘေးကင်းလုံခြုံရန်တို့အတွက် စိစစ်ကြပ်မတ် ဆောင်ရွက်ကြရန် လိုအပ်သည့်နည်းတူ နယ်စပ်မှ ဖြတ်ကျော်ဝင်ရောက်လာကြသည့် တရားမဝင် စိုက်ပျိုးရေးသုံးဆေးဝါးများ ထိန်းချုပ်နိုင်ရေးကိုလည်း စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးသုံးဆေးဝါးရောင်းချသည့်ဆိုင်များအား စစ်ဆေးခြင်း၊ ပညာပေးဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်သွားမည်ဖြစ်သကဲ့သို့ ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တစ်ဖက်ကလည်း စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် တရားဝင်မှတ်ပုံတင်ထားသော မြန်မာစာအညွှန်းပါ စိုက်ပျိုးရေးသုံးဆေးဝါးများကိုသာ အထူးဂရုပြုသုံးစွဲရန်၊ ရောဂါနှင့် ပိုးမွှားခွဲခြားသိမြင်ပြီး ဆေးဝါးသုံးစွဲမှု မှန်ကန်စေရန်၊ မလိုအပ်သော သွင်းအားစု အပိုကုန်ကျစရိတ်များကြောင့် တောင်သူများ နစ်နာမှုမဖြစ် ပေါ်စေရန်တို့အတွက် တောင်သူပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် တောင်သူများကလည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း သိရသည်။
**ဇူလိုင်မိုး (မြန်မာ့အလင်း)**
**ဓာတ်ပုံ-မေမိုးသဲ**

# မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲကျင်းပ

**ဖြူး မေ ၅**

တောင်ငူခရိုင် ဖြူးမြို့နယ်၌ မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲကို မေ ၂ ရက်က ဖြူးမြို့နယ်ကညွတ်ကွင်းရဲစခန်းနယ်မြေ မြင်ပင်ကျေးရွာအုပ်စု လေးအိမ်စုကျေးရွာ ဘုန်းတော်ကြီးကြောင်းဓမ္မာရုံ၌ ကျင်းပရာ ဟောပြောပွဲသို့ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ပြည်သူ ၅၀ ကျော်ခန့်တက်ရောက်ကြသည်။

အလားတူ မှုခင်းပညာပေးဟောပြောပွဲများကို ဖြူးမြို့နယ်ကျီးမနိုးအုပ်စု စိမ့်ကြီးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဖြူးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ဒုတိယရဲမှူး ဟိုင်းဇာအုပ်နှင့် ညောင်ပင်သာရဲစခန်းမှူး ရဲအုပ်စိုးလွင်တို့က မှုခင်းအသိပညာပေးရေးများကို ဟောပြောကြကြောင်း သိရသည်။
**ဖြူး-မြင့်ဦး**



## ယူရိုပါလိဂ်ဗိုလ်လုပွဲ တက်နိုင်ခြေရှိတဲ့ နယ်သာလန်ကလပ် အိုင်းယက်စ်

နယ်သာလန်ကလပ် အိုင်းယက်စ်က ပြင်သစ်ကလပ် လိုင်ယွန်ကို ယူရိုပါလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့မှာ လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းမှ အငှားခေါ်ယူထားတဲ့ ဘားနက်ထရော်ရေးကလည်း ဒီပွဲမှာ အိုင်းယက်စ်အတွက် အနိုင်ဂိုးနှစ်ဂိုး သွင်းယူပေးခဲ့ပါတယ်။ အမ်စတာဒမ်မြို့မှာ ကစားမယ့် ဒုတိယ အကျော့ပြိုင်ပွဲမှာလည်း အိုင်းယက်စ်အသင်းအနေနဲ့ အိမ်ကွင်း အသာစီးရထားတဲ့အတွက် ယူရိုပါလိဂ် ဗိုလ်လုပွဲတက်ဖို့သေချာသလောက် ရှိနေပါတယ်။ အိုင်းယက်စ်အသင်းအနေနဲ့ ဒုတိယအကျော့မှာ လိုင်ယွန်ကို နိုင်ပြီး ဗိုလ်လုပွဲတက်ခဲ့မယ်ဆိုရင် ၁၉၉၆ ခုနှစ်နောက်ပိုင်း ပထမဆုံးသော ယူရိုပါလိဂ် ဗိုလ်လုပွဲ တက်နိုင်ခဲ့ခြင်းဖြစ်လာမှာ ဖြစ်ပါတယ်။ အိုင်းယက်စ်အသင်းမှာတော့ ချယ်လ်ဆီးက အငှားခေါ်ယူထားတဲ့ ဘားနက်ထရော်ရေးနဲ့ ကက်စပါဒေါ်ဘတ်တို့ကတော့ ခြေစွမ်းပြဂိုးတွေ သွင်းယူပေးခဲ့ကြပါတယ်။




## မန်ယူက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ တိုရီနိုတိုက်စစ်မှူး ဘယ်လော့တီ

အီတလီစီးရီးအေကလပ် တိုရီနိုအသင်းရဲ့တိုက်စစ်မှူး အင်ဒရေးယား ဘယ်လော့တီကို မန်ယူက ခေါ်ယူဖို့ ကြိုးစားနေပါတယ်။ တိုရီနိုကတော့ ပေါင် ၆၄ သန်းနဲ့ ဈေးခေါ်ထားပါတယ်။ တိုက်စစ်မှူး အန်ဒရေးယား ဘယ်လော့တီဟာ ဒီနှစ် အီတလီစီးရီးအေမှာ ၂၅ ဂိုး သွင်းယူပေးထားတဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။ တစ်နှစ်အတွင်းမှာ ဒီလောက်ဂိုးသွင်းနိုင်တယ်ဆိုတာ တော်ရုံတန်ရုံကစားသမား မဟုတ်ပါဘူး။ သို့ပေမယ့် အသက် ၂၃ နှစ်အရွယ်သာ ရှိသေးတဲ့ ဘယ်လော့တီကို တိုရီနိုအသင်းက ၂၀၂၁ နှစ်အထိ စာချုပ်ထားပါတယ်။ သူ့အနေနဲ့ ပေါင် ၈၅ သန်းလောက်နဲ့ ပြောင်းရွှေ့သွားနိုင်ပါတယ်။ အရည်အချင်းပြည့်ဝတဲ့ တိုက်စစ်မှူးဖြစ်တဲ့အတွက် သူ့ရဲ့အဓိက ရည်မှန်းချက်အတိုင်း ချန်ပီယံလိဂ်ပွဲ ကစားနိုင်ဖို့ပဲ ဖြစ်ပါတယ်။ သူဟာ လွန်ခဲ့တဲ့နှစ်နှစ်က ပါလာမိုကလပ်မှ ပြောင်းရွှေ့လာတာဖြစ်ပြီး တိုရီနိုအသင်းမှာ ခြေစွမ်းပြဂိုးတွေ ဆက်တိုက်သွင်းယူပေးခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# အသင်းကြီးတွေ သုံးမှတ်အပြိုင်ယူကြမယ့် လာလီဂါပွဲစဉ် (၃၆)

*ဒီတစ်ပတ်ရဲ့စနေ၊ တနင်္ဂနွေဖြစ်တဲ့ မေ ၆ ရက် ညနဲ့ ၇ ရက်တွေမှာတော့ လာလီဂါပွဲစဉ်(၃၆)ကို ကစားဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ရီးရဲမက်ဒရစ်တို့က အဝေးကွင်းမှာ ဂရန်နာဒါနဲ့ ရင်ဆိုင်ရမှာ ဖြစ်သလို ဘာစီလိုနာတို့က ဗီလာရီးရဲကို အိမ်ကွင်းမှာ လက်ခံကစားရမှာဖြစ်ပါတယ်။ နှစ်သင်းစလုံး အမှတ်ပြတ်သားမှု ကွာဟချက်မရှိတာမို့ လာလီဂါ ချန်ပီယံဖြစ်ဖို့ ပွဲတိုင်း ဗိုလ်လုပွဲလို ကစားအားတင်ပြီး ရေကုန်ရေခန်း ယှဉ်ပြိုင်ကြရမှာ ဖြစ်ပါတယ်။*




### ဂရန်နာဒါနှင့် ရီးရဲမက်ဒရစ်

ဂရန်နာဒါကွင်းမှာ ရီးရဲမက်ဒရစ်တို့ နောက်ဆုံး သုံးပွဲသွားရောက်ကစားခဲ့ရာမှာ နိုင်ပွဲတွေချည်းရယူနိုင်ခဲ့ပါတယ်။ တန်းဆင်းရတော့မယ့် ဂရန်နာဒါတို့အတွက် ရီးရဲမက်ဒရစ်ဟာ ကစားအားလျော့ပြီး ယှဉ်ပြိုင်မှာ မဟုတ်ပါဘူး။ လာလီဂါဖလားကို ကာကွယ်ဖို့အတွက် အတိမ်းအစောင်း မခံတော့တာမို့ လူစုံထုတ်ပြီး ခြေကုန်ဖွင့်မှာ သေချာပါတယ်။ ဂရန်နာဒါတို့ကတော့ တိုက်စစ်ရော၊ ခံစစ်ပါ အဆိုးရွားဆုံးဖြစ်နေတာကြောင့် ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေကို ဟန့်တားဖို့ မလွယ်ပါဘူး။ ရီးရဲမက်ဒရစ်တို့ပဲ ဂိုးပြတ်သွင်းပြီး အောင်ပွဲရယူသွားမယ့် ပွဲပါပဲ။

### ဘာစီလိုနာနှင့် ဗီလာရီးရဲ

ဒီနှစ်မှာ ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်နေတဲ့ ဗီလာရီးရဲတို့က အဝေးကွင်းဆိုပေမယ့် ဖိဖိစီးစီးအားထုတ်လာမယ့်ပွဲပါပဲ။ အခုတလော နိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့ ဗီလာရီးရဲတို့ဟာ ဘာစီလိုနာကွင်းမှာ ကစားရမှာမို့ ခက်ခဲပေမယ့် တစ်မှတ်ရရင်တောင် ရလဒ်ကောင်းလို့ သတ်မှတ်ပြီး ကြိုးစားမှာဖြစ်ပါတယ်။ ဘာစီလိုနာတို့ကလည်း ပွဲတိုင်းအမှတ်ပြည့်ရအောင် စွမ်းဆောင်နေချိန်ဖြစ်တာကြောင့် အမှတ်ခွဲပေးမှာ မဟုတ်ပါဘူး။ ဘာစီလိုနာကွင်းမှာ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ဗီလာရီးရဲရဲ့ မှတ်တမ်းကတော့ နိုင်ပွဲတစ်ပွဲမှ မရခဲ့တာမို့ အခုလည်း ဘာစီလိုနာတို့ပဲ သုံးမှတ်အပြည့်ရယူသွားဦးမှာပါ။

### အက်သလက်တီကိုနှင့် အီဘာ

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲမှာ ဂိုးပြတ်ရှုံးပွဲကြုံတွေ့လိုက်ရတဲ့ အက်သလက်တီကိုတို့လည်း အခု လာလီဂါပွဲစဉ်မှာ အီဘာကို နိုင်ပွဲရအောင် ကစားပါလိမ့်မယ်။ အသင်းလိုက် ကစားအားကောင်းပြီး တိုက်စစ်အင်အားကျဆင်းနေပေမယ့် အီဘာနဲ့ ကစားတိုင်း နိုင်ပွဲရခဲ့တဲ့ မှတ်တမ်းကောင်းကို ဆက်လက်ရေးထိုးပါလိမ့်မယ်။ အီဘာမှာ ရီကို၊ တာကာရှီနဲ့ ရိုဒရီဂွက်ဇ်တို့ ဒဏ်ရာရရှိနေတာမို့ အားလျော့နေတာတော့ အမှန်ပါပဲ။ တန်းစီဇယား တတိယနေရာမှာ ခိုင်မြဲဖို့ အခုပွဲမှာ အက်သလက်တီကိုတို့ နိုင်ပွဲကို ဖော်ဆောင်ပါလိမ့်မယ်။

### အလာဗက်စ်နှင့် ဘီလ်ဘာအို

အလာဗက်စ်ကွင်းမှာ ဘီလ်ဘာအိုတို့ နောက်ဆုံးသုံးပွဲ သွားကစားခဲ့တဲ့ ရလဒ်ပိုင်းကိုကြည့်ရင် ရှုံးပွဲမရှိဘဲ နိုင်ပွဲနဲ့ သရေပွဲတွေချည်း ရယူနိုင်ခဲ့ပါတယ်။ အလာဗက်စ်မှာ အီနာ ဒဏ်ရာရရှိနေပေမယ့် ကစားအားကို မထိခိုက်နိုင်ပါဘူး။ ဒီနှစ်အတွက် အမှတ်မလိုအပ်တော့တဲ့ အလာဗက်စ်ဟာ ဘီလ်ဘာအိုကို ပုံမှန်ခြေစွမ်းနဲ့ ကစားပါလိမ့်မယ်။ ဥရောပဝင်ခွင့်အတွက် မျှော်လင့်ချက်ထားနေသေးတဲ့ ဘီလ်ဘာအိုတို့ကတော့ သုံးမှတ်ရယူရေး ကြိုးစားမယ့်ပွဲပါပဲ။

### ဒီပို့တီဗိုနှင့် အက်စ်ပန်ညို

တန်းဆင်းဇုန်နား ရစ်ဝဲနေတဲ့ ဒီပို့တီဗိုတို့လည်း ဒီပွဲမှာ အားကုန်ရုန်းထတော့မှာမို့ ခြေစွမ်းယိမ်းယိုင်နေတဲ့ အက်စ်ပန်ညိုတို့ အဝေးကွင်းမှာ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့်ပက်ဒရိုနဲ့ ဂျိုဆေးလူတို့ဒဏ်ရာရရှိနေတဲ့အတွက် ဒီပို့တီဗိုတို့လည်း အားလျော့နေပါတယ်။ အက်စ်ပန်ညိုမှာလည်း ရိုင်တန်နဲ့ အာရွန်တို့ ပွဲပယ်ပြစ်ဒဏ်ခံနေရပြီး ပွဲတိုင်းရလဒ်ကောင်းဖို့ ကြိုးစားနေရတာမို့ ဒီပွဲဟာ အိမ်ရှင်ရဲ့အောင်ပွဲဖြစ်သွားနိုင်ပါတယ်။

### မာလာဂါနှင့် ဆဲလ်တာဗီဂို

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲမှာ အိတ်သွန်ဖာမှောက်ကစားခဲ့ရလို့ ပွဲပန်းနေတဲ့ ဆဲလ်တာဗီဂိုဟာ မာလာဂါကို ပွဲကျပ်အဖြစ် ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ အိမ်ကွင်းမှာဆိုရင် ဘာစီလိုနာအသင်းကိုတောင် နှစ်ဂိုးပြတ်နိုင်ပွဲရယူခဲ့တဲ့ မာလာဂါရဲ့ ခြေစွမ်းကို လျှော့တွက်လို့မရသလို နောက်ဆုံးသုံးပွဲဆက် ကစားခဲ့ရာမှာ နိုင်ပွဲတွေချည်းရယူနိုင်ထားပါတယ်။ ဆဲလ်တာဗီဂိုတို့ အမြင့်ဆုံး သရေရလဒ်လောက်ပဲ မျှော်မှန်းနိုင်ပါလိမ့်မယ်။

### ဂီဂျွန်နှင့် လက်စ်ပဲမက်

တန်းဆင်းဇုန်က ရုန်းထွက်နိုင်ဖို့ အားထုတ်နေတဲ့ ဂီဂျွန်တို့ ဒီပွဲမှာ တိုက်စစ်ဖွင့်ပြီး ကစားလာမှာဖြစ်ပါတယ်။ နိုင်ပွဲပျောက်ဆုံးနေတဲ့ ဂီဂျွန်တို့ကတော့ အခုပွဲမှာ မဖြစ်မနေ သုံးမှတ်အပြည့်ရယူဖို့ ကြိုးစားပါလိမ့်မယ်။ လက်စ်ပါးမက်မှာ ဂျီစီ၊ ဘိုတန်၊ မာကိုတို့ပွဲပယ်ပြစ်ဒဏ်ကြုံတွေ့နေရတာမို့ အခုပွဲမှာ ဂီဂျွန်တို့ ဖိဖိစီးစီးကစားမှုနဲ့ ရင်ဆိုင်ရဖို့ ရှိပါတယ်။ ဒီပွဲမှာ ဂီဂျွန်တို့ အနိမ့်ဆုံး သရေကစားပါလိမ့်မယ်။

**မိုးမြင့်လင်းလက်**

## အနားယူတော့မယ့် ဂန္ထဝင်တိုက်စစ်မှူး တော့တီ



ရိုးမားအသင်းရဲ့ဂန္ထဝင် တိုက်စစ်မှူး တော့တီဟာ ဒီနှစ်ရာသီအကုန်မှာ ဘောလုံးကစားခြင်းမှ အနားယူတော့မယ်လို့ ဆိုပါတယ်။ တော့တီဟာ ရိုးမားအသင်းရဲ့အသင်းခေါင်းဆောင်လည်းဖြစ်၊ တိုက်စစ်မှူးလည်း ဖြစ်ပါတယ်။ အသက် ၄၀ အရွယ်ရှိပြီဖြစ်တဲ့ ဂန္ထဝင်တိုက်စစ်မှူးကြီး တော့တီဟာ ရိုးမားအသင်းနဲ့ ၂၄ နှစ်တာကာလအတွင်း ပွဲပေါင်း ၇၈၃ ပွဲ ပါဝင်ကစားခဲ့ရာမှာ ၃၀၇ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ သူဟာ ဘောလုံးကစားခြင်းမှ အနားယူခဲ့ပေမယ့်အသင်းရဲ့ဒါရိုက်တာတစ်ဦးအဖြစ် ဆက်လက်ရှိနေမှာ ဖြစ်ပါတယ်။ ရိုးမားအသင်းဟာ ဒီနှစ်စီးရီးအေ နောက်ဆုံးပွဲအဖြစ် မေ ၂၈ ရက်မှာ ဂျီနိုအာအသင်းနဲ့ ကစားမှာ ဖြစ်ပါတယ်။ ဒီပွဲဟာ တော့တီရဲ့နောက်ဆုံးပွဲလည်း ဖြစ်ပါတယ်။ တော့တီဟာ ၂၀၀၆ ခုနှစ်က အီတလီအသင်းနဲ့အတူ ကမ္ဘာ့ဖလားကို ရယူခဲ့ပြီး ရိုးမားနဲ့ စီးရီးအေ တစ်ကြိမ်၊ ကိုပါအီတာလီယာဖလား နှစ်ကြိမ် ဆွတ်ခူးခဲ့ပါတယ်။

# လူထုအခြေပြု အခမဲ့ဆေးခန်းဖွင့်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**တနင်္သာရီ မေ ၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနတို့၏ ပူးပေါင်းအစီအစဉ်ဖြင့် တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် မွန်စုသီတာလမ်းရှိ မြသီတာဘုရားဝတ်ကုန်း ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ လူထုအခြေပြု အခမဲ့ဆေးခန်းကို မေ ၃ ရက်က ဖွင့်လှစ်ကာ ဒေသခံပြည်သူများအား ကျန်းမာရေးဆိုင်ရာများ အသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းထိုက်ကကြီးကြပ်လျက် မြို့နယ်သူနာပြုအဆင့်(၁)ဒေါ်နီနီအေး၊ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ တာဝန်ခံဆရာမ ဒေါ်စန်းလွင်နှင့် ဆရာမများက ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ပြီး မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးတင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ငွေနှင့် အုပ်ချုပ်ရေးအဖွဲ့များက လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့သည်။



ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်မှုအဖြစ် ချောင်းငယ်ရပ်ကွက်အတွင်းမှ ဒေသခံပြည်သူများအား ဆီးချို၊ သွေးချို၊ သွေးတိုး ရောဂါများအကြောင်း၊ သားဆက်ခြားခြင်း၊ မိခင်နို့စနစ်တကျ တိုက်ကျွေးရေး၊ ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ အိုင်အိုဒင်းချို့တဲ့ရောဂါ ပပျောက်ရေး စသည့် အကြောင်းအရာများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးရာတွင် ဒေသခံ ကလေး၊ လူကြီးများနှင့် ကိုယ်ဝန်ဆောင်မိခင်များ အပါအဝင် စုစုပေါင်း ၁၅၅ ဦးအား အခမဲ့ကျန်းမာရေးစစ်ဆေးစမ်းသပ်ခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ၂၀၁၇ခုနှစ် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(ပထမ)ပွဲစဉ်ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၅**

ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူး၍ Mottama Holdings Co.,Ltd တို့မှ အဓိကကူညီပံ့ပိုးသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ(ပထမ)ပွဲစဉ်ကို ရေပြာတပ်မတော်ဂေါက်ကွင်း နေပြည်တော်၌ ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ Mottama Holdings Co.,Ltd မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများတီခုံ၌ နေရာယူကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ Mottama Holdings Co.,Ltd မှ Chairman ဦးရန်မော်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာပီဂျီအေ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်ကာ ပထမနေ့(၁၈)ကျင်းပသည်။

ပြိုင်ပွဲတွင် Professional ၇၇ ဦး၊ဝါသနာရှင်အဆင့် (အမျိုးသား)၁၃၀၊ ဝါသနာရှင်အမျိုးသမီး ၁၁ ဦး ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို မေ ၃ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**



# အသားငါးများ ကျန်းမာရေးနှင့်ညီညွတ်စေရန် ကျောက်မဲမြို့၌ ကွင်းဆင်းစစ်ဆေး

**ကျောက်မဲ မေ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ စားသုံးသူကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုအဖြစ် စည်ပင်သာယာဗဟိုဈေးကြီးတွင် ရောင်းချနေသည့် ဝက်သား၊ အမဲသား၊ ဆိတ်သား၊ ငါးနှင့် ကြက်သားဆိုင်များတွင် အများပြည်သူစားသုံးရန်မသင့်သော အသား၊ ငါးများ ရောင်းချခြင်းမရှိစေရန်အတွက် ကွင်းဆင်းစစ်ဆေးမှုကို ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့ မေ ၃ ရက်က ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ ပူးပေါင်းအဖွဲ့တွင် ကျောက်မဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာသန်းဇော်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းသီဟ၊ ရဲအုပ်မင်းမင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှူး ဦးဝင်းဇော်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒေါ်ဥမ္မာလင်း၊ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဖြူနှင့် အဖွဲ့ဝင်များ၊ ဗဟိုဈေးကြီးတာဝန်ခံ ဦးဇော်ဝင်းနှင့် အဖွဲ့များပါဝင်ကြပြီး ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အဖြစ် ကျောက်မဲမြို့ စည်ပင်သာယာဗဟိုဈေးကြီးအတွင်းရှိ သား၊ ငါးရောင်းချသည့်ဆိုင်များကို လိုက်လံစစ်ဆေးခဲ့ကြသည်။

ဈေးအတွင်းရှိ သားငါးအရောင်းဆိုင်များမှ ဆိုင်ရှင်များကိုလည်း အများပြည်သူများ စားသုံးရန်မသင့်သော ရက်လွန်သားငါးများနှင့် မလတ်ဆတ်သော သားငါးများ ရောင်းချခြင်းမရှိစေရန်၊ သားငါးများကို ယင်မနားစေရန်နှင့် သန့်ရှင်းသပ်ရပ်စွာ စနစ်တကျ ထားရှိထိန်းသိမ်း ရောင်းချကြရန် အသိပညာပေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တောင်သူလယ်သမားများအား လယ်ယာမြေဥပဒေနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်အကြောင်း ဟောပြော

**ဗန်းမော် မေ ၅**

ကချင်ပြည်နယ် မန်စီမြို့နယ်အတွင်းမှ တောင်သူလယ်သမားများအား လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)နှင့် ပတ်သက်သည့် သိကောင်းစရာများအကြောင်း အသိပညာပေးဟောပြောပွဲကို နမ့်မဖွဲကျေးရွာ၌ မေ ၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသိန်းလှိုင်ဝင်းနှင့် ဝန်ထမ်းများက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအကြောင်း၊ ထိုဥပဒေများနှင့်အညီ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများကို သားစဉ်မြေးဆက် အဆက်ဆက် ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရရှိရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇)ကို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က စိစစ်ထုတ်ပေးနေပုံများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ရရှိရေးအတွက် ကာယကံရှင်တောင်သူများက လျှောက်ထားရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းဟောပြောကာ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်၌ မြစိမ်းရောင်စီမံကိန်းကျေးရွာများရွေးချယ်

**ကန်ကြီးထောင့် မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများနှင့် မြစိမ်းရောင်စီမံကိန်းကျေးရွာများ ရွေးချယ်ခြင်းအခမ်းအနားကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှကြိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများထဲမှ ဦးစားပေးဆောင်ရွက်သင့်သည့်လုပ်ငန်းများနှင့် မြစိမ်းရောင်စီမံကိန်းဆောင်ရွက်သင့်သည့် ကျေးရွာများအား သုံးသပ်ညှိနှိုင်းဆွေးနွေး၍ စီမံကိန်းကျေးရွာ (၁၁)ယူနစ်အား ရွေးချယ်ခဲ့ကြသည်။

ကန်ကြီးထောင့်မြို့နယ်ကျေးလက်ဦးစီးဌာနသည် (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်မှ (၂၀၁၇-၂၀၁၈)ဘဏ္ဍာနှစ်အထိ စီမံကိန်းကျေးရွာ ၇၇ ရွာအား မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဖားကန့် ကျောက်စိမ်းတုံးကြီးကို တူးယူသော ရေမဆေးခေါင်းဆောင် ငါးဦးကို ခိုးခြောက်မှုဖြင့်အမှုဖွင့်

**မြစ်ကြီးနား မေ ၅**

ဖားကန့်ဒေသ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီတစ်ခု၏ လုပ်ကွက်အတွင်းမှ ကျောက်စိမ်းတုံးကြီးကို တူးယူသွားသော ရေမဆေးသမား ဦးဆောင်သူငါးဦးအား ခိုးခြောက်မှုဖြင့် ရဲတပ်ဖွဲ့က အမှုဖွင့်ထားကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဧပြီ ၂၆ ရက်က ဖားကန့်မြို့နယ် မော်ပုံကျေးရွာရှိ တောက်ပကြယ်ကုမ္ပဏီ၏ လုပ်ကွက်ထဲတွင် ရေမဆေးသမားများက ကျောက်တူးဖော်နေစဉ် ခန့်မှန်းခြေ အလေးချိန် ၈ တန်ခန့်ရှိ ကျောက်စိမ်းတုံးကြီးတစ်တုံးကို တွေ့ရှိခဲ့သည်။ "ကျောက်စိမ်းတုံးကို မသယ်ဖို့ တာဝန်ရှိသူတွေက တားမြစ်တာကို မလိုက်နာလို့ အမှုဖွင့်ထားတယ်"ဟု ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး မျိုးသူရနောင်က ပြောသည်။

အဆိုပါ ရေမဆေးကျောက်သမားများက ကျောက်စိမ်းတုံးကို ယူဆောင်ထားစဉ် နိုင်ငံတော်နှင့် အကျိုးတူလုပ်ကိုင်နေသော တောက်ပကြယ်ကုမ္ပဏီက ရေမဆေးကျောက်သမားများအား ကျပ်သိန်း ၁၃၀၀ ဖြင့် တန်ဖိုးဖြတ်ပေးခဲ့ပြီး မြစ်ကြီးနားမြို့ ကျောက်မျက်ရုံးသို့ ဧပြီ ၂၉ ရက်၌ လုံခြုံရေးအစောင့်အရှောက်ဖြင့် သယ်ဆောင်လာခဲ့ကြောင်း သိရသည်။

ထို့နောက် ရေမဆေးသမား ခေါင်းဆောင်ငါးဦးကို ခိုးခြောက်တောင်းယူမှု ရာဇသတ်ကြီးဥပဒေဖြင့် ဧပြီ ၃၀ ရက်တွင် လုံးခင်းရဲစခန်းသို့ အမှုဖွင့်ထားခြင်းဖြစ်ကြောင်းနှင့် အဆိုပါ အမှုဖွင့်ခံရသည့် ရေမဆေးသမား ငါးဦးမှာ မေ ၃ ရက်အထိ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



# စက်ရုံလုပ်သားများအတွက်ထုတ်လုပ်သည့် Shwe Job မိုဘိုင်းအပလီကေးရှင်း မိတ်ဆက်




**ရန်ကုန် မေ ၅**
ဥရောပသမဂ္ဂနှင့် GIZ အဖွဲ့အစည်းတို့၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် SMART Myanmar စီမံကိန်းက အကောင်အထည်ဖော်ထုတ်လုပ်ခဲ့သည့် စက်ရုံလုပ်သားများအတွက်ရည်ရွယ်သော ရွှေဂျော့(Shwe Job) မိုဘိုင်းအပလီကေးရှင်းမိတ်ဆက်ပွဲကို ရန်ကုန်မြို့လှိုင်သာယာမြို့နယ်ရှိ ဆန်းဒေးကဖေး(၂)၌ မေ ၁ ရက် အလုပ်သမားနေ့က ပျော်ပွဲရွှင်ပွဲများနှင့်အတူ ကျင်းပခဲ့သည်။

ရွှေဂျော့ မိုဘိုင်းအပလီကေးရှင်းသည် SMART Myanmar စီမံကိန်းက ဖန်တီးထုတ်လုပ်ခြင်းဖြစ်ပြီး အလုပ်သမားများအနေဖြင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများကို သိရှိစေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အလုပ်သမားအခွင့်အရေးများနှင့်သက်ဆိုင်သော ဥပဒေများကို နားလည်လာစေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။ အပလီကေးရှင်းထဲတွင် အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများအပြင် ဥပဒေနှင့်အခွင့်အရေးများစသည့် ကဏ္ဍများကိုလည်း စက်ရုံလုပ်သားများ သိရှိစေရန်ရည်ရွယ်၍ စနစ်တကျ ထည့်သွင်းပေးထားကြောင်း သိရသည်။

SMART Myanmar စီမံကိန်း အဖွဲ့အစည်းသည် ဥရောပသမဂ္ဂ၏ ရန်ပုံငွေ ထောက်ပံ့ပေးမှုဖြင့် အထည်ချုပ်စက်ရုံ လုပ်ငန်းများ၏ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်း စီမံခန့်ခွဲမှုစနစ်များ ပိုမိုကောင်းမွန်လာစေရေး၊ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားထိန်းသိမ်းလာတတ်စေရေး စသည်ဖြင့် ကဏ္ဍအသီးသီးတွင် စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် စက်ရုံလုပ်ငန်းခွင်များရှိ အမျိုးသမီးများ၏ လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမား ဥပဒေဆိုင်ရာ အသိပညာများ မျှဝေပေးရေးတို့အပါအဝင် အမျိုးသမီးထုတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာစေရန် စသည့်တို့ကိုရည်ရွယ်၍ ၂၀၁၃ ခုနှစ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ကာ စီမံကိန်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဈေးနှုန်းတည်ငြိမ်ပြီး အရောင်းအဝယ်အေးလာ

**ရန်ကုန် မေ ၅**
ပြီးခဲ့သော မတ်လအတွင်းမှစ၍ ဧပြီတစ်လလုံးနှင့် မေလဆန်းအထိ ဒေါ်လာဈေးနှုန်း ထူးခြားစွာပြောင်းလဲခြင်းမရှိသောကြောင့် ဒေါ်လာဈေးအပေါ် အခြေပြု၍ ဈေးနှုန်းပြောင်းတတ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများမှာလည်း ဈေးနှုန်းတည်ငြိမ်နေကြောင်းနှင့် ယခုမေလဆန်းအချိန်သည် ကျောင်းဖွင့်ချိန်နီးလာပြီဖြစ်သည့်အတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ရောင်းအားကောင်းခဲ့သော ဖေဖော်ဝါရီနှင့် မတ်လများထက် ရောင်းအားလျော့နည်းကာ အရောင်းအေးလာကြောင်း ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်း ကွန်ပျူတာဈေးကွက်အတွင်းရှိ ဆိုင်အချို့မှ သိရသည်။

“ပုံမှန်အားဖြင့်ဆိုရင် ဇန်နဝါရီကနေ ဧပြီလောက်အထိက ကွန်ပျူတာတွေရောင်းအား အကောင်းဆုံးအချိန်ပေါ့။ Desktop ရော၊ Laptop ရော အရောင်းအဝယ်တွေ ရှိကြတယ်။ အခု အရောင်းအေးလာတယ်ဆိုတာကလည်း ရှေ့က ရောင်းအားကောင်းတဲ့လတွေနဲ့ ယှဉ်ရင် လျော့လာတာပါ။ နှစ်စဉ် ဒီလိုအချိန်မှာ ရောင်းရတဲ့ ရောင်းအားအတိုင်း ပုံမှန်တော့ ရောင်းနေရပါတယ်”ဟု ဆိပ်ကမ်းသာလမ်းရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။

ကွန်ပျူတာဈေးကွက်တွင် နှစ်စဉ် နွေကျောင်းပိတ်ရက်များစချိန် ဇန်နဝါရီလကုန်ပိုင်းမှ ဧပြီလကုန်အထိသည် ကွန်ပျူတာများ ရောင်းအားအကောင်းဆုံးဖြစ်ကြောင်း၊ ထိုလများတွင် ကွန်ပျူတာသင်တန်းများ၊ ဂိမ်းဆိုင်များက Desktop ကွန်ပျူတာ အစုံလိုက်ကို အရေအတွက်အများအပြား ဝယ်ယူလေ့ရှိကြသည့်အပြင် ကျောင်းသား ကျောင်းသူတစ်ဦးချင်း အသုံးပြုရန် လက်ပ်တော့ပ်နှင့် Notebook များကိုလည်း ယခုနှစ်များတွင် ဝယ်ယူမှုများလာကြရာ စားပွဲတင်ကွန်ပျူတာများရော၊ လက်ပ်တော့ပ်နှင့် Notebook များပါ ရောင်းအားကောင်းကြောင်း သိရသည်။

ထို့အပြင် တစ်ပတ်ရစ်ကွန်ပျူတာဈေးကွက်တွင်လည်း သင်တန်းများက ပြန်လည်ရောင်းချသော တစ်ပတ်ရစ်ကွန်ပျူတာများနှင့် ဂျပန်နိုင်ငံမှ တင်သွင်းရောင်းချသော ဈေးနှုန်းချိုသာသည့် တစ်ပတ်ရစ် လက်ပ်တော့ပ်များမှာ ဝယ်ယူသူများပြားခဲ့ကြောင်း သိရသည်။ သင်တန်းများက ပြန်လည်ရောင်းချသည့် တပတ်ရစ် Desktop ကွန်ပျူတာများကို ရောင်းချရာတွင်မူ ဆိုင်များတွင် ပြန်တင်၍ ရောင်းချသည်က နည်းပါးပြီး ရောင်းသူဝယ်သူ တိုက်ရိုက်တွေ့ဆုံရောင်းချခြင်းက ပိုများကြောင်း၊ ဂျပန်နိုင်ငံမှ တစ်ပတ်ရစ်လက်ပ်တော့ပ်များကိုမူ တစ်ပတ်ရစ်ပစ္စည်းအဖြစ် ကြော်ငြာ၍ အာမခံပေးကာ ရောင်းချသည့်ဆိုင်အများအပြားရှိပြီး ဈေးနှုန်းသက်သာခြင်းနှင့် အရည်အသွေးပိုင်းတွင် အတော်အသင့် ကောင်းမွန်ခြင်းတို့ကြောင့် ဂျပန်တစ်ပတ်ရစ်လက်ပ်တော့ပ်များမှာ ဈေးကွက် အခိုင်အမာရှိနေကြောင်း သိရသည်။




ဈေးနှုန်းအနေဖြင့်မူ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ဈေးကွက်သည် ရောင်းအားအပေါ် မူတည်၍ ဈေးပြောင်းလဲခြင်းမျိုး မရှိဘဲ ဒေါ်လာဈေးနှုန်းအပေါ်တွင် မူတည်၍သာ ဈေးနှုန်းပြောင်းလဲခြင်းရှိသဖြင့် လက်ရှိအချိန်တွင် ဒေါ်လာဈေးမှာ တည်ငြိမ်နေသောကြောင့် ထူးထူးခြားခြား ဈေးနှုန်းအပြောင်းအလဲများ မရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဧပြီလဆန်း ၃ ရက်တွင် ရန်ကုန်မြို့ဈေးကွက် ပြင်ပလဲလှယ်နှုန်း ၁၃၅၂ ကျပ် ရှိခဲ့သော ဒေါ်လာဈေးနှုန်းသည် ဧပြီ ၂၅ ရက်တွင် ၁၃၅၃ ကျပ်ရှိကာ မေ ၃ ရက်တွင် ၁၃၅၀ ကျပ်ဖြစ်သည်။ ဒေါ်လာဈေးနှုန်းသည် မတ်လအတွင်းမှစ၍ ယခုအချိန်အထိ ကျပ် ၁၃၅၀ ဝန်းကျင်နှင့် အများဆုံး ၁၃၆၀ ခန့်တွင်သာ တည်ငြိမ်နေသဖြင့် ကွန်ပျူတာဈေးကွက်မှာလည်း ဈေးနှုန်းများ တည်ငြိမ်လျက်ရှိသည်။ **သူရဖြိုး**

# တယ်လီနော၏ ဒစ်ဂျစ်တယ်နည်းပညာ နွေရာသီသင်တန်း ပထမဆုံးဖွင့်လှစ်

**ရန်ကုန် မေ ၅**
ကျေးလက်ဒေသများနှင့် ပြည်နယ်များရှိ တိုင်းရင်းသားများ၏ ဒေသများမှ လူငယ်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာများအပေါ် သိနားလည်မှု တိုးတက်မြင့်မားလာရေးအတွက် အထောက်အကူဖြစ်စေရန် တယ်လီနောမြန်မာက ဖွင့်လှစ်သည့် ဒစ်ဂျစ်တယ်နည်းပညာတတ်ကျွမ်းမှု နွေရာသီသင်တန်းကို ပထမဆုံးအကြိမ်အဖြစ် မေ ၂ ရက်က ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဖွင့်လှစ်ခဲ့သည်။

ရှေ့ပြေးအဖြစ်ဖွင့်လှစ်ခဲ့သည့် ယင်းနွေရာသီသင်တန်းတွင် အလယ်တန်းနှင့်အထက်တန်း ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက်ကြပြီး တစ်ရက်လျှင် ၃ နာရီကြာ ကွန်ပျူတာနှင့် စမတ်ဖုန်း အခြေခံကျွမ်းကျင်မှု၊ လူမှုကွန်ရက်မိတ်ဆက်နှင့် ဘေးကင်းသောအင်တာနက်အသုံးပြုမှု စသည်တို့ကို လေ့လာသင်ယူကြရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ် နည်းပညာ တတ်ကျွမ်းမှု နွေရာသီသင်တန်းကို သင်တန်းကို မေ ၂ ရက်မှ ၁၂ ရက်အထိ ပထမအသုတ်နှင့် မေ ၁၅ ရက်မှ ၂၆ အထိကို ဒုတိယအသုတ်အဖြစ် ဖွင့်လှစ်မည်ဖြစ်ကာ တစ်သုတ်လျှင် ကျောင်းသား ကျောင်းသူ ၁၀၀ ခန့်စီ တက်ရောက်ကြမည်ဖြစ်ကြောင်း၊ သင်တန်း တွင် တယ်လီနောနှင့် ကယားပြည်နယ် အလင်းအိမ်စင်တာ လုပ်ငန်းရှင်များက ပူးပေါင်းဖွင့်လှစ်ခဲ့သော ဆရာဖြစ်သင်တန်း အောင်မြင်ပြီးဆုံးခဲ့သည့် ဒေသခံလူငယ်ဆရာ ၁၀ ဦးတို့က သင်ကြားပို့ချပေးကြောင်း သိရသည်။ **သူရဖြိုး**

New Product

# ဆယ်လ်ဖီကင်မရာနှစ်လုံးပါတဲ့ Oppo F3 စမတ်ဖုန်းသစ်

ဆယ်လ်ဖီကင်မရာ နှစ်လုံး ပါဝင်တဲ့ စမတ်ဖုန်းမော်ဒယ်သစ် Oppo F3 ကို မေ ၄ ရက်က နိုင်ငံတကာဈေးကွက်မှာ မိတ်ဆက်ခဲ့ပါတယ်။ ကင်မရာပိုင်းဆိုင်ရာ အားသာချက်တွေနဲ့ ဖုန်းသစ်တွေထုတ်တဲ့ Oppo ဟာ အခု F3 စမတ်ဖုန်းကိုလည်း ဆယ်လ်ဖီကင်မရာပိုင်း အားသာချက်တွေနဲ့ မိတ်ဆက်ခဲ့တာဖြစ်ပါတယ်။

Oppo F3 စမတ်ဖုန်းဟာ မျက်နှာပြင် ၅ ဒသမ ၅ လက်မရှိလို့ အရွယ်အစားကြီးတဲ့ဖုန်းမျိုးထဲမှာ ပါဝင်ပြီး ရုပ်ထွက်အရည်အသွေးအနေနဲ့ 1080x1920 pixels ရှိလို့ ရုပ်ထွက်ပိုင်း ကောင်းမွန်ပါတယ်။ ဖုန်းမျက်နှာပြင်ကို Corning Gorilla Glass 5 ဖုံးအုပ်ထားလို့ ခြစ်ရာ၊ အစင်းရာ ထင်တာတွေကို ကာကွယ်ပေးနိုင်ပါတယ်။ လက်ငါးချောင်း တစ်ပြိုင်တည်းထိသုံးနိုင်တဲ့ Multi touch စနစ်ကို သုံးထားပါတယ်။

အန်းဒရွိုက်ဗားရှင်းကတော့ 6.0(Marshmallow)ကို သုံးထားပြီး CPU က Octa-core 1.5GHz နဲ့ RAM က 4GB ရှိလို့ အပလီကေးရှင်းအမျိုးမျိုး၊ ဂိမ်းအမျိုးမျိုးကို ပေါ့ပေါ့ပါးပါး အသုံးပြုနိုင်မှာဖြစ်ပါတယ်။ မင်မိုရီပိုင်းမှာတော့ အင်တာနယ်မင်မိုရီအနေနဲ့ 64GB အထိ ပါဝင်လို့ မင်မိုရီပမာဏ များပြားသလို မင်မိုရီကတ်ထပ်စိုက်သုံးမယ်ဆိုရင်လည်း 256 GB အထိ ထပ်တိုးသုံးနိုင်အောင် ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာတော့ တစ်ခုခုထူးခြားမှုရှိအောင်လုပ်လေ့ရှိတဲ့ Oppo ရဲ့ ထုံးစံအတိုင်း ၁၆ မဂ္ဂါပစ်ဇယ် ဆယ်လ်ဖီကင်မရာတစ်လုံးနဲ့ ၈ မဂ္ဂါပစ်ဇယ် ဆယ်လ်ဖီကင်မရာတစ်လုံးကို ပေါင်းထားတဲ့ Dual Selfie ကင်မရာ ပါဝင်လို့ ဆယ်လ်ဖီဝါသနာရှင်တွေအဖို့ အထူးစိတ်ဝင်စားစရာဖုန်းတစ်လုံး ဖြစ်လာမှာဖြစ်ပါတယ်။ နောက်ကင်မရာကတော့ ၁၃ မဂ္ဂါပစ်ဇယ်ရှိပြီး အရည်အသွေးမြင့်ဓာတ်ပုံတွေ ရိုက်ကူးနိုင်မယ့် လုပ်ဆောင်ချက်တွေနဲ့အတူ ဗီဒီယိုကိုလည်း 2160 pixels အရည်အသွေးရှိတဲ့ HD ဗွီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။




မေ ၄ ရက်က စတင်မိတ်ဆက်ပြီးနောက်မှာ နိုင်ငံတကာက မိုဘိုင်းဖုန်းအကြောင်း ရေးသားဖော်ပြတဲ့ ဝက်ဘ်ဆိုက်တွေမှာလည်း Oppo F3 ရဲ့ Dual Selfie ကင်မရာဟာ မှတ်ချက်ကောင်းတွေ ရနေတာ တွေ့ရပါတယ်။ အခြား ကောင်းမွန်တဲ့ အချက်တစ်ခုကတော့ on the go စနစ်ကို ထောက်ပံ့ပေးထားလို့ USB ပေါက်ကနေ On the go နဲ့ ဆက်သွယ်လုပ်ဆောင်နိုင်တဲ့ လုပ်ဆောင်ချက်တွေ အများကြီးကိုပါ သုံးနိုင်ခြင်း ဖြစ်ပါတယ်။

မိုဘိုင်းနက်ဝပ်အနေနဲ့တော့ GSM ဆင်းကတ် နှစ်ကတ်စိုက်သုံးနိုင်ပြီး အင်တာနက်အတွက် 4G(LTE)ကို ထောက်ပံ့ပေးထားပါတယ်။ ဖုန်းရဲ့ လုံခြုံရေးအတွက် Finger Print စနစ်လည်း အသုံးပြုနိုင်ပါတယ်။ ဘက်ထရီပိုင်းမှာတော့ 3200 mAh ဘက်ထရီကို သုံးထားလို့ စွမ်းဆောင်ရည်မြင့်ပြီး အချိန်တိုအတွင်း အားသွင်းနိုင်တဲ့ Fast Charging စနစ်လည်း ပါဝင်ပါတယ်။ **သူရဖြိုး**

# ပဉ္စမအကြိမ်မြောက် အမျိုးသားသတင်းဆုချီးမြှင့်ပွဲအတွက် အူရီဒူးမြန်မာက ဆုသုံးဆု ကူညီပံ့ပိုး

**ရန်ကုန် မေ ၅**
မြန်မာနိုင်ငံသတင်းစာဆရာအသင်းက ကြီးမှူး၍ မေ ၃ ရက်က ကျင်းပခဲ့သည့် ပဉ္စမအကြိမ်မြောက် အမျိုးသားသတင်းဆု ချီးမြှင့်ပွဲတွင် မြန်မာ့သတင်းအခန်းကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် သတင်းသူရဲကောင်းဆု၊ အကောင်းဆုံး သတင်းဆောင်းပါးဆုနှင့် အကောင်းဆုံး ရုပ်/သံ သတင်းဆု တို့ကို အူရီဒူးမြန်မာက ချီးမြှင့်ပေးခြင်းဖြင့် အားပေးကူညီခဲ့ကြောင်း သိရသည်။

အူရီဒူးမြန်မာအနေဖြင့် မြန်မာ့ဆက်သွယ်ရေးအခန်းကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံရုံသာမက မြန်မာနိုင်ငံနှင့်လူမျိုး တိုးတက်ဖွံ့ဖြိုးမှုအတွက်လည်း ပံ့ပိုးကူညီပေးလျက်ရှိရာ သတင်းမီဒီယာအခန်းကဏ္ဍမှာ ပြည်သူလူထုအတွက် အလွန်ပင် အရေးပါလှသောကြောင့် အူရီဒူးမြန်မာအနေဖြင့် မြန်မာသတင်းထောက်များ၏ ကြိုးစားဆောင်ရွက်မှုကို ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် မြန်မာ့သတင်းစာကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးမှုကို ထောက်ပံ့ပေးရန်ရည်ရွယ်၍ အဆိုပါဆုသုံးဆု ချီးမြှင့်ရန် ပံ့ပိုးပေးခြင်းဖြစ်ကြောင်း အူရီဒူးမြန်မာ၏ မားကတ်တင်းအရာရှိချုပ် Ms. Charity Safford ထံမှ သိရသည်။

အူရီဒူးမြန်မာအနေဖြင့် ၂၀၁၆ ဒီဇင်ဘာလအတွင်းက ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် သက်ကြီးသတင်းစာဆရာများ ပူဇော်ပွဲတွင်လည်း ကန်တော့ပစ္စည်းများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **သူရဖြိုး**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## ဒု-ဦးစီးမှူး(စက်/လျှပ်)(မြို့ပြ)ရာထူးနေရာများအတွက်
# ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း
### ကြော်ငြာစာအမှတ်(၂/၂၀၁၇)
### ၂၀၁၇ခုနှစ် မေ ၄ရက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနလက်အောက်တွင် လစ်လပ်လျက်ရှိသော ဒု-ဦးစီးမှူး (စက်/လျှပ်)/(မြို့ပြ)ရာထူးနေရာများတွင် ခန့်ထားရန် ၁၈-၃-၂၀၁၇ ရက်တွင် ပြုလုပ်ခဲ့သော ရေးဖြေစာမေးပွဲ၌ အောင်မြင်ခဲ့သူများ၏စာရင်းကို အောက်ပါအတိုင်းထုတ်ပြန်ကြေညာလိုက်သည်-

(က) (၁၅-၅-၂၀၁၇)ရက် နံနက် ၉း၃၀နာရီတွင်
လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ

| | | | |
|---|---|---|---|
| EP-1008 | EP-603 | EP-156 | EP-350 |
| EP-457 | EP-925 | EP-1163 | EP-625 |
| EP-1247 | EP-13 | EP-1041 | EP-175 |
| EP-74 | EP-247 | EP-249 | EP-76 |
| EP-81 | EP-631 | EP-1072 | EP-1214 |
| EP-52 | EP-229 | EP-487 | EP-572 |
| EP-928 | EP-1289 | EP-202 | EP-314 |
| EP-372 | EP-53 | EP-191 | EP-440 |
| EP-488 | EP-497 | | |

(ခ) (၁၆-၅-၂၀၁၇)ရက် နံနက် ၉း၃၀နာရီတွင်
လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ

| | | | |
|---|---|---|---|
| EP-684 | EP-695 | EP-827 | EP-1026 |
| EP-1274 | EP-59 | EP-239 | EP-1213 |
| EP-380 | EP-757 | EP-909 | EP-1055 |
| EP-489 | EP-659 | EP-995 | EP-135 |
| EP-949 | EP-1093 | EP-25 | EP-73 |
| EP-312 | EP-319 | EP-325 | EP-445 |
| EP-461 | EP-492 | EP-1152 | EP-1341 |
| EP-1202 | EP-1201 | EP-119 | EP-397 |
| EP-1228 | EP-105 | | |

(ဂ) (၁၇-၅-၂၀၁၇)ရက် နံနက် ၉း၃၀နာရီတွင်
လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ

| | | | |
|---|---|---|---|
| EP-617 | EP-300 | EP-125 | EP-444 |
| EP-48 | EP-134 | EP-633 | EP-1226 |
| EP-65 | EP-403 | EP-694 | EP-705 |
| EP-117 | EP-1 | EP-619 | EP-1339 |
| EP-788 | EP-932 | EP-1018 | EP-1179 |
| EP-1318 | EP-1338 | EC-105 | EC-2 |
| EC-1 | EC-51 | EC-118 | EC-31 |
| EC-86 | EC-291 | EC-304 | EC-128 |
| EC-155 | EC-190 | | |

(ဃ) (၁၈-၅-၂၀၁၇)ရက် နံနက် ၉း၃၀နာရီတွင်
လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ

| | | | |
|---|---|---|---|
| EC-76 | EC-221 | EC-210 | EC-114 |
| EC-209 | EC-10 | EC-322 | EC-125 |
| MP-112 | MP-22 | MP-9 | MP-10 |
| MP-110 | MP-57 | MP-65 | MP-60 |
| MP-106 | MP-118 | IT-48 | IT-22 |
| IT-47 | IT-14 | IT-23 | IT-31 |
| IT-13 | IT-24 | IT-26 | IT-6 |
| IT-36 | Civil-76 | Civil-121 | Civil-19 |
| Civil-199 | Civil-172 | | |

(င) (၁၉-၅-၂၀၁၇)ရက် နံနက် ၉း၃၀နာရီတွင်
လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ

| | | | |
|---|---|---|---|
| Civil-244 | Civil-128 | Civil-54 | Civil-66 |
| Civil-74 | Civil-20 | Civil-112 | Civil-236 |
| Civil-49 | Civil-156 | Civil-28 | Civil-135 |
| Civil-181 | Civil-216 | Civil-80 | Civil-83 |
| Civil-64 | Civil-65 | Civil-143 | Civil-85 |
| Civil-75 | Civil-100 | Civil-8 | Civil-34 |
| Civil-81 | Civil-231 | Civil-114 | Civil-123 |
| Civil-72 | Civil-40 | Civil-43 | Civil-97 |
| Civil-125 | Civil-246 | | |

**သတင်းပို့ရမည့်နေ့ရက်နှင့်အချိန်။** ဖြေဆိုမည့်နေ့ရက်မတိုင်မီ တစ်ရက်ကြိုတင်၍ နံနက်၉နာရီမှ ၁၆း၀၀နာရီအတွင်း သတင်းပို့ရန်။

**သတင်းပို့/ဖြေဆိုမည့်နေရာ။** စီမံခန့်ခွဲရေးဌာန၊ ဌာနခွဲ(၁)၊ ဌာနစု(၁) လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန(ရုံးချုပ်)၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် ၂၇၊ (နေပြည်တော်)။

၂။ လူတွေ့ဖြေဆိုမည့်သူများသည် သတ်မှတ်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါစာရွက် စာတမ်းများနှင့်အတူ အချိန်မီ သတင်းပို့ရမည်ဖြစ်ပါသည်-
- (က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း/မိတ္တူ)
- (ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း/မိတ္တူ)
- (ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းသက်သေခံကတ်ပြား(သို့မဟုတ်) သက်ဆိုင်ရာ တာဝန်ခံအရာရှိထောက်ခံချက်
- (ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်
  - (၁) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)
  - (၂) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်(မူရင်း)
  - (၃) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်(မူရင်း) (လွန်ခဲ့သော ခြောက်လအတွင်း ရယူထားသော ထောက်ခံချက်ဖြစ်ရမည်)

၃။ လူတွေ့ဖြေဆိုမည့်သူများသည် သတ်မှတ်ရက်များတွင် မပျက်မကွက်လာရောက်သတင်းပို့/ဖြေဆိုကြရန်နှင့် ပျက်ကွက်ပါက ခန့်ထားရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
# ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (လျှပ်စစ်စစ်ဆေးရေး)မှ လျှပ်စစ်ကျွမ်းကျင်မှု မွမ်းမံသင်တန်းအမှတ်စဉ် ၁/၂၀၁၇ ကို ၁၅-၅-၂၀၁၇ရက် မှ ၇-၇-၂၀၁၇ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၄င်းသင်တန်းကို ဌာနဆိုင်ရာ ဝန်ထမ်းမဟုတ်သော ပြင်ပမှတက်ရောက်လိုသည့် အနိမ့်ဆုံးပညာအရည်အချင်း A.G.T.I (Electrical Power)/A.G.T.I(Electronic) အောင်မြင်ပြီးသူ မည်သူမဆို ၁၁-၅-၂၀၁၇ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**လျှပ်စစ်စစ်ဆေးရေးသင်တန်းဌာန**
**အမှတ် ၃၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၄၂၈၉၊ ၀၁-၆၆၃၇၅၃**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ဆေးသုတေသနဦးစီးဌာန
## အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဌာနအတွက် အသုံးပြုရန်လိုအပ်သော သုတေသနဓာတ်ခွဲခန်းသုံးစက်နှင့်စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

